# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၃၃)




## ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာနှင့် မြန်မာ့သစ်တောများအခြေအနေ

*ဆောင်းပါး* စာ ➢ ၆

## ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကိုဗစ်-၁၉ ဆန့်ကျင်ဆန္ဒပြသူ ၃၀၀ ကို ဖမ်းဆီးထိန်းသိမ်း


စာ ➢ ၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

စာ ➢ ၁၇

# ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၆ ဦးအား ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံသား ၉၀၊ နယူးဇီလန်နိုင်ငံမှ မြန်မာနိုင်ငံသား ၁၆ ဦး၊ မြန်မာသဘော်သား ၃၀ စုစုပေါင်း ၁၃၆ ဦးတို့အား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ဩစတြေးလျနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် လေးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိပ်ဖြူမြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဆိပ်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းက ဆိပ်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍

*စာမျက်နှာ ၁၅ ကော်လံ ၁* ❁

## အချပ်ပို (၁၆) မျက်နှာပါရှိ

ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အချပ်ပို (၁၆) မျက်နှာဖြင့် ဖော်ပြထားပါသည်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အရှိန်မြင့်လာသည့် ရောဂါကို ထိန်းချုပ်နိုင်ရေး

ကိုဗစ်-၁၉ ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအတည်ပြုလူနာ ကိန်းဂဏန်းများ နေ့စဉ် လျှင်လျှင်မြန်မြန် တိုးလာနေသည်။ ပြည်တွင်းရောဂါပိုးတွေ့ရှိမှု ဇယား၏ ထိပ်ဆုံးနေရာတွင် လူဦးရေ ထူထပ်များပြားလှသည့် ရန်ကုန်တိုင်းဒေသကြီးက တစ်သမတ်တည်း ရှိနေခဲ့သော်လည်း လက်ရှိအခြေအနေတွင် ရက်ပိုင်းမျှနှင့် ရခိုင်ပြည်နယ်က ဇယား၏ထိပ်ဆုံးသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်မှု ရုတ်တရက် များပြားလာရခြင်း၏အကြောင်းရင်းမှာ ရောဂါလက္ခဏာပြသခြင်းမရှိဘဲ ရောဂါကူးစက်ခံထားရသူများ ပုံမှန်အတိုင်းသွားလာနေထိုင် ထိတွေ့ဆက်ဆံကြရာမှ တစ်ဦးနှင့် တစ်ဦး ကူးစက်မိပြီး ရုတ်တရက် ရောဂါပေါ်ပေါက်လာခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်အရ မျိုးဗီဇ အစိတ်အပိုင်းတစ်ခုတွင် ပြောင်းလဲနေသည်ကို တွေ့ရှိရသည့်အတွက် ယင်းအချက်ကြောင့်ပင် ရောဂါကူးစက်မှု မြန်ဆန်နေရခြင်းဖြစ်သည်ဟု ယူဆထားပြီး မျိုးဗီဇစစ်ဆေးမှု ဆက်လက်ပြုလုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသူများ၏ ၇၉ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာမပြဘဲ နေကောင်းနေသူများ အသွင်ရှိနေခြင်းကလည်း စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲမှုနှင့် ကူးစက်ခံရသူများတွင် ရောဂါလက္ခဏာမတွေ့ရှိရမှုတို့က ကူးစက်မှုအရှိန်အဟုန်ကို မြင့်စေပြီး လျင်မြန်စွာပင် ပျံ့နှံ့သွားနိုင်သည့်အတွက် အရေးတကြီး အကြောင်းကိစ္စမရှိပါက အိမ်ပြင်သို့ မထွက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ခြင်း၊ အပြင်ထွက်သူများ၊ ပါးစပ်နှာခေါင်းစည်း မပျက်မကွက် တပ်ဆင်သွားခြင်း၊ မိမိလက်ကိုဆပ်ပြာနှင့် ရေတို့ဖြင့် စနစ်တကျ စင်ကြယ်စွာ ဆေးကြောခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြရန် အရေးကြီးလှသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေးတွင် လူတိုင်းကိုယ်စီ တစ်ဦးချင်းတာဝန်ယူမှုနှင့် စုပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့က အရေးပါကြောင်း သာဓကများရှိခဲ့ပြီးဖြစ်သည်။ ယင်းအချက်များကို အလေးမထားခဲ့သည့်အတွက် ကပ်ရောဂါ၏ ဖိစီးနှိပ်စက်ထိုးနှက်မှုကို အလူးအလဲ ခံစားကြရသည်ကိုလည်း နိုင်ငံတကာဖြစ်စဉ်များတွင် တွေ့မြင်နိုင်သည်။ ယခုအခါ မိမိတို့နိုင်ငံတွင် ရခိုင်ပြည်နယ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်ရမည့် ရှေ့တန်းမျက်နှာစာ ဖြစ်လာသည့်အလျောက် ရောဂါထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလူမှုရေးဖြည့်ဆည်းမှုများကို အားထည့်ဆောင်ရွက်ရသည့်နေရာ ဖြစ်လာသည်။

ထို့အပြင် ရခိုင်ပြည်နယ်မှ ပြည်ထောင်စု၏ အခြားဒေသအသီးသီးသို့ သွားရောက်ကြသူများမှတစ်ဆင့် ပြည်တွင်းကူးစက်မှုများ အဆင့်ဆင့် ထပ်မံဖြစ်ပွားမည့်အခြေအနေကို အလျင်အမြန်ကာကွယ်တားဆီးနိုင်ရန်လည်း လိုအပ်လာသည်။ ဩဂုတ်လ ၁၀ ရက်နေ့မှ ဤနောက်ပိုင်းရက်များအတွင်း ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ စာရင်းကို နိုင်ငံပိုင်မီဒီယာများမှ ထုတ်ပြန်ပေးလျက်ရှိရာ ကာယကံရှင်များ အနေဖြင့် သက်ဆိုင်ရာသို့ သတင်းပို့ပြီး ကျန်းမာရေးစစ်ဆေးမှုကို ခံယူကြရန် လိုအပ်နေသည်။ ရန်ကုန်မှတစ်ဆင့် ခရီးဆက်ကြသူများလည်း ရှိနိုင်သည့်အလျောက် ရောက်ရာဒေသရှိ နီးစပ်ရာ ကျန်းမာရေး ဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများထံ သတင်းပို့ကြရမည်ဖြစ်သည်။ မြန်မြန်စစ်ဆေးကာ ရောဂါပိုးတွေ့ရှိပါကလည်း အချိန်မီကုသနိုင်ခြင်းဖြင့် မိမိနှင့်တကွ မိသားစုကိုရော ပတ်ဝန်းကျင်ကိုပါ ရောဂါကူးစက်မှုမှ ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း။ ။

## ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေရသောလုပ်ငန်းများ ကိုဗစ်-၁၉ ကာလ ထိရောက်စွာဆောင်ရွက်နိုင်ရန် စည်းကမ်းချက်များနှင့်အညီ အင်အားဖြည့်တင်းနိုင်ရေး ညှိနှိုင်းဆွေးနွေး




**နေပြည်တော် ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လက်ရှိ တာဝန်ယူ ဆောင်ရွက်နေရသော လုပ်ငန်းများကို ကိုဗစ်-၁၉ ကာလတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ အင်အားဖြည့်တင်းနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းက Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာနများ၏ ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP) စီမံချက်နှင့် ဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစတင်၍ ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး စီမံချက်များအရ IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ အသိပညာပေးမှုများ၊ စားနပ်ရိက္ခာထောက်ပံ့မှုများ၊ ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့မှုများ၊ ရေရရှိရေးနှင့် အဆောက်အအုံလိုအပ်ချက် ပံ့ပိုးမှုများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ထို့အပြင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူးရုံးအနေဖြင့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးရာတွင် မြေပြင်အခြေအနေအရ လိုအပ်ချက်များကို အချိန်နှင့်အမျှစိစစ်ရန် လိုအပ်ကြောင်း၊ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ရောဂါကူးစက်ပျံ့နှံ့မှုနှုန်းများပြားလာ၍ ပြည်နယ်ရှိ မိမိတို့ဌာနများ၏ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အင်အားလိုအပ်ချက်များ ရှိလာပြီဖြစ်ကြောင်း၊ ထိုလိုအပ်ချက်များကို ကိုဗစ်-၁၉ ကာလထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ရန် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးရာတွင် အတွေ့အကြုံရှိပြီးဖြစ်သော အမှုထမ်း၊ အရာထမ်းများက ရခိုင်ပြည်နယ်သို့ မိမိတို့ဆန္ဒအလျောက် ခေတ္တသွားရောက်ကူညီပေးနိုင်ရေး၊ ဝန်ထမ်းများ၏ နေထိုင်ရေး၊ စားသောက်ရေးတို့ကို စီစဉ်ပံ့ပိုးပေးနိုင်ရေး၊ တာဝန်ထမ်းဆောင်ရာတွင် ရောဂါကူးစက်ခံရမှုမရှိစေရန် ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေး လမ်းညွှန်ချက်များကို တိကျစွာလိုက်နာစေရေး၊ ရောဂါအကာအကွယ်ပစ္စည်းများ လုံလောက်မှုရှိအောင် ဖြန့်ဝေပေးနိုင်ရေး၊ ရခိုင်ပြည်နယ်သို့ ပေးပို့ထားသော စေတနာ့ဝန်ထမ်းများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများကို ချိတ်ဆက်ပူးပေါင်း၍ Quarantine Center များတွင် စနစ်တကျ ပါဝင်ကူညီနိုင်ရေး၊ စေတနာ့ဝန်ထမ်းများ ကူးစက်ခံရမှုမရှိစေရန် အထူးဂရုပြုဆောင်ရွက်စေနိုင်ရေး၊ တစ်ကိုယ်ရေလုံခြုံရေးအကာအကွယ်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရေးနှင့် အရည်အသွေးပြည့်မီစေရေး၊ လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် CERP အစီအစဉ်အရ ထောက်ပံ့ကူညီမှုများပေးရာတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် နှောင့်နှေးခြင်း မရှိစေရန် ရခိုင်ပြည်နယ်အတွင်း အကျိုးခံစားခွင့်ရှိသူများအားလုံး လိုအပ်ချိန်တွင် ရရှိခံစားနိုင်စေရေး အားဖြည့်စီစဉ် ဆောင်ရွက်ပေးနိုင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာန များ၊ ရခိုင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ် - ၁၉ ချေးငွေများ အချိန်မီရရှိစေရေး ကုန်သည်/ စက်မှုအသင်းချုပ်က စိစစ်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၀**

ကိုဗစ် – ၁၉ ရောဂါကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများအတွက် ဒုတိယအကြိမ် ချေးငွေလျှောက်ထားသည့် လျှောက်လွှာပေါင်းတစ်သောင်းကျော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၇၅ ရာခိုင်နှုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ၂၅ ရာခိုင်နှုန်း လျှောက်ထားကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ထံမှ သိရသည်။

ထိုသို့လျှောက်ထားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် လျှောက်လွှာ ၇၆၀၀ ကျော်နှင့် အွန်လိုင်းလျှောက်ထားမှုမှာ ၈၀၀ ကျော်ရှိပြီး ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် လျှောက်ထားမှုမှာ လျှောက်လွှာ ၁၅၀၀ ကျော်ရှိသည်။

ဒုတိယအကြိမ် ကိုဗစ် – ၁၉ ချေးငွေများကို လုပ်ငန်းရှင်များ အချိန်မီရရှိစေရေးအတွက် ဩဂုတ် ၁၀ ရက်ကစတင်၍ ချေးငွေပဏာမစိစစ်ရေး လုပ်ငန်းများကို ရုံးပိတ်ရက်များအပါအဝင် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့စိစစ်ရာတွင် သက်ဆိုင်ရာဌာနများဖြစ်သည့် SME ဌာန၊ DICA ဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပညာရေးဝန်ကြီးဌာန (နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ ကုန်သွယ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ်၏ ညီနောင်အသင်း ၂၁ သင်းတို့မှ တာဝန်ရှိသူများက စိစစ်ဆောင်ရွက်လျက်ရှိသည်။

ချေးငွေလျှောက်ထားရာတွင် စာရွက်စာတမ်းပြည့်စုံမှုအားနည်းမှုများကို တွေ့ရှိရပြီး ယင်းလျှောက်လွှာများကို ပယ်ချခြင်းမပြုဘဲ လိုအပ်သည့် စာရွက်စာတမ်းများကို ပြန်လည်တင်ပြခွင့်ပြုနိုင်ရန် လုပ်ငန်းရှင်များအား ပြန်လည်ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ဒုတိယအကြိမ်ချေးငွေကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးမှုတွင် ပို့ကုန်လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ကုန်လုပ်ငန်း၊ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းများကို ဦးစားပေးထုတ်ချေးမည်ဖြစ်သည်။

ပထမအကြိမ် ငွေကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးရာတွင် ကိုဗစ် – ၁၉ ရောဂါသက်ရောက်မှုကြောင့် အများဆုံးထိခိုက်ခံရသည့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ အထည်ချုပ်နှင့် CMP ကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အဓိကထုတ်ချေးခဲ့ပြီး SME ကဏ္ဍမှချေးငွေ၏ ၇၀ ရာခိုင်နှုန်းခန့် ရရှိကြောင်း သိရသည်။

**အောင်သူရ**

## ရွှေသောင်ယံနှင့် ချောင်းသာမြို့တို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားစတင်ရရှိ

**ရွှေသောင်ယံ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ရွှေသောင်ယံမြို့နှင့် ချောင်းသာမြို့တို့တွင် ဩဂုတ် ၂၉ ရက် ည ၁၁ နာရီမှစတင်၍ ၂၄ နာရီအပြည့် လျှပ်စစ်ဓာတ်အား စတင် သုံးစွဲခွင့်ရပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ရာတွင် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် 11/KV ဓာတ်အားလိုင်း၊ 400V ဓာတ်အားလိုင်းများ၊ 11/0.4KV ထရန်စဖော်မာများ တည်ဆောက်ခြင်း၊ ချောင်းသာမြို့၌ ၂၀၁၈–၂၀၁၉ ပြည်ထောင်စုရန်ပုံငွေဖြင့် 66/11KV (20)MVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ငွေဆောင်နှင့် ချောင်းသာ 66KVဓာတ်အားလိုင်း ၁၂ ဒသမ ၃၆ မိုင် တည်ဆောက်မှု၌ မြေပြင်သီးနှံလျော်ကြေး၊ မြေယာ လျော်ကြေး ပြဿနာများကြောင့် ယခင်သတ်မှတ်ကာလထက် ဓာတ်အားဖြန့်ဝေနိုင်မှုလုပ်ငန်း အနည်းငယ်ကြန့်ကြာခဲ့ရခြင်းဖြစ်ကြောင်း၊ သို့သော် ယခုအချိန်တွင် မြေပြင်အခက်အခဲများအားလုံး ညှိနှိုင်းပြီးစီးပြီဖြစ်၍ ၂၄ နာရီအပြည့် လျှပ်စစ်ဓာတ်အားကို ပြည်သူများ သုံးစွဲနိုင်အောင် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

ယခင်က လျှပ်စစ်ဓာတ်အားကို အချိန်ပိုင်းသာ သုံးစွဲခွင့်ရခဲ့ရာမှ ယခုလို လျှပ်စစ်မီးကို ၂၄ နာရီအပြည့် သုံးစွဲခွင့်ရရှိမှုအပေါ် ဝမ်းသာပီတိဖြစ်ရကြောင်း ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်များထံမှ သိရသည်။

**ရွှေသောင်ယံ (မြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ စာသင်တိုက်ကြီးများသို့ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်များ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ် ညောင်တုန်းပရိယတ္တိစာသင်တိုက်နှင့် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျောင်တိုက်သစ်များသို့ ယနေ့တွင် ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်နှင့် တာဝန်ရှိသူများသည် နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆွမ်းအခက်အခဲကို ဖြည့်ဆည်းကုသိုလ်ယူ

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး က "ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားလျက်ရှိပြီး ရောဂါထိန်းချုပ်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုသဆေးထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအနေဖြင့် ကိုဗစ်-၁၉ မပြန့်ပွားရေးနှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းတွင် ပထမပြန်၊ ဓမ္မာစရိယစာမေးပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပွဲအခမ်းအနားကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ယခု ဩဂုတ် ၂၈ ရက်တွင် ပထမပြန်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်နိုင်ခဲ့ပြီး ယနေ့ ဩဂုတ် ၃၀ ရက်တွင် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ပထမပြန်(မူ၊ ငယ်၊ လတ်၊ ကြီး) စာမေးပွဲအောင်မြင်မှု ၈၂ ဒသမ ၀၄ ရာခိုင်နှုန်းရှိပြီး ဓမ္မာစရိယစာမေးပွဲအောင်မြင်မှု ၇၆ ဒသမ ၄၃ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ ယမန်နှစ်ကထက် ထူးကဲစွာ အောင်ချက်ရာခိုင်နှုန်း လွန်စွာမြင့်မားသည့်အတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းမှာလည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင် ပရိယတ္တိစာပေများ သင်အံပို့ချနေကြသော သံဃာတော်၊ သီလရှင်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရန်နှင့် ကြောင့်ကြမှုမရှိစေရန် ရည်ရွယ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပရိယတ္တိစာသင်တိုက်အသီးသီးတို့အား ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်းနေခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဦးဆောင်၍ ဆွမ်းပဒေသာပင် လှူဒါန်းပေးခြင်းဖြင့် အလှူရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ပရိယတ္တိစာသင်တိုက်အသီးသီးတို့သို့ ဆက်လက်လှူဒါန်းကြခြင်းဖြင့် သံဃာတော်များ၏ ဆွမ်းအခက်အခဲကို ဖြည့်ဆည်းကုသိုလ်ယူနိုင်မှာဖြစ်ကြောင်း လျှောက်ထားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ(**အပေါ်ပုံ**) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အဖွဲ့ဝင် ဦးညီညီက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် မျိုးနိုင်နိုင်ကုမ္ပဏီလီမိတက်မှ ဦးမျိုးမြင့်-ဒေါ်သန္တာဝင်း တို့က လှူပ်စစ်မီးပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပါဠိတက္ကသိုလ် ညောင်တုန်းပရိယတ္တိစာသင်တိုက် စာချနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒါဘိဝံသ(သ.စ.အ ဓမ္မာစရိယ)က အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

မွန်းလွဲပိုင်းတွင် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ် )ရွှေကျောင်တိုက်သစ် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ယောဆရာတော် ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး ဦးသာလှက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျောင်တိုက်သစ် ပဓာန နာယက ယောဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ဘုတ်ပြင်း အုန်းတောကမ်းတံတား၊ လေညာရတနာပုံလမ်း ဖောက်လုပ်ခြင်း၊ တနင်္သာရီတံတား၊ မင်းသန်း မောင်းလှော်တံတားနှင့် သမုတ်လွတ်လွတ်တံတား တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယနေ့ နံနက်ပိုင်းက ဘုတ်ပြင်းအုန်းတောကမ်းလမ်းပေါ်ရှိ ဘုတ်ပြင်း အုန်းတောကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၃)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ကျော်ဝင်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။**

ထို့နောက် ဒုတိယဝန်ကြီးက တံတားစီမံကိန်းမှာ ပင်လယ်ရေငန်နှင့် ထိစပ်နေသောအပိုင်းများတွင် တည်ဆောက်ရခြင်းဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းများ ပင်လယ်ရေငန် ထိတွေ့ခံနိုင်ရန် Anti Corrosive သုတ်ပြီးမှ သုံးရန်နှင့် မိကျောင်းအန္တရာယ် သတိထား ဆောင်ရွက်ရန် မှာကြားသည်။ အဆိုပါတံတားမှာ အရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ နှစ်လမ်းသွားတံတားဖြစ်ပြီး ဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ ရက်မနှင့် ကြမ်းခင်းအမျိုးအစား ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းအဖြစ် ဖောက်လုပ်နေသော လေညာရတနာပုံလမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိုင်(၈/၃) အနီး သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ လေညာရတနာပုံလမ်းမှာ အရှည် ၃၆ မိုင်၊ ၆ ဖာလုံရှိပြီး ၂၀၁၆ - ၂၀၁၇ ခုနှစ်မှစတင်၍ မြေသားအဆင့်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၈ မိုင်၊ ၃ ဖာလုံမှ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း ပြီးစီးခဲ့ပြီး မိုင် (၃၆/၆) အထိ အမာခံလမ်းနှင့် မြေလမ်းများ ပြီးစီးနေကြောင်း သိရသည်။ အဆိုပါလမ်းပြီးစီးသွားပါက ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာ ပို့ဆောင်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်းလမ်းပေါ်ရှိ တနင်္သာရီ တံတားတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး တံတားပြီးစီးမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တံတားမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ တံတားဖွင့်လှစ်နိုင်ရေးအတွက် အသင့်ပြင်ဆင်ရန် မှာကြားသည်။ တနင်္သာရီတံတားမှာ အရှည် ၁၄၄၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေရှိ နှစ်လမ်းသွား တံတားဖြစ်ပြီး ဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ Steel Box ရက်မ၊ ကွန်ကရစ်ကြမ်းခင်းတံတား အမျိုးအစားဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြိတ်မြို့နယ်အတွင်းရှိ မင်းသန်းမောင်းလှော် ကျေးလက်လမ်းပေါ်ရှိ မင်းသန်းမောင်းလှော် တံတားစီမံကိန်း တံတားလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တံတားအား ကျေးလက်လမ်းပေါ်တွင် တည်ဆောက်ခြင်းဖြစ်သော်လည်း ပင်လယ်ရေထွက်ပစ္စည်းများ သယ်ယူပို့ဆောင်လာသောလမ်းဖြစ်၍ တံတားအရည်အသွေးများကို ပြည့်မီကောင်းမွန်စွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။ အဆိုပါ တံတားမှာ အရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၂ ပေ၊ နှစ်လမ်းသွား ဖြစ်ပြီး ဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ သံကူကွန်ကရစ် Steel Box ရက်မနှင့် ကွန်ကရစ် ကြမ်းခင်းတံတားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်-မြိတ်လမ်းပေါ်ရှိ သမုတ်လွတ်လွတ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တံတားရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေးတာဝန်ခံ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးထွန်းက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပြီးစီးမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က တံတားဒီဇိုင်းနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကာ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသက်ဇော်ဝင်းက တံတားချဉ်းကပ်လမ်းနှင့် တံတားပေါ် ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း တည်ဆောက်မှုကို ဆက်လက်ရှင်းလင်း တင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက တံတားလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ သမုတ်လွတ်လွတ်တံတားမှာ အရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်း ၂၄ ပေ အကျယ်၊ နှစ်လမ်းသွားတံတားဖြစ်ပြီး ဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ သံကူကွန်ကရစ် Steel Box ရက်မများနှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ကော့သောင်းလမ်းပေါ်တွင် သမုတ်လွတ်လွတ်တံတားနှင့် တနင်္သာရီ တံတားများမှာ ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ အဆိုပါလမ်းမကြီးတစ်လျှောက် ကုန်ကားများနှင့် ကားလေးများ အပါအဝင် မော်တော်ယာဉ်များအားလုံး လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၃၀

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (AFFM–IUF)၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS–TUsF) တို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

တွေ့ဆုံရာသို့ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ CTUM ဥက္ကဋ္ဌ ဦးမောင်မောင်၊ AFFM–IUF ဥက္ကဋ္ဌ ဦးဇာနည်သွေး၊ MICS–TUsF အထွေထွေအတွင်းရေးမှူးချုပ် ဦးသက်နှင်းအောင်နှင့် အလုပ်သမားအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အလေးထား ဆောင်ရွက်ပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များကို ပုံမှန်လည်ပတ်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားများအပေါ် သက်ရောက်မှုများကို အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်–၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ အဘက်ဘက်မှကျဆင်းလျက်ရှိရာ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးရိုက်ခတ်မှုများ ရှိပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ကုန်ကြမ်းပြတ်လပ်ခြင်း၊ အမှာစာမရရှိခြင်းနှင့် အခြားအကြောင်းများကြောင့် စက်ရုံ၊ အလုပ်ရုံများ အပြီးပိတ်သိမ်းခြင်း၊ အင်အားလျှော့ချခြင်းများရှိခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ၊ အလုပ်လက်မဲ့ဖြစ်စဉ်များ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ ယာယီရပ်ဆိုင်းခဲ့ခြင်းတို့သည် ရှောင်လွှဲမရသောစိန်ခေါ်မှုဖြစ်ပြီး ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုများအား ဖြေလျှော့မှုများနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်များကို အစီအစဉ်တကျဆောင်ရွက်ခဲ့ပြီး လက်ရှိစီးပွားရေးဆိုင်ရာ ဖြစ်ပေါ်မှုများနှင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်တင်ပြချက်များကို အပြန်အလှန်သုံးသပ်၍ သင့်တော်သည့်အချိန်တွင် နှစ်ဖက်အဖွဲ့အစည်းတို့အတွက် သင့်တင့်မျှတအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရစက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်းများတည်မြဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်သားများကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကိုဗစ်–၁၉ ရိုက်ခတ်မှုကြောင့် နောက်ဆက်တွဲစီးပွားရေးကျဆင်းမှုကို ကုစားနိုင်ရန် စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ အလုပ်သမားများ၊ အလုပ်ရှင်များ ပူးပေါင်းဆောင်ရွက် ဖြေရှင်းနိုင်ရန် နည်းလမ်းများရှာဖွေဖော်ထုတ်ပြီး ဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့ချုပ်များအနေဖြင့် စားဝတ်နေရေးကျပ်တည်းနေသည့်အဖွဲ့ဝင်များကို အရေးပေါ် စားနပ်ရိက္ခာများထောက်ပံ့ခြင်း၊ ကာလတိုချေးငွေများရရှိရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ သင်တန်းပို့ချရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုကို အသိအမှတ်ပြုပါကြောင်း။

### ပံ့ပိုးကူညီ ဆောင်ရွက်ပေး

မိမိတို့ဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို ဒေသအသီးသီး၌ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်မှုဇုန်အသီးသီးမှ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများအထိ ကွင်းဆင်းထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြလာမှုကြောင့် ကျန်ရှိနေသည့် အလုပ်သမားများအတွက် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုးရရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် စက်ရုံလုပ်သားများ မဲပေးခွင့်ရရှိစေရေးအတွက်လည်း ဆက်စပ်ဌာနများနှင့်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို မိမိတို့အနေဖြင့် အမြဲစောင့်ကြပ်ကြည့်ရှု၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုကာလတွင်အားလုံးက ရုန်းကန်နေရသည့်အချိန်ဖြစ်သည်နှင့်အညီ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်ကြောင်းနှင့် ယခုတွေ့ဆုံပွဲတွင် အဖွဲ့ချုပ်အလိုက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် CTUM ဥက္ကဋ္ဌ ဦးမောင်မောင်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများပေးရေး၊ ကိုဗစ်–၁၉ ရောဂါပြန့်ပွားမှုနှုန်းကာကွယ်ထိန်းချုပ်ရေး၊ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ထိရောက်မှန်ကန်စွာဖြေရှင်းနိုင်ရေးတို့ကိုလည်းကောင်း၊ AFFM–IUF ဥက္ကဋ္ဌ ဦးဇာနည်သွေးက ၂၀၂၀ ပြည့်နှစ် တတိယလေးလပတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ MICS–TUsF အထွေထွေအတွင်းရေးမှူးချုပ် ဦးသက်နှင်းအောင်က အနည်းဆုံးအခကြေးငွေ ထုတ်ပြန်နိုင်ရေး၊ ကိုဗစ်–၁၉ ရောဂါနှင့် စပ်လျဉ်း၍ တိကျစွာလိုက်နာဆောင်ရွက်မှုကို ကြပ်မတ်စစ်ဆေးပေးရေး၊ အလုပ်သမားရေးရာကိစ္စရပ်များနှင့် လူမှုဖူလုံရေးအဖွဲ့က အကျိုးခံစားခွင့်များထုတ်ပေးရာတွင် ထိရောက်မှု ရှိရေး၊ အလုပ်သမားများနှင့် အလုပ်သမားအရေးကူညီ ဆောင်ရွက်ပေးနေသူများကို အရေးယူဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကိစ္စများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်အကျိုး၊ အလုပ်ရှင်၊ အလုပ်သမားများ အကျိုးစီးပွားအတွက် စိတ်တူကိုယ်တူ ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး သတိတရားနှင့်တစ်ဦးချင်းလိုက်နာဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရပ်စောက်မြို့ ရွှေဂျင်းစိမ်း ချင်းမျိုးစေ့ထုတ် သမဝါယမအသင်းက မျိုးကောင်း၊ မျိုးသန့် ချင်းများ စိုက်ပျိုးထုတ်လုပ်



ရပ်စောက် ဩဂုတ် ၃၀

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် အလည်ချောင်းကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေဂျင်းစိမ်းမျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက်က သမဝါယမအသင်းသားပိုင်မြေ ၅၂ ဧကပေါ်တွင် အရည်အသွေးကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်ချင်းများ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာပါက မြို့နယ်သမဝါယမအသင်းစုများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိတ္ထီလာမြို့နယ်ရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့်အဖွဲ့သည် ယမန်နေ့က သွားရောက်ကွင်းဆင်း ဆောင်ရွက်ရာ မိတ္ထီလာမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များနှင့် တွေ့ဆုံ၍ ထုတ်လုပ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များမှ အရည်အသွေးမီ သွင်းအားစုပစ္စည်းများ ရောင်းချနိုင်ရေး၊ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများ ပီပြင်စွာ ဆောင်ရွက်နိုင်ရေး၊ Daedong လယ်ယာသုံးစက်ကိရိယာများကို သက်သာသောဈေးနှုန်းဖြင့် အမြန်ဆုံးရောင်းချနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မြို့နယ် သမဝါယမအသင်းစုမှ စိုက်ပျိုးရေးသုံး သွင်းအားစုများကို အသင်းသား တောင်သူများထံသို့ အသစ်ယူစနစ်တို့ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ ... 



အသင်းသား တောင်သူများထံသို့ အသစ်ယူစနစ်တို့ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

သတင်းစဉ်

## ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၇ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဩဂုတ် ၃၀

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၅ ဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီက နှစ်ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၇ ဦးအား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၇ ဦးမှာ အမျိုးသား လေးဦး၊ အမျိုးသမီး ၁၃ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှသုံးဦး၊ ဟိုပန်မြို့နယ်မှ တစ်ဦးနှင့် လောက်ကိုင်မြို့နယ်မှ ၁၁ ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက် မှ ယနေ့အထိ အမျိုးသား ၈၁၈၁ ဦးနှင့် အမျိုးသမီး ၆၅၇၂ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၇၅၃ ဦးတို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# အိမ်တော်ရာစေတီတော်အတွင်းရှိ အရံစေတီများ ရေစက်ချလှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

အိမ်တော်ရာစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အရံစေတီနှစ်ဆူနှင့် ရင်ပြင်တော်ပေါ်ရှိ ဌာပနာစေတီတို့အား ရွှေသင်္ကန်းကပ်လှူပြီးစီးမှု အထိမ်းအမှတ် ရေစက်ချလှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အိမ်တော်ရာစေတီ ရင်ပြင်တော် သာသနာ့ရုံသိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော် မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွှန့်နှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စေတီတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

**သာသနာရေး ဆိုင်ရာများ လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဗိုလ်မှူးမျိုးမင်း(ငြိမ်း)က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**အနုမောဒနာတရား ချီးမြှင့်**

ယင်းနောက် ဩဝါဒါစရိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာမကာ ဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် Video Conferencing စနစ်ဖြင့် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကာကွယ် ထိန်းချုပ်ရေးအတွက် Video Conferencing စနစ်ဖြင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မြန်ဆန်နေသဖြင့် အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ဆုံးဖြတ်၍ တုံ့ပြန်ဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်းထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့သည် အချိန်နှင့်တစ်ပြေးညီဖြင့် တယ်လီဖုန်း၊ အီးမေးလ်၊ Viber စနစ်များတို့ဖြင့် ရခိုင်ပြည်နယ်မှ တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရခြင်းသည် ထိန်းချုပ်မှုလုပ်ငန်းများအတွက် ကောင်းမွန်သည့် လက္ခဏာတစ်ရပ် ဖြစ်ပါကြောင်း၊ ကပ်ရောဂါဗေဒနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ လုပ်ဆောင်ရမည့်ကိစ္စများကို ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးထံသို့ ဗဟိုမှ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညွှန်ကြား ဆောင်ရွက်လျက်ရှိကြောင်း။

**အကူအညီပေးအပ်လျက်ရှိ**

အဓိကအရေးကြီးသည်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများကိုယ်တိုင် ထိန်းချုပ်မှုကိစ္စရပ်များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်နေသူများ တရားမဝင် ဝင်ပေါက်များမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းသို့ ကူးစက်ဝင်ရောက်မှုများ ထပ်မံမရှိစေရေးနှင့် ရခိုင်ပြည်နယ်မှတစ်ဆင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ကူးစက်မှုများ မပျံ့နှံ့နိုင်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းကာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းများ ပီပြင်မှုရှိစေရန် မိမိတို့ဝန်ထမ်းများက ကျန်းမာရေးရှုထောင့်မှ အကူအညီပေးအပ်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ရှိနိုင်သူများ နိုင်ငံအနှံ့အပြားသို့ရောက်ရှိကာ ရောဂါပျံ့နှံ့ကူးစက်ခြင်း မရှိစေရေးသည်လည်း ယခုအချိန်၌ အထူးအရေးကြီးသဖြင့် သေချာစွာကိုင်တွယ်ရမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်မှ လေကြောင်းလိုင်းနှင့် ကုန်းလမ်းများမှတစ်ဆင့် ထွက်ခွာသွားသူများကို အသွားအလာကန့်သတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်သော ပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် အထူးလေယာဉ်များဖြင့် ရခိုင်ပြည်နယ်သို့ အမြန်ဆုံးပို့ဆောင်လျက်ရှိပါကြောင်း၊ ဩဂုတ် ၃၁ ရက်တွင် ပြည်သူ့ကျန်းမာရေးဗဟိုကွင်းဆင်းအဖွဲ့ တစ်ဖွဲ့နှင့် ဆေးကုသရေးအဖွဲ့တစ်ဖွဲ့ကို ကျောက်ဖြူမြို့သို့ ပို့ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မိမိသည် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၏တိုက်ရိုက်လမ်းညွှန်မှုဖြင့် လည်းကောင်း၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၏ အကြံပြုမှုနှင့် ဆွေးနွေးချက်များကို မူတည်၍လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှရရှိသော သတင်းအချက်အလက်များအပေါ် မူတည်၍ လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံကာ ကပ်ရောဂါအငယ်စားလေးများ (Sporadic Outbreak) မဖြစ်ပေါ်စေရေးအတွက် ရခိုင်ပြည်နယ်ရှိ အသွားအလာကန့်သတ်ရာနေရာများ၊ ယာယီစခန်းများနှင့် ပြန်လည်လက်ခံရေးစခန်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင်တို့အား အသေးစိတ် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

ယခု Video Conferencing ဖြင့် ဆွေးနွေးပွဲကို ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်လျက်ရှိသော ပကတိမြေပြင်အခြေအနေကို သိရှိလို၍ လည်းကောင်း၊ ဆေးရုံအုပ်ကြီးများနှင့် ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၏ လိုအပ်ချက်များကိုသိရှိလို၍ လည်းကောင်း၊ လူမှုရေးဝန်ကြီး၏ရှုထောင့်မှ ပြောဆိုချက်များ၊ အကြံပြုချက်များနှင့် အထူးသဖြင့် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးလို၍လည်းကောင်း ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးအကြံပြုရာတွင် ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဆွေးနွေးပြီး လိုအပ်ချက်များကို ပြောကြားစေလိုပါကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားခဲ့စဉ်ကကဲ့သို့ပင် နေပြည်တော်၌ ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နေ့စဉ် နံနက်တိုင်းတွင် ဆွေးနွေးမှုများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကိစ္စရပ်များနှင့် အသွားအလာကန့်သတ်ထားရှိမည့် အဆောက်အအုံနှင့် စီမံအုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ လူနာများ များပြားလာပါက ထားရှိရန် အဆောက်အဦများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်နှင့် ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး (ကူးစက်ရောဂါတိုက်ဖျက်ရေး) ဒေါက်တာဉာဏ်ဝင်းမြင့်တို့က ပကတိမြေပြင်အခြေအနေများနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာ အကြံပြုချက်များအား အသေးစိတ်တင်ပြခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက လက်ရှိတွင် ရခိုင်ပြည်နယ်မှ ကိုဗစ်-၁၉ လူနာများအား ဆေးရုံအသီးသီးတွင်ထားရှိကုသနေမှု အခြေအနေ၊ စစ်တွေမြို့တွင် စစ်တွေပြည်သူ့ဆေးရုံကြီးတွင်သာမက သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှင့် တိုင်းရင်းဆေးရုံတို့တွင် ကိုဗစ်-၁၉ လူနာများ ထားရှိကုသနေမှု၊ စစ်တွေ တက္ကသိုလ်တွင် ယာယီဆေးရုံထပ်မံပြုလုပ်ကာ ကိုဗစ်-၁၉ လူနာများထားရှိရန်စီစဉ်နေမှု၊ လိုအပ်ပါက ရခိုင်ပြည်နယ် လွှတ်တော် အဆောက်အအုံကိုလည်း ယာယီဆေးရုံအဖြစ် အသုံးပြုနိုင်ရန် လျာထားမှု၊ ဓာတ်ခွဲစစ်ဆေးမှုများအတွက် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦးနှင့် မောင်တောမြို့နယ်များတွင် GeneXpert စက်များတပ်ဆင်ထားမှု၊ စစ်တွေမြို့တွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများ၏ မိသားစုဝင်များနှင့် အခြားထိတွေ့ခဲ့သူများ အရေအတွက်များပြားလာ၍ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်ခြင်းထားရှိရန် လုံလောက်သောနေရာ၊ အဆောက်အအုံ၊ ရေ၊ အိမ်သာရရှိရေးနှင့် ကျွေးမွေးရေး၊ စီမံခန့်ခွဲရေးတို့ ခက်ခဲလာသည့်ကိစ္စနှင့် နေရာသစ်များထပ်မံရှာဖွေရန် လိုအပ်နေမှု၊ မိသားစုဝင်တစ်ဦးတွင် ကိုဗစ်-၁၉ ဓာတ်ခွဲတွေ့ရှိပါက အခြားမိသားစုဝင်များကို (facility quarantine) သို့ မပို့ဘဲ နေအိမ်တွင်သာ တင်းကျပ်စွာဖြင့် အသွားအလာကန့်သတ်ခြင်းကို ဆောင်ရွက်သင့်/ မသင့်၊ မူဝါဒပြောင်းရန် သင့်/ မသင့်၊ ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအား ရောဂါမကူးစက်စေရေးအတွက် ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နေမှု၊ ရွှေ့ပြောင်း တပ်ဆင်အသုံးပြုနိုင်သည့် ယာယီဆေးရုံများ ဝယ်ယူရန် သင့်/ မသင့်၊ ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများကို ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ ရပ်ကွက်များတွင် ပြန်လည်နေထိုင်ခြင်းအား ကန့်ကွက်မှုနှင့် ခွဲခြားမှုများရှိနေသည့် ကိစ္စများ၊ ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင်ရန်အတွက် ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံသို့ GeneXpert စက်နှစ်လုံးနှင့် ဆက်စပ်ဓာတ်ခွဲပစ္စည်းများကို ဩဂုတ် ၃၁ ရက်တွင် ထပ်မံပို့ဆောင်ရန် စီစဉ်ထားမှု။

**ဆွေးနွေးတင်ပြ**

စစ်တွေမြို့နှင့် ကျောက်ဖြူမြို့သို့ Oxygen plant တစ်လုံးစီကို အမြန်ဆုံးတပ်ဆင်ပေးရန် စီစဉ်ထားမှု၊ စစ်တွေမြို့တွင် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု အတိုင်းအတာနှင့် ပုံသဏ္ဍာန်တို့ကို သိရှိနိုင်ရေးအတွက် ရောဂါကူးစက်ခံရနိုင်ခြေများပြားသူများအား ကျပန်းစနစ်ဖြင့် ရွေးချယ်ကာ ဝန်ကြီးဌာနသို့ လှူဒါန်းထားသော Rapid Test Kit ၁၀၀၀ ဖြင့် IgG နှင့် IgM ရှိ၊ မရှိကို စစ်ဆေးရန်နှင့် Test positive ဖြစ်သူများအား PCR စက်ဖြင့် ဆက်လက်စစ်ဆေးရန်၊ ဆေးတက္ကသိုလ်များမှ ဆေးပညာ ပါမောက္ခ/ဌာနမှူးများ၊ ဝေဘာဂီအထူးကုဆေးရုံနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတို့မှ ကိုဗစ်-၁၉ လူနာများကို ကုသပေးနေသော ပါမောက္ခများနှင့် အထူးကုဆရာဝန်များက ရခိုင်ပြည်နယ်ဆေးရုံအသီးသီးမှအထူးကုဆရာဝန် (ဆေးပညာ)နှင့် အထူးကြပ်မတ်ကုသဆောင် (ICU) များမှ ဆရာဝန်များထံသို့ Video Conferencing စနစ်ဖြင့် ကိုဗစ်-၁၉ လူနာကုသမှုအတွေ့အကြုံ၊ ကုထုံးနှင့် ကုသမှုပြုစဉ် ကြုံတွေ့ရနိုင်သည့် အချက်များ စသည်တို့အား ပုံမှန်တစ်ရက်ခြား ဆွေးနွေးသွားရန်၊ ဩဂုတ် ၁၀ ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများထံ ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန်များက တယ်လီဖုန်းနှင့် ဆက်သွယ်ကာ အသွားအလာကန့်သတ်မှုနှင့် ကျန်းမာရေးစစ်ဆေးမှုခံယူရေး ပြောကြားရန်ကိစ္စများအား ဆွေးနွေးတင်ပြခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာနှင့် မြန်မာ့သစ်တောများ အခြေအနေ

သစ်တောမောင်



**ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်ခြင်း**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization of the United Nations–FAO)သည် ၁၉၄၈ ခုနှစ်တွင်ကမ္ဘာ့သစ်တောသယံဇာတများ (Forest Resources of the World, 1947) ကို စတင်ထုတ်ပြန်ခဲ့ပြီး ၁၉၅၃၊ ၁၉၅၈ နှင့် ၁၉၆၃ ခုနှစ်များတွင် ကမ္ဘာ့သစ်တောသယံဇာတစာရင်းကောက်ယူခြင်း (World Forest Resource Inventory 1953, 1958, 1963) အစီရင်ခံစာများကိုလည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်များတွင် ဒေသအဆင့် သစ်တောသယံဇာတ ဆန်းစစ်ခြင်း (Regional Forest Resource Assessment 1970s) အစီရင်ခံစာများကိုလည်းကောင်း ထုတ်ပြန်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်က စတင်ပြီး ၂၀၁၅ ခုနှစ်အထိ ငါးနှစ်လျှင် တစ်ကြိမ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း (Forest Resources Assessment –FRA) အမည်ဖြင့် အစီရင်ခံစာများ ထုတ်ပြန်လာခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မထုတ်ပြန်နိုင်ခဲ့ဘဲ ၁၉၈၈ ခုနှစ်တွင် FRA 1988 ထုတ်ပြန်ခဲ့ခြင်းမှလွဲ၍ ငါးနှစ်လျှင်တစ်ကြိမ် ကမ္ဘာ့သစ်တောသယံဇာတများ အခြေအနေကို ပုံမှန်ထုတ်ပြန်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment 2020 – GFRA 2020) နိုင်ငံအဆင့် အစီရင်ခံစာများ၊ ဒေသအဆင့်အစီရင်ခံစာများနှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် ပင်မအစီရင်ခံစာတို့ကို ဘာသာစကားလေးမျိုးဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် နိုင်ငံပေါင်း ၂၃၆ နိုင်ငံ၏ သစ်တောသယံဇာတအခြေအနေများ ပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (Sustainable Development Goals–SDGs) ၏ သစ်တောကဏ္ဍဆိုင်ရာ ပန်းတိုင်ဖြစ်သည့် ပန်းတိုင် ၁၅ (Life on Land) နှင့် စပ်လျဉ်းသည့် အောက်ဖော်ပြပါ အညွှန်းကိန်း (၅) မျိုးကို အဓိကလေ့လာဆန်းစစ်ထားပြီး နိုင်ငံအသီးသီး၏ သစ်တောများအခြေအနေကို ဆန်းစစ်ခဲ့ခြင်း ဖြစ်သည်–

- သစ်တောဧရိယာများ၏ အသားတင်နှစ်စဉ်ပြောင်းလဲမှု
- သစ်တောများ၏ မြေပေါ်ပိုင်းဇီဝဒြပ်ထုပမာဏ
- သစ်တောဧရိယာများမှ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားသည့် ဧရိယာပမာဏ
- သစ်တောစီမံအုပ်ချုပ်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ထားသည့် ဧရိယာပမာဏ
- သစ်တောများစီမံအုပ်ချုပ်မှုဆိုင်ရာ အစီအမံများအပေါ် ထောက်ခံချက်အတည်ပြုပြီးသည့် သစ်တောဧရိယာပမာဏ

**၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတများ အခြေအနေ**

၂၀၂၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ သစ်တောသယံဇာတ အခြေအနေကို ဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment–FRA 2020) အစီရင်ခံစာတွင် အောက်ဖော်ပြပါ ကမ္ဘာ့သစ်တောကဏ္ဍ၏ အဓိကအချက် (၁၇) ချက်အား ဖော်ပြပါရှိသည်–

(၁) ကမ္ဘာ့မြေမျက်နှာပြင်၏ ၃ ပုံ ၁ ပုံ ဖြစ်သည့် ဟက်တာ ၄ ဒသမ ၀၆ ဘီလီယံနီးပါးကို သစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး ၎င်းဧရိယာသည် လူတစ်ဦးလျှင် ၀ ဒသမ ၅၂ ဟက်တာနှင့် ညီမျှပါသည်။ ကမ္ဘာ့သစ်တောဧရိယာ၏ ၅၄ ရာခိုင်နှုန်းကျော်သည် ရုရှား၊ ဘရာဇီး၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် တည်ရှိနေပါသည်။

(၂) ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဟက်တာ စုစုပေါင်း ၁၇၈ သန်း ပြုန်းတီးခဲ့ပြီး အသားတင်သစ်တောပြုန်းတီးမှုနှုန်းသည် တစ်နှစ်လျှင် ၁၉၉၀ – ၂၀၀၀ ဆယ်စုနှစ်အတွင်း ဟက်တာ ၇ ဒသမ ၈ သန်း၊ ၂၀၀၀ – ၂၀၁၀ ဆယ်စုနှစ်အတွင်း ဟက်တာ ၅ ဒသမ ၂ သန်းနှင့် ၂၀၁၀ – ၂၀၂၀ ဆယ်စုနှစ်အတွင်း ဟက်တာ ၄ ဒသမ ၇ သန်း အသီးသီးဖြစ်ပါသည်။

(၃) ၂၀၁၀ – ၂၀၂၀ အထိ ၁၀ နှစ်ကာလအတွင်း၌ သစ်တောဟက်တာ ၃ ဒသမ ၉ သန်း ပြုန်းတီးခဲ့သည့် အာဖရိကတိုက်သည် သစ်တောပြုန်းတီးမှုအမြင့်ဆုံးဖြစ်ပြီး အာရှတိုက်သည် သစ်တောဧရိယာအများဆုံး ရှိပါသည်။

(၄) တစ်ကမ္ဘာလုံးတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သစ်တောဧရိယာ ဟက်တာသန်း ၄၂၀ ခန့် ဆုံးရှုံးခဲ့ပြီး နှစ်စဉ်သစ်တောပြုန်းတီးမှုနှုန်းသည် ၂၀၁၀ – ၂၀၁၅ ခုနှစ်တွင် ဟက်တာ ၁၂ သန်းခန့်မှ ၂၀၁၅ – ၂၀၂၀ ပြည့်နှစ်တွင် ဟက်တာ ၁၀ သန်းအထိ ကျဆင်းသွားသော်လည်း သစ်တောပြုန်းတီးမှု ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

(၅) ကမ္ဘာ့သစ်တောဧရိယာ၏ ၉၀ ရာခိုင်နှုန်းကျော်သည် သဘာဝအလျောက် ပြန်လည်ကောင်းမွန်လာပါသည်။ ၎င်းဧရိယာ၏ ၉၃ ရာခိုင်နှုန်း (၃ ဒသမ ၇၅ ဘီလီယံ ဟက်တာ) သည် သဘာဝအလျောက် ကောင်းမွန်ပြီး ကျန် ၇ ရာခိုင်နှုန်း (ဟက်တာ သန်း ၂၉၀) သည် စိုက်ခင်းများဖြစ်ပါသည်။ စိုက်ခင်းဧရိယာသည် ဟက်တာ ၁၂၃ သန်းအထိ တိုးလာခဲ့ပြီး လွန်ခဲ့သော ၁၀ နှစ်အတွင်း တိုးမြင့်မှုနှေးလာပါသည်။

(၆) သစ်တောစိုက်ခင်းများသည် ကမ္ဘာ့သစ်တောများ၏ ၃ ရာခိုင်နှုန်း (ဟက်တာ ၁၃၁ သန်းခန့်) ရှိပြီး တောင်အမေရိကတိုက်တွင် စိုက်ခင်းဧရိယာ၏ ၉၉ ရာခိုင်နှုန်းနှင့် စုစုပေါင်းသစ်တောဧရိယာ၏ ၂ ရာခိုင်နှုန်း ရှိပြီး ဥရောပတိုက်တွင် စိုက်ခင်းဧရိယာ၏ ၆ ရာခိုင်နှုန်းနှင့် စုစုပေါင်းသစ်တောဧရိယာ၏ ၀ ဒသမ ၄ ရာခိုင်နှုန်းရှိသဖြင့် အနည်းဆုံး ဖြစ်ပါသည်။

(၇) သစ်တောဧရိယာ ဟက်တာ ၇၂၆ သန်းခန့်သည် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ရှိပြီး ၎င်းဧရိယာ၏ ၃၁ ရာခိုင်နှုန်းသည် တောင်အမေရိကတိုက်တွင် ရှိပါသည်။ တစ်ကမ္ဘာလုံးတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သဘာဝထိန်းသိမ်းရေးနယ်မြေ ဟက်တာ ၁၉၁ သန်း တိုးတက်လာခဲ့သော်လည်း ၂၀၁၀ – ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်းသည် နှေးလျက်ရှိပါသည်။

(၈) ဟက်တာ ၁ ဒသမ ၁၁ ဘီလီယံခန့်သည် မူလသဘာဝတောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး ယင်း၏ ၆၁ ရာခိုင်နှုန်းကျော်သည် ဘရာဇီး၊ ကနေဒါနှင့် ရုရှားနိုင်ငံတို့တွင် တည်ရှိနေပါသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ မူလသဘာဝတောဧရိယာ ဟက်တာ ၈၁ သန်း လျော့နည်းခဲ့သော်လည်း ၂၀၁၀ – ၂၀၂၀ ပြည့်နှစ်တွင် ဆုံးရှုံးမှုထက်ဝက် လျော့ကျခဲ့ပါသည်။

(၉) သစ်တောစီမံအုပ်ချုပ်မှု အစီအစဉ်များသည် ၂၀၀၀ ပြည့်နှစ်မှ စတင်အရှိန်ရလာပြီး ၂၀၂၀ ပြည့်နှစ်တွင် သစ်တောဧရိယာဟက်တာ ၂ ဒသမ ၀၅ ဘီလီယံအတွက် အုပ်ချုပ်ရေးအစီအစဉ်များ ရေးဆွဲပြီးဖြစ်ပါသည်။ ဥရောပတိုက်ရှိ သစ်တောအများစုအတွက် စီမံအုပ်ချုပ်မှု အစီအစဉ်များရှိသော်လည်း အာဖရိကတိုက်တွင် သစ်တောဧရိယာ၏ ၂၅ ရာခိုင်နှုန်းနှင့် တောင်အမေရိကတိုက်တွင် ၂၀ ရာခိုင်နှုန်းအောက်သာ အုပ်ချုပ်မှုအစီအစဉ်များ ရှိပါသည်။

(၁၀) အပူပိုင်းဒေသတွင် တောမီးသည် သစ်တောများအတွက် အနှောင့်အယှက်တစ်ခု ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် သစ်တော ဟက်တာ ၉၈ သန်း မီးဘေးသင့်ခဲ့ပြီး သစ်တောဧရိယာ စုစုပေါင်း၏ ၄ ရာခိုင်နှုန်း မီးလောင်ကျွမ်းခဲ့ပါသည်။ သမပိုင်းနှင့် အအေးပိုင်းတွင် အင်းဆက်၊ ရောဂါများနှင့် ရာသီဥတု ဆိုးရွားမှုများကြောင့် သစ်တောဟက်တာ သန်း ၄၀ ထိခိုက်ခဲ့ပါသည်၊

(၁၁) ကမ္ဘာ့သစ်တောများ၏ ၇၃ ရာခိုင်နှုန်းသည် ပြည်သူပိုင်ဖြစ်ပြီး ၂၂ ရာခိုင်နှုန်းသည် ပုဂ္ဂလိကပိုင် သစ်တောများဖြစ်ပါသည်။ ကျန် ၅ ရာခိုင်နှုန်းအတွက် ပိုင်ဆိုင်မှု ရှင်းလင်းစွာ မသိရကြောင်း ဖော်ပြထားသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ပြည်သူပိုင်သစ်တော လျော့နည်းလာပြီး ပုဂ္ဂလိကပိုင်သစ်တောများ တိုးလာပါသည်။

(၁၂) ကမ္ဘာ့သစ်တောများ၏ စုစုပေါင်းပင်ထောင် (growing stock) အရေအတွက်သည် အသားတင်သစ်တောဧရိယာ လျော့နည်းမှုကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ဘီလီယံ ၅၆၀ ကုဗမီတာ ($m^3$) မှ ၂၀၂၀ ပြည့်နှစ်တွင် ဘီလီယံ ၅၅၇ ကုဗမီတာ ($m^3$) အထိ ကျဆင်းခဲ့သည်။ သို့သော်လည်း တစ်ဟက်တာရှိ ပင်ထောင် (growing stock) ပမာဏသည် ၁၉၉၀ ပြည့်နှစ်တွင် ၁၃၂ ကုဗမီတာ ($m^3$) မှ ၂၀၂၀ ပြည့်နှစ်တွင် ၁၃၇ ကုဗမီတာ ($m^3$) အထိ မြင့်တက်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ဇီဝလောင်စာပါဝင်မှု စုစုပေါင်းသည် လျော့နည်းလာသော်လည်း တစ်ယူနစ်ဧရိယာတွင် ပါဝင်မှု တိုးလာပါသည်။

(၁၃) သစ်တောကာဗွန်အများစုကို သက်ရှိဇီဝလောင်စာ ၄၄ ရာခိုင်နှုန်း ၊ မြေဆီအော်ဂဲနစ် ၄၅ ရာခိုင်နှုန်း ၊ အမှိုက်နှင့် အပင်သေ၊ သစ်ဆွေး ၁၁ ရာခိုင်နှုန်းအဖြစ် တွေ့ရပြီး သစ်တောများ၏ ကာဗွန်သိုလှောင်မှုပမာဏ (carbon stock) စုစုပေါင်းသည် ၁၉၉၀ ပြည့်နှစ်တွင် (၆၆၈) ဂစ်ဂါတန်မှ ၂၀၂၀ ပြည့်နှစ်တွင် ၆၆၂ ဂစ်ဂါတန်အထိ လျော့ကျလာလျက်ရှိပါသည်၊ အဆိုပါကာလတွင် ကာဗွန်ထုထည်သည် တစ်ဟက်တာလျှင် ၁၅၉ တန်မှ ၁၆၃ တန်အထိ တိုးလာပါသည်။

(၁၄) သစ်တောများအားလုံး၏ ၃၀ ရာခိုင်နှုန်း (၁ ဒသမ ၁၅ ဘီလီယံ ဟက်တာခန့်)ကို သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းအတွက်နှင့် ဟက်တာ ၇၄၉ သန်းကို ဘက်စုံအသုံးပြုရန် သတ်မှတ်ထားပါသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ထုတ်လုပ်ရေးသစ်တောဧရိယာ ပြောင်းလဲမှုနည်းသော်လည်း ဘက်စုံအသုံးပြုဧရိယာသည် ဟက်တာ ၇၁ သန်းအထိ လျော့နည်းခဲ့ပါသည်။

(၁၅) ၁၉၉၀ ပြည့်နှစ်မှစ၍ သစ်တောဟက်တာသန်း ၁၁၀ ကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သတ်မှတ်ခဲ့ပြီး ယခုအခါ ကမ္ဘာ့သစ်တောများ၏ ၁၀ ရာခိုင်နှုန်း (ဟက်တာ ၄၂၄ သန်းခန့်) ကို သတ်မှတ်ထားပါသည်။ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်ကြားတွင် အများဆုံးသတ်မှတ်ခဲ့ပြီး လွန်ခဲ့သော ၁၀ နှစ်အတွင်း သစ်တောများအား ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး သတ်မှတ်မှုနှုန်းမှာ နှေးကွေးလျက်ရှိကြောင်း ဖော်ပြထားသည်။

(၁၆) သစ်တောဟက်တာ ၃၉၉ သန်းခန့်ကို မြေဆီလွှာနှင့် ရေအရင်းအမြစ်ကာကွယ်မှု အတွက် သတ်မှတ်ထားပြီး လွန်ခဲ့သော ၁၀ နှစ်အတွင်း အဆိုပါဧရိယာများ တိုးလာပါသည်။

(၁၇) သစ်တော ဟက်တာ ၁၈၆ သန်းကို အပန်းဖြေခြင်း၊ ခရီးသွားလုပ်ငန်း၊ ပညာရေးဆိုင်ရာ သုတေသနနှင့် ယဉ်ကျေးမှုနှင့် ယုံကြည်သက်ဝင်မှုနေရာများကို ထိန်းသိမ်းခြင်းစသည့် လူမှုဝန်ဆောင်မှုများတွင် အဓိကအသုံးပြုလျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ တစ်နှစ်လျှင် ဟက်တာ ၁၈၆၀၀၀ နှုန်းဖြင့် တိုးလာပါသည်။

**မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေ**

ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (GFRA 2020) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း (နိုင်ငံကုန်းမြေ ဧရိယာ၏ ၄၃ ဒသမ ၇၁ ရာခိုင်နှုန်း) ဖြစ်ပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆင့်ပြဇယားအရ အဆင့် (၇) တွင် ရှိပါကြောင်း ဖော်ပြပါရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (FRA 2015) အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှု အဆင့် ပြဇယားအရ အဆင့် (၃) တွင်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

“ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာ (GFRA 2020) အရ မြန်မာနိုင်ငံ၏ သစ်တော ဖုံးလွှမ်းမှုမှာ နိုင်ငံစုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း (နိုင်ငံကုန်းမြေဧရိယာ၏ ၄၃ ဒသမ ၇၁ ရာခိုင်နှုန်း) ဖြစ်ပြီး ကမ္ဘာ့သစ်တောပြုန်းတီးမှုအဆင့်ပြဇယားအရ အဆင့်(၇) တွင်ရှိပါကြောင်း ဖော်ပြပါရှိ”

*စာမျက်နှာ ၇ သို့*

# ဒုတိယဝန်ကြီး ဦးလှကျော် နေပြည်တော်အတွင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးကုစားမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်သည် ယနေ့ နံနက် ၉ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးစင်တာတွင် မိုးစပါးမျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများအား ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ မိုးသီးနှံစိုက်ပျိုး ပြီးစီးမှုအခြေအနေနှင့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ ကမ္ဘာ့ကူးစက်မြန် ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လူစုလူဝေးဖြင့် ဆောင်ရွက်ရသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံကို ထိခိုက်မှု ရှိနေသော်လည်း စိုက်ပျိုးရေးလုပ်ငန်း၏ သဘာဝအရ လေဝင်လေထွက်ကောင်းသောဝန်းကျင်၌ လူတစ်ဦးနှင့်တစ်ဦး ထိုက်သင့်သည့် အကွာအဝေးတွင် လုပ်ငန်းဆောင်ရွက်နိုင်ကြသည့်အတွက် လယ်ယာလုပ်ငန်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံး ရုန်းထွက်နိုင်ရေးကာလတို စီမံချက်ဖြစ်သည့် “ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်” (CERP)တွင် လယ်ယာကဏ္ဍဆိုင်ရာ အထောက်အပံ့ကို ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေး၊ ပြည်ပဝင်ငွေတိုးတက်ရရှိရေးတို့အတွက် အားကိုးအားထားပြုနေရသည့် တောင်သူများအနေဖြင့်လည်း မိမိတို့မိသားစုနှင့် မိမိတို့ရပ်ရွာ ဘေးကင်းကျန်းမာရေးကို အလေးဂရုပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ မိသားစုအိမ်ခြံဝင်းစိုက်ခင်းများကို ကြည့်ရှုစဉ်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား CERP အရ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် အကျိုးဆောင်တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယခုနှစ် မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း ၃၈၂၉ ဒသမ ၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ ၆၉ ဒသမ ၉၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မိုးစပါး ၁၄၄၀၈၂ ဧက အပါအဝင် မိုးသီးနှံစုံ စိုက်ဧကစုစုပေါင်း ၃၀၉၂၂၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ ကျေးရွာပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် မိသားစုအိမ်ခြံဝင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

လယ်ဝေးမြို့နယ်ရှိ သော်မှော်ကုန်း၊ ကံသာ၊ ကျွန်းကုန်း၊ ကြံခင်းစု၊ ရန်ကင်း စသည့်ကျေးရွာ ငါးရွာအပါအဝင် နေပြည်တော်အတွင်း ကျေးရွာပေါင်း ၄၀ ၌ Myanmar SMU စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေး စသည့်လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်လျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာတွင် CERP အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးအားပေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

သစ်တပ်ကျေးရွာတွင် Cash for Work စီမံကိန်းကို နိုင်ငံတော်၏ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ ဖြင့် အုတ်စီရေမြောင်းတူးဖော်ခြင်း၊ မြေသားမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဒေသနေပြည်သူများ ဝင်ငွေရရှိရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ သုတေသနစိုက်ခင်းများနှင့် မျိုးစေ့ပြခန်းများ၊ သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် သုတေသနပညာရှင်များက ရှင်းလင်းပြသကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ယခင်က ဒေသအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်သာ နှိုင်းယှဉ်ဖော်ပြခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် FRA 2010 မှအစပြု၍ ကမ္ဘာ့နိုင်ငံများ၏ သစ်တောပြုန်းတီးမှုအဆင့် နှိုင်းယှဉ်ပြဇယား (Countries’ Ranking Table) ကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ အဆိုပါ သစ်တောဖုံးလွှမ်းမှုဆိုင်ရာ အချက်အလက်များအရ သစ်တောပြုန်းတီးမှု အများဆုံး ၁၀ နိုင်ငံ၏ နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှုအဆင့်များကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပါသည်-

၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့ပြီး သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံများတွင် အဆင့် (၄)၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းဖြင့် အဆင့် (၈)၊ ၂၀၁၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အဆင့် (၃)နှင့် ၂၀၂၀ ပြည့်နှစ် အစီ ရင်ခံစာတွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းဖြင့် အဆင့် (၇) အသီးသီး ရှိခဲ့သည်။ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် ၀ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။

| အဆင့် | နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှု အများဆုံး (၁၀) နိုင်ငံ | | | |
|---|---|---|---|---|
| | (၁၉၉၀-၂၀၀၀) | (၂၀၀၀-၂၀၁၀) | (၂၀၁၀-၂၀၁၅) | (၂၀၁၀-၂၀၂၀) |
| ၁ | ဘရာဇီး | ဘရာဇီး | ဘရာဇီး | ဘရာဇီး |
| ၂ | အင်ဒိုနီးရှား | Australia ဩစတေးလျ | အင်ဒိုနီးရှား | ကွန်ဂို |
| ၃ | ဆူဒန် | အင်ဒိုနီးရှား | မြန်မာ (၄၂ ဒသမ ၉၂ ရာခိုင်နှုန်း ) | အင်ဒိုနီးရှား |
| ၄ | မြန်မာ (၅၁ ဒသမ ၅၄ ရာခိုင်နှုန်း ) | နိုင်ဂျီးရီးယား | နိုင်ဂျီးရီးယား | နိုင်ဂျီးရီးယား |
| ၅ | နိုင်ဂျီးရီးယား | တန်ဇန်းနီးယား | တန်ဇန်းနီးယား | တန်ဇန်းနီးယား |
| ၆ | တန်ဇန်းနီးယား | ဇင်ဘာဘွေ | ပါရာဂွေး | ပါရာဂွေး |
| ၇ | မက္ကဆီကို | ကွန်ဂို | ဇင်ဘာဘွေ | မြန်မာ (၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ) |
| ၈ | ဇင်ဘာဘွေ | မြန်မာ (၄၆ ဒသမ ၉၆ ရာခိုင်နှုန်း ) | ကွန်ဂို | ကမ္ဘောဒီးယား |
| ၉ | ကွန်ဂို | ဘိုလီးဗီးယား | အာဂျင်တီးနား | ဘိုလီးဗီးယား |
| ၁၀ | အာဂျင်တီးနား | ဗင်နီဇွဲလား | ဗင်နီဇွဲလား | မိုဇမ်ဘစ် |

**မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုလျှော့ချရေးလုပ်ငန်းစဉ်များ**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောများထာဝစဉ် တည်တံ့စေရေး၊ သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေးအတွက် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့်အတူ သစ်တောကဏ္ဍပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အောက်ပါလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုက်ပါသည်-

- ❖ ၂၀၁၄ ခုနှစ်မှ စတင်ပြီး သစ်အလုံးလိုက် ပြည်ပတင်ပို့မှု ရပ်ဆိုင်းခဲ့ခြင်း၊
- ❖ ၂၀၁၆ - ၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်မှုလုံးဝရပ်ဆိုင်းခဲ့၍ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်း၊
- ❖ ၂၀၁၆ - ၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများ အရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်း၊
- ❖ ပဲခူးရိုးမမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သစ်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်စဉ်ခုတ်လှဲခွင့်ပြုသော အပင်အရေအတွက် (Annual Allowable Cut) အောက် လျှော့ချထုတ်လုပ်ခြင်း၊
- ❖ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (၂၀၁၇-၁၈ မှ ၂၀၂၇-၂၈) ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စတင်အကောင်အထည်ဖော်ခြင်း၊
- ❖ တောရိုင်းတိရစ္ဆာန်များ နေရင်းဒေသ ပြန်လည်ထိန်းသိမ်းခြင်းစီမံကိန်း (၂၀၁၉-၂၀ မှ ၂၀၂၈-၂၉) ကို အကောင်အထည်ဖော်ခြင်း၊
- ❖ အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျအစီအစဉ်ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းသကဲ့သို့ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းတိုးတက်လာစေရေးနှင့် သစ်တောများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ ပြည်သူဗဟိုပြု လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း လျာထားချက်နှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာဧက ၂ ဒသမ ၂၇ သန်းကို စနစ်တကျတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းလုပ်ငန်း (Reducing Emissions from Deforestation and Forest Degradation and the role of Sustainable Management of Forests, Forest Conservation and the Enhancement of Forest Carbon Stock in the Developing Countries – REDD+) နိုင်ငံအဆင့် အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်း၊
- ❖ အစိမ်းရောင်ပတ်ဝန်းကျင် လှုပ်ရှားမှုအစီအစဉ်ကို ၂၀၁၄ ခုနှစ်မှ စတင်ခဲ့ပြီး နှစ်စဉ်သစ်မျိုးစုံပျိုးပင် ၁၀ သန်းကျော်ကို အစိုးရဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများသို့ ဖြန့်ဖြူးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပွဲအခမ်းအနားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးပြုစုထိန်းသိမ်းဆောင်ရွက်လျက်ရှိခြင်း၊
- ❖ စီမံအုပ်ချုပ်မှုစနစ် ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်မှုနှင့်အတူ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု (Forest Law Enforcement, Governance and Trade – FLEGT) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊
- ❖ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် ပူးပေါင်း၍ တရားမဝင်သစ်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ထိရောက်စွာ တားဆီးကာကွယ်နှိမ်နင်းခြင်း၊
- ❖ ပြည်သူအခြေပြု စောင့်ကြည့်သတင်းပို့ခြင်းစနစ် (Community Monitoring, Reporting System–CMRS) ကို အကောင်အထည်ဖော်ပြီး တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းကို တားဆီးကာကွယ်ခြင်း၊
- ❖ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change – UNFCCC) သို့ တင်သွင်းသည့် မိမိဆန္ဒအလျောက် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ် (Nationally Determined Contributions – NDC) တွင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ (နှင့် စွမ်းအင်ကဏ္ဍ) ကို အဓိကလုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သစ်တောများထာဝစဉ်တည်တံ့စေရေး**

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်း အဓိကအကြောင်းရင်းများသည် တရားဝင်သစ် အလွန်အကျွံထုတ်လုပ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်းတို့ကြောင့်သာမက သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော စိုက်ပျိုးရေး၊ သတ္တု၊ ရေအားလျှပ်စစ်၊ ဆည်မြောင်း လမ်း၊ မြို့ပြ၊ ကျေးရွာ ချဲ့ထွင်တည်ထောင်ခြင်း စသည့်ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်လျက်ရှိရာ သစ်တောပြုန်းတီးမှု လျှော့ချနိုင်ရေး၊ သစ်တောများထာဝစဉ်တည်တံ့စေရေးအတွက် အဆိုပါဆက်စပ်ဌာနများနှင့် ဟန်ချက်ညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သစ်တောပြုန်းတီးမှုကို ဖြစ်စေနိုင်သော လုပ်ငန်းစဉ်များကို ထိန်းချုပ်ခြင်း၊ သစ်တောထိန်းသိမ်းရေးကို အားပေးကူညီနိုင်မည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရန် ပူးပေါင်းညှိနှိုင်းဖော်ဆောင်ခြင်း၊ ထိရောက်သည့် အစိမ်းရောင် ဖွံ့ဖြိုးမှုမူဝါဒများ၊ ဥပဒေအထောက်အပံ့များ၊ နိုင်ငံရေးအရ အားပေးပံ့ပိုးကူညီမှုများ၊ လုံလောက်သော သွင်းအားစုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိရင်ဆိုင်နေရသော သစ်တောပြုန်းတီးမှုများကို လျှော့ချနိုင်ပြီး သစ်တောဖုံး လွှမ်းမှုများ ပိုမိုတိုးပွားလာကာ သစ်တောများ ထာဝစဉ်တည်တံ့စေနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ကိုးကား။ http://www.fao.org/forest-resources-assessment/2020/en/

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# မင်းသားကြီးမြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ယမန်နေ့မှအဆက်*

မင်းသားကြီးမြင့်စိုး ။ ။ မေရီမြနဲ့တွဲရမယ်ဆိုတော့ ဆရာဦးချစ်ဖေက စရိုက်ရိုက်ချင်း ကျွန်တော့်ကို Love Scene အရင်ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ သြော် ဒီကောင်လေးတော့ လုပ်တတ်မှာပဲ ဆိုပြီးတော့ ။

မင်းသားကြီးမြင့်စိုး ။ ။ Love Scene ရိုက်မယ်တဲ့။ ကျွန်တော်ကလည်း ပြဇာတ်ထဲမှာ မင်းသမီးနဲ့ တွဲဖက်နေတော့ တွဲလို့ရမယ်ထင်တာပေါ့။ ဒါပေမယ့် တကယ့် တကယ်ရိုက်တဲ့အခါကျတော့ မေရီမြကို ဒါရိုက်တာကနေ ပြီးတော့ ပခုံးလေးကိုင်ပြီးစကားပြောကွ ဆိုတော့ ကျွန်တော် လက်တွေတုန်နေတယ်၊ သူက နာမည်လည်း ကြီးတယ်၊ ကိုယ်ကအညာတရကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ လက်တွေတုန်နေတော့ ဦးချစ်ဖေကို မေရီမြက ဘာပြောလဲဆိုတော့ ဆရာ၊ ဆရာ့ကို သူကအဖေကြီးလို့ ခေါ်တယ် ။ အဖေကြီးတဲ့၊ ဒီမှာ မင်းသားက လက်တွေ တုန်နေတယ် ဖြစ်ပါ့မလားတဲ့ ၊ လက်တွေတုန်နေတယ် ဆိုတော့ ဟိုတုန်းက ဒါရိုက်တာကို သိပ်ကြောက်ရတယ် ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ ဆရာက မျက်မှန်တပ်ပြီးတော့ ဇာတ်ညွှန်းဖိုင်ကြီး ကိုင်ပြီးတော့ အနားကိုကပ်လာတယ် ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်လားမောင်မြင့်စိုး။ မင်းလက်တွေတုန်နေတယ် ဆို၊ ဟုတ်ပါတယ် ဆရာကြီးဆိုတော့။

**ကြည်စိုးထွန်း** ။ ။ သြော် တစ်ခါတည်း။

မင်းသားကြီးမြင့်စိုး ။ ။ သူကကျွန်တော်ကို ဆဲတော့မယ်၊ မောင်းထုတ်တော့မယ် အောက်မေ့တာပေါ့။ မင်းထွက်သွားတော့ ဘာတော့ ပြောရင်ပြောမယ် ပေါ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ ဒါရိုက်တာကို သိပ်ကြောက်ရတာကို၊ ဒါတောင်ခုထက်ထိ ကျွန်တော်တို့က ဒါရိုက်တာကို လေးစားနေတာ။ အရှိန်ပါနေတာ၊ ဒါလေးစားရမယ်လေ ဆရာ၊ သူက king of the set လေဆရာ ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ အဲဒီတော့ ဆရာဦးချစ်ဖေက သမီးတဲ့၊ သမီးနဲ့ မောင်မြင့်စိုးနဲ့က အခုက Love Scene စတွေ့ခါစ။ သိုက်စောင့်လေးနဲ့ ကရင်မလေးနဲ့တွေ့ခါစ First Scene ဖြစ်တယ်တဲ့။ ပထမဆုံး တွေ့ခါစ သမီး ရည်းစားတွေ့ခါစဆိုတာ ဘယ်သူပဲဖြစ်ဖြစ် လက်တုန်တယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ သဘာဝကျတယ်ပေ့ါလေ ။

မင်းသားကြီးမြင့်စိုး ။ ။ တုန်တဲ့အတိုင်းသာရိုက်မယ်။ ဒါမှသဘာဝကျတယ်။ ဟာ ကျွန်တော် သဘော ကျသွားတယ်၊ အဲဒီကနေပြီးတော့ ပညာရသွားတာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါပြီခင်ဗျ၊ အဲဒီတော့ တခြားအခက်အခဲတော့ မရှိလောက်ဘူးပေ့ါ။

မင်းသားကြီးမြင့်စိုး ။ ။ ရှိတာပေ့ါ။ ကျွန်တော့်ကို ဖိုက်တင်ရိုက်မယ်တဲ့၊ သိုက်ကားထဲမှာလည်း ဖိုက်တင်ပါတယ် ဆရာ ။

**ကြည်စိုးထွန်း** ။ ။ သြော် ဒါ ဖိုက်တင်ခေတ်စားသေးတာကိုး။

မင်းသားကြီးမြင့်စိုး ။ ။ ဖိုက်တင်ပါတော့ ကျွန်တော်ကမေးတယ်၊ ဘယ်လိုထိုးမလဲဆရာလို့၊ မင်းကသိုက်ကားထဲမှာလူယောင်ဆောင်ပြီးတော့ ထိုးရမှာပေ့ါတဲ့။

**ကြည်စိုးထွန်း** ။ ။ သြော် သြော် ။

မင်းသားကြီးမြင့်စိုး ။ ။ လူယောင်ဆောင်ပြီးထိုးတော့ ကျွန်တော်နဲ့ လူကြမ်းတွေနဲ့ ကျွန်တော် တစ်ခါမှလည်း မထိုးဖူးတော့ ညကျတော့ ကျွန်တော်ပင်ပန်းပြီး ရင်ဘတ်တွေနာပြီး ကျွန်တော့်အမေက ကျွန်တော့်ကို ကြပ်ထုပ်ထိုးပေးရတယ်။

**ကြည်စိုးထွန်း** ။ ။ သြော်။

မင်းသားကြီးမြင့်စိုး ။ ။ ကျွန်တော်က တော်ပြီ မင်းသားတောင်မလုပ်ချင်တော့ဘူးဆိုပြီး စိတ်ကုန်သွားတယ်။ ဒါပေမယ့် မနက်ဖြန်တစ်ရက်၊ နှစ်ရက်တော့ နေကောင်းသွားတော့ ပြန်ရိုက်ချင်တဲ့စိတ် ပေါက်သွားတာပေ့ါ ။




**ကြည်စိုးထွန်း** ။ ။ ဒါပေ့ါ ဒါပေ့ါ။

မင်းသားကြီးမြင့်စိုး ။ ။ အဲဒါ ဗဟုသုတပါပဲ ဆရာ ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ အဲဒီဟာက အသံတိတ်ကားနော် ။

မင်းသားကြီးမြင့်စိုး ။ ။ အသံတိတ်ကားဆရာ၊ ဗမာပြည်မှာနောက်ဆုံး အသံတိတ်ကား ။

**ကြည်စိုးထွန်း** ။ ။ နောက်ဆုံး ၁၉၅၅ ခုနှစ်လား ။

မင်းသားကြီးမြင့်စိုး ။ ။ ၁၉၅၅ ခုနှစ်လောက်မှာ ရိုက်တာ၊ နောက် ၁၉၅၆ ခုနှစ်လောက်မှာ ပြဖြစ်တယ် ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ အသံထွက်ပေါ်တာက ၁၉၃၂ ခုနှစ်မှာ မြန်မာနိုင်ငံမှာ အသံထွက် စပေါ်ပြီ ။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။

**ကြည်စိုးထွန်း** ။ ။ "ငွေပေးလို့မရ" ဆိုတာ ၁၉၃၂ ခုနှစ်ပေ့ါ။ အဲဒီကပေါ်သာ ပေါ်နေတာ အသံတိတ်ခေတ်ကလည်း မကုန်ဘူး။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တာပေ့ါ ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဘာလို့လဲ။

မင်းသားကြီးမြင့်စိုး ။ ။ စစ်ဖြစ်သွားတာကို ဆရာရဲ့။

**ကြည်စိုးထွန်း** ။ ။ ခင်ဗျာ။

မင်းသားကြီးမြင့်စိုး ။ ။ စစ်ဖြစ်သွားတဲ့အတွက်။

**ကြည်စိုးထွန်း** ။ ။ ဟိုဒင်းဗျ အသံတိတ်ပြစက်တွေကလည်း နယ်မှာရှိတာကို။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တာပေ့ါ ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အသံထွက်စက်ကို အခက်အခဲဖြစ်တဲ့အခါကျ အသံတိတ်ကားတွေပဲ ပြနေတော့ အခုမင်းသားကြီးက အဲဒီ "ကဇိုင်းအင်းသိုက်" ကို ရိုက်တဲ့အခါကျတော့ နောက်ဆုံး အသံတိတ်ကား မှတ်မှတ်သားသားတော့ဖြစ်တာပေ့ါ။ သို့သော် ရုပ်ရှင်သမိုင်းမှာဆို ဒါ မင်းသားကြီး ရိုက်တဲ့ကားဟာ 'ကဇိုင်းအင်းသိုက်' ဒါရိုက်တာဦးချစ်ဖေ၊ မေရီမြနဲ့ပေ့ါနော်၊ အဲဒီကားဟာဆိုရင် နောက်ဆုံးကားဆိုတာ။

မင်းသားကြီးမြင့်စိုး ။ ။ ခင်ခင်ဥလည်း ပါသေးတယ်ဆရာ ။

**ကြည်စိုးထွန်း** ။ ။ သြော် ခင်ခင်ဥဆိုတာ မှဲ့လေးနဲ့ ။

မင်းသားကြီးမြင့်စိုး ။ ။ ရှေ့တုန်းကမင်းသမီး မှဲ့လေးနဲ့။

**ကြည်စိုးထွန်း** ။ ။ စစ်ကြိုခေတ်က မင်းသမီးပေ့ါ ။

မင်းသားကြီးမြင့်စိုး ။ ။ နောက်ပြီးတော့ မင်းသားညွှန့်တင်လည်း ပါတယ် ဆရာ။

**ကြည်စိုးထွန်း** ။ ။ သြော် သိပါတယ်ခင်ဗျ။ မင်းသားညွှန့်တင် ဆံပင်ကောက်ကောက်နဲ့၊ ဟုတ်ကဲ့ ဟုတ်ကဲ့ သြော်– တော်တော်စုံတာပဲ ။

မင်းသားကြီးမြင့်စိုး ။ ။ တော်တော်စုံတယ်၊ အဲဒီဇာတ်ကားထဲမှာ လူရွှင်တော် ပန်ချာလည်း ပါတယ်။

**ကြည်စိုးထွန်း** ။ ။ သြော် သိတယ်ခင်ဗျ ဝဝကြီး ။

မင်းသားကြီးမြင့်စိုး ။ ။ ပန်ချာက ကျွန်တော့်ကို သဘောကျပြီးတော့ ပဒေသာဖလင်းကနေပြီးတော့ အချစ်ဇာတ်ခုံ ကျားဦးသိန်းမောင်နဲ့ ရိုက်မယ်ဆိုတော့ လက်ထောက်မင်းသား တစ်ယောက်လိုတယ်။




**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ Second Hero ပေ့ါဆရာရယ်။ လိုတော့ ဒီပြင်မင်းသားတစ်ယောက်နဲ့ သွားစကားပြောတော့ ခုလိုပဲပေ့ါ အဆင်မပြေတော့ ကျွန်တော့်ကိုတင်ရိုက်မယ် ပန်ချာကပြောတဲ့အတွက် မောင်မြင့်စိုးဆိုတာ ရှိတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

မင်းသားကြီးမြင့်စိုး ။ ။ အခု 'ကဇိုင်းအင်းသိုက်' ရိုက်နေတာတော်တယ်။ သီချင်းနဲ့ ကျွန်တော်တို့ ရုပ်ရှင်ကား ဟိုတုန်းက Shooting bus နဲ့ လိုက်ရတာပေ့ါ ဆရာရယ်။ လိုက်တော့ လမ်းမှာ ကျွန်တော် သီချင်းတွေ ဘာတွေ ဆိုသွားတာပေ့ါ။

**ကြည်စိုးထွန်း** ။ ။ သြော် သြော်။

မင်းသားကြီးမြင့်စိုး ။ ။ ဝါသနာပါတယ်။ ဟာ ဒီကောင်အသံလည်းကောင်းတယ်။ ရုပ်လည်းဆရာပြောသလိုပေ့ါ။ လူချောပေ့ါဆရာရယ် ။

**ကြည်စိုးထွန်း** ။ ။ လူချော လူလှ ။

မင်းသားကြီးမြင့်စိုး ။ ။ အခုတော့ လူပေ့ါ ဖြစ်နေပြီပေ့ါ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ မဟုတ်ပါဘူးဗျာ၊ ကျန်ပါသေးတယ်အများကြီး၊

မင်းသားကြီးမြင့်စိုး ။ ။ အဲဒါနဲ့ ကျွန်တော့်ကို ကျားဦးသိန်းမောင်က ကျွန်တော့်ရုံးမှာ၊ ကျွန်တော်အဲဒီတုန်းက ရဲမှာ၊ ရဲမှာလုပ်တုန်း ဆရာရဲ့၊ ကျွန်တော့်ရုံးကို လိုက်လာတယ်။ လိုက်လာပြီးတော့ ကျွန်တော့်ကိုလာ သဘောကျပြီးတော့ 'အချစ်ဇာတ်ခုံ' ရိုက်မယ်ဆိုတော့ အဲဒီမှာ အသံထွက်စရိုက်ရတယ် ပဒေသာဖလင်း ။

**ကြည်စိုးထွန်း** ။ ။ ပဒေသာဖလင်းက နာမည်ကြီး၊ ဘာလို့လဲဆို နောက်ပိုင်းကျ ပဒေသာဖလင်းကနေပြီးတော့ နန်းတွင်းအရေးတော်ပုံတို့၊ ဘာတို့ ရိုက်တာကိုး၊ နောက်ပြီးတော့ အဲဒီက ဦးထွန်းလင်း ထင်တယ်နော် ။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ဦးထွန်းလင်း ။

**ကြည်စိုးထွန်း** ။ ။ ဦးထွန်းလင်းဟာ တစ်ခါတည်းကို အသက်ကိုရင်းပြီးတော့ ရိုက်သွားတာ အဲဒီကားကနော် ။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တယ်ဆရာ ဟုတ်တယ် ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ကြားသလောက်တကယ့်ကြီးကြီးကျယ်ကျယ် ကားကြီးကို သူရိုက်သွားပြီးတော့ ပဒေသာဖလင်းကလည်း ဒီမြန်မာ့ရုပ်ရှင်လောကမှာဆိုရင်တော့ အကြီးကျယ်ဆုံး ကားတစ်ကားကို ရိုက်သွားတဲ့ ရုပ်ရှင်ကုမ္ပဏီအနေနဲ့ ကျွန်တော်တို့က အလေးအမြတ်ပြုရမှာပဲ။ ဂုဏ်ယူဖွယ်ကောင်းတဲ့ကုမ္ပဏီနဲ့ မင်းသားကြီးက ရိုက်ခဲ့ရတယ်ဆိုတော့ ဒါဂုဏ်ယူဖို့ကောင်းပါတယ်။

မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ပဒေသာဖလင်းက 'အချစ်ဇာတ်ခုံ'။

မင်းသားကြီးမြင့်စိုး ။ ။ ပဒေသာဖလင်းက 'အချစ်ဇာတ်ခုံ'။

**ကြည်စိုးထွန်း** ။ ။ မေရီမြင့်ပါတယ်။

*စာမျက်နှာ ၉ သို့*


ခင်ခင်ဥ


လူရွှင်တော် ပန်ချာ


ကျား ဦးသိန်းမောင်


မေရီမြင့်


မြင့်အောင်

*စာမျက်နှာ ၈ မှ*
မင်းသားကြီးမြင့်စိုး ။ ။ မေရီမြင့်နဲ့ ပထမဆုံးစတွေ့တာ။
**ကြည်စိုးထွန်း** ။ ။ နောက် ရိုးရိုးကြီးဖေယျ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း** ။ ။ နောက် မင်းသားကြီးဖေယျလည်း ပါတယ်နော် ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း** ။ ။ အဲဒီမှာ နောက်တစ်ခါပြောစရာက ဒါရိုက်တာ၊ မင်းသားကြီးက နာမည်ကြီးတဲ့ ဒါရိုက်တာနဲ့ချည်းရိုက်တာ၊ ပထမစတက်တဲ့အခါကျတော့။
မင်းသားကြီးမြင့်စိုး ။ ။ ဆရာဦးချစ်ဖေ။
**ကြည်စိုးထွန်း** ။ ။ ဦးချစ်ဖေဆိုတာ တကယ့်နာမည်ကြီးပါနော်။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တယ်ဆရာ။
**ကြည်စိုးထွန်း** ။ ။ ကျွန်တော်သိတာတော့ ဦးချစ်ဖေက ကျွန်တော်တို့ငယ်ငယ်တုန်းက ကြည့်ရရင် သူက သိုက်ဆရာကြီးတွေနေရာမှာပါတယ် သူက။
မင်းသားကြီးမြင့်စိုး ။ ။ သိုက်ဆရာ သူကဇာတ်ကောင်လည်း ဝင်လုပ်တယ်။
**ကြည်စိုးထွန်း** ။ ။ သိုက်ဆရာကြီးနေရာပါပြီးတော့ သိုက်ကားတွေ ရိုက်တာ သိပ်ကောင်းတာ။
မင်းသားကြီးမြင့်စိုး ။ ။ ဟာ တော်တာပေါ့၊ သူကနောက်ပြီးတော့ ဆရာရဲ့ glass ပေါ့ဆရာရယ်၊ မှန်ချပ်သိပ်ကောင်းတယ်။
**ကြည်စိုးထွန်း** ။ ။ မှန်ချပ် ဟုတ်ကဲ့ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ မှန်ချပ်ကို ဆရာရဲ့ fore ground နဲ့ပေါ့ ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ နန်းတော်ပုံတို့၊ ဥယျာဉ်ပုံတို့၊ ဘာတို့။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ သိပ်တော်တယ်ဆရာ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။
မင်းသားကြီးမြင့်စိုး ။ ။ သူကပန်းချီလည်း ပန်းချီဆရာ ။
**ကြည်စိုးထွန်း** ။ ။ ဩော် အဲဒါကြောင့်ပေါ့ ဟုတ်ကဲ့ ။
မင်းသားကြီးမြင့်စိုး ။ ။ သိပ်တော်တယ် ။
**ကြည်စိုးထွန်း** ။ ။ ခုနက ရွှေချည်ထိုးတွေ၊ ဘာတွေလည်း ရတယ်နော် ။
မင်းသားကြီးမြင့်စိုး ။ ။ဟုတ်တယ် ဆရာ။
**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခါကျတော့ နောက်ဒုတိယဒါရိုက်တာကျတော့ မင်းသားကြီးက ဘယ်သူနဲ့ ရိုက်ရလဲဆိုတော့ ကျားဦးသိန်းမောင်ပေါ့နော်။
မင်းသားကြီးမြင့်စိုး ။ ။ ကျားဦးသိန်းမောင် ၊
**ကြည်စိုးထွန်း** ။ ။ ကျားဦးသိန်းမောင်ဆိုတာလည်း တကယ့်ကို 'ကျား' ဆိုတဲ့ ကားနဲ့ တစ်ကားတည်းနဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ဟာ သိပ်နာမည်ကြီးတာ၊ ချစ်ဆွေလေ ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ချစ်ဆွေတို့၊ ကျော်ညွှန့်တို့ ဆရာ။ x ကျားဆိုမှ ကျားပါ xx ညီညီညာညာ xx သီချင်းက သိပ်ကောင်းတာ၊ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကြည့်ခဲ့တာပေါ့ဆရာရယ် ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊ ဒါကတော့ အသံတိတ်ပေါ့နော် ၊ စစ်ကြိုခေတ်ကပေါ့၊ ဒီဘက်စစ်ပြီးခေတ်ရောက်တဲ့အခါကျတော့ မင်းသားကြီးက အဲဒီလို တကယ့်နာမည်ရတဲ့၊ တကယ့်ကို ပညာစုံတဲ့၊ ပညာပြည့်ဝတဲ့ ဒီဒါရိုက်တာကြီးနဲ့ သွားတွေ့ရတာပေါ့၊ ကျားဦးသိန်းမောင်ဆိုတာနဲ့ လေနော်။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ မေရီမြင့်က အင်မတန်လှတယ်လို့ပြောတယ်။ ဘာလို့ မေရီမြင့်လှလဲဆိုတော့ ကျွန်တော့်တည်းဖြတ်ဆရာ ညွှန့်မြန်မာက ကိုတင်ငွေတဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း** ။ ။ ဆုံးသွားရှာပါပြီ။ အဲဒီတော့ ကိုတင်ငွေက ဘယ်သူတွေ ဘာပြောပြောကွာတဲ့ မင်းသမီးထဲမှာတော့ ငါက မေရီမြင့်ကို အကြိုက်ဆုံးပဲတဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ပါတယ်။
**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တို့ကတော့ ပိတ်ကားနဲ့ပဲ မြင်ဖူးတာကိုး ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တာပေါ့ ။
**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ကျွန်တော့်ဆရာကတော့ အဲဒီလိုပြောသွားဖူးတယ် မင်းသားကြီးရဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့။
**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ဘယ်လောက်များချောသလဲ မင်းသားကြီး ပြောစမ်းပါဦး။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ပြီ၊ ဟုတ်ပြီဆရာ၊ တကယ် အခုထက်ထိ ကျွန်တော်တို့ ကောင်လေးတွေ လူငယ်တွေမင်းသမီးတွေ မေးတုန်းပဲ။ ဟိုတုန်းက မင်းသမီးဘယ်သူချော၊ ဟိုတုန်းက မင်းသား မင်းသမီးတွေကို၊ မင်းသမီးတွေကို သူတို့က ချောတယ်လို့ မထင်ဘူးဆရာရဲ့ ။
**ကြည်စိုးထွန်း** ။ ။ မှားသွားမယ်၊ မှားသွားမယ် ။
မင်းသားကြီးမြင့်စိုး ။ ။ အမှန်မှာက အခုခေတ်ပဲ သူတို့က ချောတယ်ထင်တာ။
**ကြည်စိုးထွန်း** ။ ။ ထင်တာ။
မင်းသားကြီးမြင့်စိုး ။ ။ ဒါထုံးစံပေါ့ဆရာရယ်။
**ကြည်စိုးထွန်း** ။ ။ ခဏလေး မင်းသားကြီးရဲ့ ဖြတ်ပြောပါရစေ ။ ကျွန်တော် အခုပေါ့လေ ဒီရုပ်ရှင်သမိုင်းကို ပြန်ပြီးတော့ ထုတ်ဖော်ပြီးတော့ပေါ့လေ ဒီသမိုင်းကိုလိုက်တဲ့အခါကျတော့ ကျွန်တော်က မင်းသား မင်းသမီးတွေကို ကြည့်တာပေါ့၊ အထူးသဖြင့် မင်းသမီးတွေပေါ့လေ ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။
**ကြည်စိုးထွန်း** ။ ။ မင်းသမီးတွေကြည့်တဲ့အခါကျတော့ မင်းသမီးတွေ သိပ်လှတာပဲ ။



မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တယ်ဆရာ။
**ကြည်စိုးထွန်း** ။ ။ လှတာ ဘယ်လိုလှလဲဆိုတော့ မြန်မာပုံစံလှတယ် ။
မင်းသားကြီးမြင့်စိုး ။ ။ မှန်တာပေါ့ ။
**ကြည်စိုးထွန်း** ။ ။ အခု ကိုရီးယားပုံစံ မဟုတ်ပါဘူး။ အနောက်နိုင်ငံပုံစံ လှတာ မဟုတ်ဘူးနော် ။
မင်းသားကြီးမြင့်စိုး ။ ။ မှန်တယ် မှန်ပါတယ်။
**ကြည်စိုးထွန်း** ။ ။ မြန်မာပုံစံနဲ့ အရင်ကလှခဲ့ဖူးတဲ့မင်းသမီးတွေ အများကြီးတွေ့တာ၊ အဲဒီတော့ မင်းသားကြီး ကဲ မေရီမြင့်အလှကို ပြောစမ်းပါဦး ။
မင်းသားကြီးမြင့်စိုး ။ ။ မေရီမြင့် ဆရာရယ် ရှင်းရှင်းပြောရရင်တော့ မေရီမြင့်အလှက သူက အော်ရယ်ဂျင်နယ်ပဲ ။ အော်ရယ်ဂျင်နယ်လှတာ ၊ အသားရော၊ ရုပ်ရည်ရော၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ အရပ်အမောင်းရော ပြောစရာမလိုအောင်ကို လှတာ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။
မင်းသားကြီးမြင့်စိုး ။ ။ မေရီမြင့်နဲ့တူတာ၊ မေမြင့်နဲ့ သွားတူတယ်။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ဒါပေမယ့် မေရီမြင့်က ပိုချောတယ်။
**ကြည်စိုးထွန်း** ။ ။ မေမြင့်က ကျွန်တော် သိတာက မေမြင့်က ကျွန်တော်တို့ ဟိုဘက်က။
မင်းသားကြီးမြင့်စိုး ။ ။ အေဝမ်းဦးညွှန့်မောင်ရဲ့ ဇနီး။
**ကြည်စိုးထွန်း** ။ ။ သိတယ် ထိုင်းသွေးတောင် စပ်တယ်လို့ပြောတယ် ။
မင်းသားကြီးမြင့်စိုး ။ ။ ဩော် ဟုတ်တယ်၊ သူက ရှန်ဟဲမယ်လို့ ပြောတယ်ဆရာ။
**ကြည်စိုးထွန်း** ။ ။ ရှန်ဟဲမယ်က မေရီမြင့် ။
မင်းသားကြီးမြင့်စိုး ။ ။ မေရီမြင့် မေရီမြင့် ။
**ကြည်စိုးထွန်း** ။ ။ ဟိုဘက်က မေမြင့် ။
မင်းသားကြီးမြင့်စိုး ။ ။ ဩော် မေမြင့်လား။
**ကြည်စိုးထွန်း** ။ ။ မေမြင့်က ထိုင်း။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်လား။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ။
မင်းသားကြီးမြင့်စိုး ။ ။ ဖြစ်နိုင်တယ် ဖြစ်နိုင်တယ် ။
**ကြည်စိုးထွန်း** ။ ။ ထိုင်းသွေးစပ်တယ်ကြားတယ် ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်မယ် ဟုတ်မယ် ။
**ကြည်စိုးထွန်း** ။ ။ အဲဒီလို၊ ဒါကြောင့် သူကအသံတောင်မှ ထိုင်းမှာလည်း နေဖူးတာကိုး ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။
**ကြည်စိုးထွန်း** ။ ။ ငယ်ငယ်က ထိုင်းမှာနေဖူးတော့ အသံကလည်းဝဲတယ်။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။
**ကြည်စိုးထွန်း** ။ ။ နည်းနည်း အဲဒါကိုပြင်ရတယ်ပေါ့ ။ နောက်ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်သမီးဆို အေဝမ်းရောက်တာပဲ ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။
**ကြည်စိုးထွန်း** ။ ။ အေဝမ်းရောက်ပြီးတော့ 'မေ' ထဲပါသွားတာပဲ ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်တာပေါ့။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊ ကဲ မေရီမြင့်ကိုပြောဦး၊
မင်းသားကြီးမြင့်စိုး ။ ။ မေရီမြင့်နဲ့ ကျွန်တော် အဲဒီမှာ 'အချစ်ဇာတ်ခုံ' မှာ စရိုက်တော့ ကျွန်တော်နဲ့ မေရီမြင့်နဲ့တွဲတဲ့ပုံ၊ ကျွန်တော်ကလည်း ဆရာပြောသလိုပေါ့၊ ရုပ်ရည်ကလည်း ဟိုတုန်းက ငယ်ငယ်တုန်းကချောတယ်။ မေရီမြင့်နဲ့ လိုက်တယ်ဆိုတော့ ဆရာဦးချင်းစိန်ကနေပြီးတော့ ဇာတ်ကားတစ်ကား ရိုက်ဖို့လို့ စီစဉ်တယ်။
**ကြည်စိုးထွန်း** ။ ။ ဩော် ဆက်ပြီးတော့ ။
မင်းသားကြီးမြင့်စိုး ။ ။ အဲဒီမှာလည်း ကျွန်တော်သတိရလို့ ပြောပြဦးမယ်။ ဆရာဦးချင်းစိန်က အေဝမ်းမှာ အဲဒီတုန်းက လခစား။
**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။
မင်းသားကြီးမြင့်စိုး ။ ။ လခစားလုပ်တော့ ကိုမြင့်အောင်နဲ့ ရိုက်တဲ့ 'လေထဲကဖူးစာ' ဆိုတဲ့ဇာတ်ကား။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ကိုမြင့်အောင်နဲ့ မရိုက်ခင် သူက အေဝမ်းကို သူက တင်ပြတယ်။ ကျွန်တော့်ဆီမှာ ကျွန်တော်က တက္ကသိုလ် တကောင်းကျောင်းဆောင်က ဆရာဦးကျော်ထွန်းနဲ့ ပတ်သက်ပြီးတော့ လည်းကောင်း၊ နောက်ပြီးတော့ ဘိတ်ကလာတဲ့ငပြာရည် ဦးကျော်စိုး၊ ဦးကျော်စိုးနဲ့ ပတ်သက်ပြီး



တော့လည်းကောင်း ဆရာဦးချင်းစိန်နဲ့ ဆက်သွယ်မှုရခဲ့တယ်။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ရတော့ ဆရာဦးချင်းစိန်က ကျွန်တော်က အဆိုတော်လည်း ဖြစ်တယ်၊ ပြဇာတ်မင်းသားလည်းဖြစ်တယ်၊ သီချင်းလည်းဆိုတတ်တယ်၊ ရုပ်လည်းရှိတယ်ဆိုတော့ 'လေထဲက ဖူးစာ' ကိုကျွန်တော်နဲ့ ရိုက်ဖို့ စီစဉ်တာ၊ စီစဉ်တော့ အေဝမ်းကို သူကတင်ပြတယ် ။ တင်ပြတော့ အဲဒီစကား ဆရာဦးချင်းစိန်ပြန်ပြောမှ ကျွန်တော်သိရတာပါ။ တင်ပြတော့ အေဝမ်းကနေပြီးတော့ မောင်မြင့်အောင်ရှိသားပဲ။ မောင်မြင့်အောင် လခစားဖြစ်နေတာပဲ ။ မောင်မြင့်အောင်က သီချင်းမဆိုတတ်ပါဘူးဆိုပြီး ဥက္ကဋ္ဌဦးတင်နွယ်တို့ကို ပြောပြတာပေါ့။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ မောင်မြင့်စိုးက သီချင်းလည်းဆိုတတ်တယ် 'လေထဲကဖူးစာ' နဲ့ Character လိုက်တယ် ပေါ့ဆရာရယ်။ လိုက်တယ်ဆိုတော့ ဟာ၊ လွယ်ပါတယ် ကိုချင်းစိန်ရဲ့ မောင်ဝေဇင်ရှိသားပဲ ။
**ကြည်စိုးထွန်း** ။ ။ ဝေဇင်ကို ဆိုခိုင်းရမယ် ။
မင်းသားကြီးမြင့်စိုး ။ ။ မောင်ဝေဇင်နဲ့ play back ပေါ့ဟုတ်လား ။ substitute ပေါ့ဆရာရယ်။ အဲဒီလိုလုပ်လိုက်ပြီးတာပဲ ဆိုတော့ အဲဒါနဲ့ အေဝမ်းကိုမလွန်ဆန်နိုင်တော့ ကျွန်တော်နဲ့ မရိုက်ဖြစ်ဘဲနဲ့ မြင့်အောင်နဲ့ ရိုက်တဲ့အတွက် ကိုမြင့်အောင်သည် ကျွန်တော့်ထက် ဇာတ်ကားတစ်ကား စောသွားတယ်။ 'လေထဲကဖူးစာ'။ မြင့်မြင့်ခင်နဲ့ တူပါတယ်နော် ။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ်ခင်ဗျ၊ မြင့်မြင့်ခင်ရယ်၊ ဝေဇင်ရယ် အဲဒီတုန်းကပါတာ ဦးချင်းစိန်နဲ့ နောက် ဒေါ်မေနွဲ့တို့ပေါ့လေ ။
မင်းသားကြီးမြင့်စိုး ။ ။ ဟုတ်ကဲ့ ။
**ကြည်စိုးထွန်း** ။ ။ တစ်ခုတော့ ကောင်းပါတယ်မင်းသားကြီးရဲ့။ ဘာလို့တုန်းဆို ကျွန်တော်တို့ ဒီရုပ်ရှင်ကြည့် ပရိသတ်အနေနဲ့ မင်းသားချော မင်းသားလှ နှစ်ယောက်ကြည့်ရတာပေါ့ ။
မင်းသားကြီးမြင့်စိုး ။ ။ ပိုစုံသွားတာပေါ့၊ အပြိုင်အဆိုင်ပေါ့ဆရာ။ ခေတ်ပြိုင်ဖြစ်သွားတာပေါ့။
**ကြည်စိုးထွန်း** ။ ။ ဒါပေါ့မင်းသားကြီးရယ်၊ ဆိုလိုတာကတော့ ပင်လယ်ရေပဲ၊
မင်းသားကြီးမြင့်စိုး ။ ။ ဒါပေါ့။
**ကြည်စိုးထွန်း** ။ ။ သမုဒ္ဒရာရေပဲ။
မင်းသားကြီးမြင့်စိုး ။ ။ သိပ်ကောင်းတာပေါ့၊ ညီအစ်ကိုတွေလို ဖြစ်သွားတာပေါ့။
**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။
မင်းသားကြီးမြင့်စိုး ။ ။ အဲဒါနဲ့ကျွန်တော်က 'ချစ်ဖေဖေ' မှာဆရာဦးချင်းစိန်က အေဝမ်းက ထွက်ပြီးတော့၊ မြညွှန့်ရုပ်ရှင်ကနေပြီးတော့ 'ချစ်ဖေဖေ'ရိုက်မယ်ဆိုတော့ မေရီမြင့်နဲ့ တွဲလိုက်တာ ။ နောက်ပြီးတစ်ခု ပြောပြဦးမယ်။ ခုနက 'အချစ်ဇာတ်ခုံ' မှာ ကျွန်တော့်ဆရာ ကျားဦးသိန်းမောင်ပေါ့ ဆရာရယ်။
**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။
မင်းသားကြီးမြင့်စိုး ။ ။ ပထမ တော်ကီဒါရိုက်တာပေါ့ ။ ရိုက်တော့ ကျွန်တော့်ကို ကျောင်းသားဘဝလေးနဲ့ရိုက်တော့ မေရီမြင့်နဲ့တွဲတော့ အခန်းကသိပ်မများဘူးဆရာရယ်။ ကျွန်တော်က မော်တော်ကားမောင်းပြီးတော့ မေရီမြင့်နဲ့ တွေ့ပြီး အပြန်မှာ အက်ဆီးဒင့်ဖြစ်သွားပြီး သေသွားတာ။ သေသွားတာ ဇာတ်လမ်း ဇာတ်ကပေါ့၊ သေသွားတော့ ပရိသတ်ကနေပြီးတော့ ပြောတယ်ပေါ့။ ဒီလောက်တောင်ချောတဲ့၊ ဒီလောက်တောင်တော်တဲ့ မင်းသားလေးကို အစောကြီး သတ်ပစ်လား၊ ဒါရိုက်တာက အစောကြီးသတ်ပစ်တယ်၊ နောက်မှ ပြန်ကြားတာပါ၊ ဒါဇာတ်လမ်းအရပေါ့။ ဒါဆရာ့အပြစ်မဟုတ်ပါဘူး၊ ဇာတ်လမ်းအရ ။
**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့ မှန်တာပေါ့ ။
မင်းသားကြီးမြင့်စိုး ။ ။ ကျွန်တော်သေသွားတော့မှ သူက မေရီမြင့်က ဖိုးပါကြီးနဲ့ ပြန်တွေ့ရမှာကိုး။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ၊ ဒါယိကာမများက ပွင့်ဖြူမြို့နယ် ပညာရေးဌာနသို့ ကိုဗစ် - ၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ပွင့်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးအလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ၊ ဒါယိကာမများက ပွင့်ဖြူမြို့နယ်ပညာရေးဌာနအတွက် စုပေါင်းလှူဒါန်းသော ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း ပြည်သူများ ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး နိုင်ငံတော်အစိုးရ၏ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာလမ်းညွှန်မှုများကို အလေးထား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ယနေ့ ပွင့်ဖြူမြို့နယ်ပညာရေးဌာနအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးသုံးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးပါသော ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့်တကွ အလှူရှင်များကို မိမိအနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းတို့က တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်သွားကြရန် အသီးသီး ရှင်းလင်းဆွေးနွေး ပြောကြားပြီး ရွှေပါရမီပညာရေး ဖောင်ဒေးရှင်း(မကွေး)ဥက္ကဋ္ဌ ဦးအေးကိုကိုက ပွင့်ဖြူမြို့နယ် ပညာရေးဌာနအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပေးရခြင်း၏ ရည်ရွယ်ချက်နှင့် လှူဒါန်းမည့်ပစ္စည်းအမျိုးအမည်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့နယ် ပညာရေးဌာနအတွက် ရွှေပါရမီတောရ ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းရာ ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင်က အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားကာ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထွေထွေပိုလျှံ ရန်ပုံငွေကျပ် ၈၁ သန်းဖြင့် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မင်းဘူး- ပွင့်ဖြူ - စလင်းသွား မြို့ရှောင်လမ်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြို့ပြ သန့်ရှင်းသာယာလှပစေရေးအတွက် အုတ်ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မင်းဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ပြန်/ဆက်)**

# ဒဂုံဆိပ်ကမ်းမြို့နယ် (၉၁) ရပ်ကွက် ပရဟိတနာရေးကူညီမှုအသင်းသို့ အရေးပေါ်လူနာတင်ယာဉ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့နယ် (၉၁) ရပ်ကွက် ပရဟိတနာရေး ကူညီမှုအသင်းသို့ ကျန်းမာရေးအထောက်အကူပြု အရေးပေါ်လူနာတင်ယာဉ် လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါအသင်းရုံး၌ ပြုလုပ်သည်။

အဆိုပါ ပရဟိတနာရေးကူညီမှုအသင်းသို့ ဒဂုံဆိပ်ကမ်းမြို့နယ် (၈၉) ရပ်ကွက် ဒဂုံလမ်းနေ (ဦးအုံးကြိုင်)+ ဒေါ်သန်းငွေးမိသားစုက ငွေကျပ် ၈၁ သိန်း တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုအရေးပေါ်လူနာတင်ယာဉ် (အခမဲ့) ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဒဂုံဆိပ်ကမ်းမြို့နယ် (၉၁) ရပ်ကွက် ပရဟိတနာရေးကူညီမှုအသင်းမှ အရေးပေါ်လူနာတင်ယာဉ် (အခမဲ့)လိုအပ်ပါက ဖုန်း ၀၉-၄၂၀၂၃၃၃၇၁၊ ၀၉-၄၂၅၀၂၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။ **သတင်းစဉ်**



# သဘာဝဝတ်မှုန်ကူး ခရမ်းချဉ်မျိုးများ၏ အရည်အချင်းနှင့် အရည်အသွေး လက္ခဏာများ နှိုင်းယှဉ်လေ့လာသည့် သုတေသနဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားမှုဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်သုတေသနဌာနစု တာဝန်ခံ ဒေါ်လုဘူ၊ သုတေသနပညာရှင် ဒေါ်သိင်္ဂီမြင့်နှင့်အဖွဲ့သည် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှ သဘာဝဝတ်မှုန်ကူး ခရမ်းချဉ်မျိုးများနှင့် မြန်မာနိုင်ငံဒေသများမှ စုဆောင်းရရှိထားသော ဒေသခရမ်းချဉ်မျိုးများ၏ အရည်အချင်းနှင့် အရည်အသွေး လက္ခဏာများ နှိုင်းယှဉ်လေ့လာသည့် သုတေသနကို ဆောင်ရွက်လျက်ရှိသည်။




အဆိုပါသုတေသနကို ခရမ်းချဉ်မျိုးကွဲများထဲမှ ဒေသအလိုက် ရောဂါဒဏ်ခံနိုင်ပြီး အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော မျိုးများ ရရှိရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၉-၂၀၂၀ မိုးရာသီ၌ သုတေသနပြုဆောင်ရွက်လျက်ရှိရာ ကွင်းပြင်တွင်လည်းကောင်းနှင့် အမိုးအကာအောက်တွင်လည်းကောင်း စမ်းသပ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ ယင်းစမ်းသပ်ကွက်တွင် အသုံးပြုသည့် ခရမ်းချဉ်မျိုးများမှာ မြန်မာဒေသမျိုး ၅၁ မျိုး၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာနမှ ၂၄ မျိုးနှင့် စီးပွားဖြစ်စပ်မျိုးတစ်မျိုး စုစုပေါင်း ခရမ်းချဉ် ၇၆ မျိုးကို ယှဉ်ပြိုင်သုတေသနပြုစိုက်ပျိုးထားခြင်းဖြစ်သည်။

ယင်းသုတေသနသည် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ကိုရီးယားနိုင်ငံ အာရှဒေသစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFACI) အထောက်အပံ့နှင့် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဗဟိုဌာန (World Vegetable Center) မှ မျိုးနှင့် နည်းပညာကူညီပေးမှုဖြင့် အာရှဒေသနိုင်ငံများတွင် ဟင်းသီးဟင်းရွက်မျိုးများအနက် ခရမ်းချဉ်မျိုးမွေးမြူရွေးချယ်ခြင်းဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ဆောင်ရွက်ထားသည့် သုတေသနဖြစ်ပြီး စီမံကိန်းကာလမှာ သုံးနှစ်ကြာမြင့်မည်ဖြစ်သည်။ စီမံကိန်းကာလအတွင်း သုတေသနတွေ့ရှိချက်များအရ မိုးရာသီတွင် ခရမ်းချဉ်မျိုးများကို အမိုးအကာအောက်အတွင်း စိုက်ပျိုးခြင်းသည် မိုးရွာခြင်း၊ ရေဝပ်ခြင်းနှင့် ရာသီဥတုဒဏ်များမှ ကင်းဝေး၍ အပင်ကြီးထွားမှု ဖြစ်ထွန်းကြောင်း တွေ့ရှိရသည်။ ထို့အပြင် အပင်ရောဂါ သုတေသန စစ်ဆေးချက်များအရ ပင်စည်ပုပ်ရောဂါ ခံနိုင်ရည်ရှိသော ခရမ်းချဉ်မျိုးသုံးမျိုး ရရှိနေပြီဖြစ်ကာ စီမံကိန်းကာလအတွင်း အထွက်နှုန်းကောင်း၊ အသီးအရည်အသွေးကောင်းသောမျိုးများကို ရှာဖွေသုတေသနပြုရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



● *ကျောဖုံးမှ*

ရောဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း သုံးလက်မခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**


## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်




*၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်*

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ပြင်ဦးလွင်နှင့် မိုင်းဖြတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာအနီး၊ လားရှိုး-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ်(၂၈/၂)တွင် ယာဉ်မောင်း စိုင်းရွှေလှ မောင်းနှင်သည့် DONG FENG အမျိုးအစား တွဲကားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၆၁၆၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၈ ကီလို၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ပုသိမ်ကြီးမြို့နယ် ကျောက်ချော ကျေးရွာအနီး မန္တလေး- လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၁၅/၃) အနီးတွင် ဇော်လင်းအောင်အား ဝှစ်အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာအတွင်း ရှိ လက်ဖက်ရည်ဆိုင်တွင် ဇော်ဝင်းအား SM SUPER MANN(SML-01), PICK UP အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့ဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် မထွေးထွေးသန်းအား ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာရှိ ဆီဆိုင်အနီးတွင် လက်ကိုင်ဖုန်းတစ်လုံးဖြင့် လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် အောင်ပင်လယ်အဝိုင်းအနီးတွင် မနန်းကြည်ကြည်ဝင်းအား လက်ကိုင်ဖုန်းတစ်လုံးဖြင့် လည်းကောင်း၊ အောင်မြေသာဇံမြို့နယ် အနိပ်တော်ရပ်ကွက်အတွင်းရှိ ဟိုတယ်ဝင်းအတွင်း၌ မနန်းဟွမ်ဦး၊ စိုင်းဌေးအောင်၊ မနန်းငွေနုတို့ သုံးဦးအား လက်ကိုင်ဖုန်း သုံးလုံးတို့ဖြင့် လည်းကောင်း၊ ညပိုင်းတွင် ပြင်ဦးလွင်မြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှူးရုံးသို့ လာရောက် အဖမ်းခံသူ မနှင်းဟေမာန်ဝင်းအား လက်ကိုင်ဖုန်းတစ်လုံး ဖြင့် လည်းကောင်း၊ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက နိုင်ဇင်လေး(ခ) မချောအား လက်ကိုင်ဖုန်း တစ်လုံးဖြင့် လည်းကောင်း၊ ညနေ ၄ နာရီတွင် မစန်းစန်းအေးအား မြင်းခြံမြို့နယ် မြင်းခြံထောင်အရှေ့တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့နယ် တာကျောက်ရွာနေ အိုက်နွံ(ခ)စိုင်းနွံ၏ နေအိမ်ကိုရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၈၈၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မနန်းဟွမ်ဦး၊ မနန်းငွေနု၊ စိုင်းဌေးအောင်၊ စိုင်းရွှေလှ၊ ဇော်ဝင်း၊ ဇော်လင်းအောင်၊ မနန်းကြည်ကြည်ဝင်း၊ မထွေးထွေးသန်း၊ မနှင်းဟေမာန်ဝင်း၊ မနိုင်ဇင်လေး (ခ) မချော၊ မစန်းစန်းအေးတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မင်္ဂလာဒုံမြို့နယ်အတွင်းမှ ဆိုင်ကယ် ခိုးမှုကျူးလွန်သူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင် များနှင့်



မင်္ဂလာဒုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက်က မင်္ဂလာဒုံမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ အောင်ဝင်းထွန်း(ခ) သစ္စာကို သဃ်န်းကျွန်းကြီးကျေးရွာ ကာယ (၁၂)လမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းသည် သူငယ်ချင်းဖြစ်သူ အောင်ထွန်း(ခ)အောင်မြတ်စိုးနှင့်အတူ ဇူလိုင်နှင့် ဩဂုတ်တို့တွင် မင်္ဂလာဒုံမြို့နယ်အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသောဆိုင်ကယ် ခြောက်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အောင်ထွန်း (ခ)အောင်မြတ်စိုးကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သဃ်န်းကျွန်းကြီးကျေးရွာ အောင်မင်္ဂလာလမ်းမပေါ်၌ ဖမ်းဆီးရမိသည်။

သက်သေခံပစ္စည်း ဆိုင်ကယ် ခြောက်စီးကို ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ အောင်ဝင်းထွန်း (ခ) သစ္စာနှင့် အောင်ထွန်း (ခ) အောင်မြတ်စိုးတို့ နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်းဘူး-အမ်း ကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံတွင် ယာဉ်တိုက်မှုဖြစ်

**မင်းဘူး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ဆင်ခေါင်းကျေးရွာအနီးတွင် ရခိုင်ပြည်နယ်မှ ကုန်ပို့ပြီး ပြန်လာသောကုန်ကားများ မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံတွင် ယနေ့နံနက် ၁၁ နာရီခွဲက ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း စကုမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၁ နာရီခွဲက မင်းဘူး(စကု)မြို့နယ် ဆင်ခေါင်းကျေးရွာအနီး မင်းဘူး-အမ်း ကားလမ်း မိုင်တိုင်အမှတ် ၆ မိုင် ၃ ဖာလုံတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ ကုန်ပစ္စည်းများ ပို့ဆောင်ပြီး မင်းဘူးမြို့နယ်သို့ ရှေ့ပြေး ရဲပွိုင့်ကားတစ်စီး၊ ကုန်တင်ယာဉ် ကိုး စီးတို့သည် ယာဉ်တန်းဖြင့်ပြန်လာစဉ် ယာဉ်တန်းနံပါတ် (၁) ဘိုဘိုဟိန်း မောင်းနှင်သော ယာဉ်အမှတ် (2Q/---) ယာဉ်မှ ရုတ်တရက် ဘရိတ်အုပ်လိုက်သဖြင့် ယာဉ်တန်းနံပါတ်(၆) အောင်ဖြိုး မောင်းနှင်သော ယာဉ်အမှတ် (8J/---)၏ ယာဉ်နောက်ပိုင်းကို နောက်မှ လိုက်ပါလာသော ယာဉ်တန်းနံပါတ်(၇) ဇော်မျိုးသန့်(ခ)ဇော်ကြီး မောင်းနှင်သောယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်ခဲ့ရာ ကားခေါင်းရှေ့ခြမ်း ပျက်စီးခဲ့ပြီး နောက်ပြန်လိမ့်ကာ နောက်မှပါလာသော ယာဉ်ရှေ့ခေါင်းကို ထပ်မံတိုက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ယာဉ်တန်းနံပါတ် (၇) ယာဉ်အမှတ် (7A/---) မောင်းနှင်သူ ယာဉ်မောင်း ဇော်မျိုးသန့်(ခ)ဇော်ကြီး မင်းဘူးမြို့ အမှတ်(၄) သိရိမင်္ဂလာရပ်ကွက်နေသူသည် ကားခေါင်းတွင် ညပ်နေခဲ့ပြီး (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိ၍ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ခဲ့ပြီး မီးသတ်စခန်းမှ လူနာတင်ယာဉ်ဖြင့် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း စကုမြို့မရဲစခန်းမှ ဒုတိယရဲအုပ် မျိုးသက်ထွန်းက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သော ယာဉ်တန်းနံပါတ်(၁) ယာဉ်မောင်း ဘိုဘိုဟိန်းနှင့် ဇော်မျိုးသန့်(ခ)ဇော်ကြီး (ဒဏ်ရာရရှိသူ)တို့အား စကုမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**မောင်မောင်**
**(မင်းဘူး)**

# ပင်လောင်းမြို့နယ်၌ ဘိန်းစိုက်ခင်း ငါးဧကခန့် ဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက်က ပင်လောင်းမြို့နယ် ဆောင်းပြောင်းကျေးရွာ၏ အရှေ့တောင်ဘက် ၈ မိုင်ခန့်အကွာ အနီး တစ်ဝိုက်ရှိ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့်၊ အမြင့် ခြောက်လက်မခန့်ရှိ ဖွံ့ဖြိုးဆဲ ဘိန်းစိုက်ခင်း နှစ်ဧကခန့်၊ စုစုပေါင်း ဘိန်းစိုက်ခင်း ငါးဧကခန့်ကို ဖျက်ဆီး ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ပြည်မြို့၌ ရွှေဆိုင် လုယက်သူများကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဩဂုတ် ၂၉ ရက် ညနေက ရွှေဆိုင်လုယက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ပြည်မြို့ ရွှေကူရပ်ကွက်ရှိ ရွှေဆိုင်တစ်ဆိုင်သို့ ဆင်ပိုက်ကျေးရွာနေ ထက်အောင်ဇော်(၂၃)နှစ်နှင့် ပြည့်ဖြိုးအောင်(၂၄ နှစ်) တို့သည် ခါးစေ့ထည့်ပစ်ရသော ပစ္စတိုပုံစံ ဂတ်စ်သေနတ် တစ်လက်နှင့် Nato တံဆိပ်ပါ ငရုတ်ကောင်း ဖျန်းဆေးဘူးတစ်ဘူးကို ကိုင်ဆောင်ပြီး ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ ဆိုင်အတွင်း ဝင်ရောက်၍ ရွှေဆိုင်ပိုင်ရှင်ဖြစ်သူအား ခြိမ်းခြောက်ပြောဆိုပြီး ကောင်တာမှန်ကို ရိုက်ခွဲကာ ရွှေထည်ပစ္စည်းများကို ဆာလာအိတ်အတွင်း ထည့်ယူနေစဉ် ပိုင်ရှင်ဖြစ်သူက ပြန်လည်ခုခံသောကြောင့် ၎င်းတို့နှစ်ဦးက ဂတ်စ်သေနတ်ဖြင့် ငါးချက်ခန့်ပစ်ခတ်ကာ ငရုတ်ကောင်းဆေးဘူးဖြင့် ပက်ဖျန်းခဲ့ရာ ဆိုင်ရှင်တွင် ဒဏ်ရာများရရှိခဲ့ကြောင်း။

ထိုသို့ဖြစ်နေစဉ် ဆိုင်အနောက်ဘက်နေအိမ်ရှိ ဆိုင်ရှင်၏ ယောက္ခမဖြစ်သူက ပတ်ဝန်းကျင်ကို အကူအညီတောင်းခံသဖြင့် အမှတ်(၁) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ထက်အောင်ဇော်နှင့် ပြည့်ဖြိုးအောင်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့ နှစ်ဦးကို အမှတ်(၁)နယ်မြေရဲစခန်းက ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

*❍ကျောဖုံးမှ*

ရှစ်ဂိုးသွင်းယူပေးထားသည်။ ထို့အပြင် ရိုဒရီဂိုသည် ဗလင်စီယာအသင်း၌ ကစားခဲ့စဉ်အတွင်း ပြိုင်ပွဲစုံ ပွဲ ၂၂၀ ကစားထားကာ ၅၉ ဂိုး သွင်းယူပေးထားနိုင်ပြီး ဗလင်စီယာအသင်းအား ၂၀၁၈-၁၉ ခုနှစ်တွင် ကိုပါဒယ်ရေးဖလားကို ရရှိအောင် ကူညီထောက်ပံ့ပေးထားသည်။

လိဒ်စ်အသင်းသည် ရိုဒရီဂိုအပြင် ဂျာမန်ကလပ် ဖရိုင်းဘတ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ ဂျာမန်ခံစစ်ကစားသမား ရော်ဘင်ကော့ချ်ကို ခေါ်ယူထားပြီးဖြစ်သည်။ သို့သော်လည်း အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။ ကော့ချ်သည် လိဒ်စ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုကြောင်း သိရသည်။ ၎င်းသည် ဖရိုင်းဘတ်အသင်းတွင် သုံးရာသီကြာ ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၈၇ ပွဲ ကစားထားကာ ငါးဂိုးသွင်းယူပေးထားနိုင်သည်။ ထို့အပြင် ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ဖရိုင်းဘတ်အသင်းကို ရာသီပိတ်သိမ်းချိန်၌ အဆင့် (၈)နေရာတွင် ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။

၎င်းသည် ဂျာမနီအသင်းအတွက် နှစ်ပွဲသာပါဝင်ကစားထားရသေးသည်။ သို့သော်လည်း လာမည့် သီတင်းပတ်တွင် ယှဉ်ပြိုင်ကစားမည့် နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် စပိန်၊ ဆွစ်ဇာလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်အတွက် ဂျာမနီအသင်း၏ ကစားသမားစာရင်းတွင် ထည့်သွင်းရွေးချယ်ခြင်းခံထားရသည်။

လိဒ်စ်အသင်းသည် လာမည့် စက်တင်ဘာ ၁၂ ရက်တွင် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ချန်ပီယံ လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိဒ်စ်အသင်းသည် ထိုပွဲစဉ်ပြီးလျှင် စက်တင်ဘာ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် ချယ်ဆီး၊ အာဆင်နယ်စသည့် နာမည်ကြီးအသင်းများနှင့် ဆက်တိုက်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

# လက်ဘနွန်နိုင်ငံသားတစ်ဝက်ကျော်မှာ အစားအသောက် ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့ရဖွယ်ရှိ

ဘေရွတ် ဩဂုတ် ၃၀

**လက်ဘနွန်လူဦးရေ၏ တစ်ဝက်ကျော် နီးပါးခန့်မှာ ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုအပြီးတွင် အစားအစာ ရှားပါးပြတ်လပ်မှုဘေးအန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ဟု ကုလသမဂ္ဂအေဂျင်စီက ဩဂုတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။**

ယခုနှစ်ကုန်ပိုင်းအထိ နိုင်ငံသားတစ်ဝက်ကျော်မှာ အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်ဟု အနောက်အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်က ပြောသည်။

**ကုန်လှောင်ရုံတည်ဆောက်ရမည်**

အစားအစာပြတ်လပ်မည့်ဘေးမှ ကာကွယ်နိုင်ရေး ချက်ချင်းလုပ်ဆောင်ရဖွယ်ရှိသည်များကို လုပ်ဆောင်ရမည်ဟု အနောက်အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ အမှုဆောင်အတွင်းရေးမှူး ရိုလာဒတ်ရှ်တီက ပြောသည်။

လက်ဘနွန်အစိုးရ အဓိကလုပ်ဆောင်ရမည့်အရာမှာ ဘေရွတ်ဆိပ်ကမ်းတွင် ကုန်လှောင်ရုံကို ပြန်လည် တည်ဆောက်ရန်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ လက်ဘနွန်နိုင်ငံသည်ကြွေးနွံကြားထဲနစ်နေပြီး ငွေကြေးတန်ဖိုးမှာလည်း ထိုးကျသွားသည်။ ဆင်းရဲမွဲတေမှုနှုန်းမှာ မြင့်တက်နေပြီး ကိုဗစ် - ၁၉ ကူးစက်မှုနှုန်းများလည်း မြင့်တက်နေသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု အနောက်အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်က ပြောသည်။ လက်ဘနွန်နိုင်ငံသည် အစားအသောက် လိုအပ်ချက်၏ ၈၅ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသည့် နိုင်ငံလည်းဖြစ်သည်။

**ဆက်လက်တိုက်တွန်း**

အစားအသောက်လိုအပ်ချက် ပြဿနာမှကာကွယ်နိုင်ရေး အစားအသောက်ဈေးနှုန်းများကို အစိုးရကပုံသေသတ်မှတ်ပေးရမည်ဖြစ်ပြီး ဒေသတွင်းထုတ်လုပ်သူများထံမှ စားသုံးသူများထံတိုက်ရိုက် ရောင်းချမှုကို အားပေးရမည်ဟု ရိုလာဒတ်ရှ်တီက ပြောသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကလည်း ဒုက္ခသည်များအတွက် ရည်ရွယ်ကာ အစားအစာဖူလုံရေး အစီအစဉ်ကို တိုးချဲ့သွားရန် ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။ **အေအက်ဖ်ပီ**



ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲပြီးနောက် မြင်ကွင်းကို တွေ့ရစဉ်။

# မော်လ်ဒိုက်နိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် အသွားအလာပိတ်ဆို့မှုကို ဒုတိယအကြိမ် ပြန်လည်ချမှတ်ဖွယ်ရှိ

**မာလီ ဩဂုတ် ၃၀**

မော်လ်ဒိုက်နိုင်ငံတွင် ကိုဗစ် -၁၉ ဒုတိယလှိုင်း ရိုက်ခတ်မှုကြောင့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို ပြန်လည်ချမှတ်သွားဖွယ်ရှိသည်ဟု သမ္မတ အီဘရာဟင် ဆိုလစ်က ဩဂုတ် ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ပိတ်ဆို့ ကန့်သတ်မှုများပြုလုပ်ထားစဉ်အတွင်း ပြည်သူပြည်သားများနှင့်စီးပွားရေးကို ထိခိုက်စေမည်ဖြစ်ပြီး ကိုဗစ် - ၁၉ ကူးစက်မှု ဆက်လက် ပြင်းထန်နေပါက ပိတ်ဆို့ကန့်သတ်မှုများ လုပ်ဆောင်သွားရဖွယ်ရှိသည်ဟု အရေးပေါ်ကျန်းမာရေးစင်တာ၏သတိပေးချက်ကို ကိုးကားကာ သမ္မတ ဆိုလစ်က ပြောကြားခဲ့သည်။



မော်လ်ဒိုက်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

မော်လ်ဒိုက်နိုင်ငံတွင် ဇူလိုင်လအတွင်းက အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကို ဖြေလျှော့ပေးခဲ့ပြီးနောက် ကိုဗစ် - ၁၉ ဒုတိယအကြိမ် ကူးစက်မှုပြန်လည် များပြားလာခြင်းနှင့် ရင်ဆိုင်နေရသည်။ ယခုလအတွင်း နေ့စဉ် ကူးစက်မှုနှုန်းများနေပြီး အများစုမှာ ဒေသတွင်းကူးစက်မှုများ ဖြစ်ကြသည်။ ဩဂုတ် ၂၈ ရက် တစ်ရက်တည်းတွင်ပင် ကူးစက်ခံရသူ ၁၀၉ ဦး တွေ့ရှိခဲ့ပြီး ၎င်းတို့အထဲမှ ၈၀ မှာ ပြည်တွင်းကူးစက်မှုဖြစ်သည်။ ထိုအချိန်တွင် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၄၉၂၅ ဦး ရှိသည်။

မော်လ်ဒိုက်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုနှုန်းကို အမှတ်ပေးစနစ်ဖြင့် သတ်မှတ်ထားပြီး နေ့စဉ်ကူးစက်မှုနှင့် သေဆုံးမှုအပေါ် တွက်ချက်ကာ အမှတ်ပေးသွားမည် ဖြစ်သည်ဟု အရေးပေါ် ကျန်းမာရေးစင်တာမှ အကြီးအကဲဖြစ်သူ ဒေါက်တာ အာမတ်ရှာဟစ်က ပြောသည်။

လက်ရှိ အမှတ်ပေးမှုမှာ ကိုးမှတ်ပေးထားပြီး ၁၀ မှတ်ပြည့်သွားလျှင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြန်လည်လုပ်ဆောင်ရန် အားပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံတွင် အစိုးရသစ်ဖွဲ့

**ဒမတ်စကတ် ဩဂုတ် ၃၀**

ဆီးရီးယားနိုင်ငံတွင် အစိုးရသစ်ဖွဲ့စည်းရန် သမ္မတ ဘတ်ရှာအယ်အာဆတ်က ဩဂုတ် ၃၀ ရက်တွင် အမိန့်ပေးခဲ့ပြီး ဝန်ကြီးများကို မပြောင်းလဲဘဲ ဆက်လက်ထားရှိခဲ့သည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီက ပြောသည်။

အပြောင်းအလဲမပြုလုပ်ဘဲ မူလအတိုင်းထားရှိခဲ့သည့် ဝန်ကြီးများတွင် ကာကွယ်ရေးဝန်ကြီး အလီ အဗ္ဗဒူလာ အေရက်ဗ် ၊ နိုင်ငံခြားရေးဝန်ကြီး ဝါလစ် အယ်မိုအယ်လမ်နှင့် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ခါလစ်အယ်ရာမွမ်တို့ ပါဝင်သည်။ ဆီးရီးယားအစိုးရအဖွဲ့တွင် ဝန်ကြီး ၂၉ ဦး ပါဝင်ပြီး ဝန်ကြီးချုပ်တစ်ဦးလည်းပါဝင်သည်။ ဩဂုတ် ၂၅ ရက်ကတည်းက ဝန်ကြီးချုပ်ကို အစိုးရသစ်ဖွဲ့ရန် သမ္မတအာဆတ်ကအမိန့်ပေးခဲ့သည်။ ဆီးရီယားဥပဒေအရ အစိုးရသစ်ဖွဲ့စည်းခြင်းကို ဇူလိုင်လတွင် ကျင်းပလေ့ရှိသည့် ပါလီမန်ရွေးကောက်ပွဲအပြီးတွင် ပြုလုပ်ရလေ့ရှိသည်။ **ဆင်ဟွာ**

# ရုရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၉၉၀၀၀၀ ကျော် ရှိလာ

**မော်စကို ဩဂုတ် ၃၀**

ရုရှားနိုင်ငံ၌ ဩဂုတ် ၃၀ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၄၉၈၀ တွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူနှုန်းမှာ ၉၉၀၃၂၆ ဦးရှိလာကြောင်း ကိုဗစ် - ၁၉ တုံ့ပြန်ရေးစင်တာက သတင်းထုတ်ပြန်ခဲ့သည်။

ထိုအချိန်တွင် ကိုဗစ် -၁၉နှင့်ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၆၈ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၁၇၀၉၃ ဦး ရှိလာခဲ့သည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၈၀၆၉၈၂ ဦးရှိသည်ဟု သတင်းထုတ်ပြန်ထားသည်။ ဩဂုတ် ၃၀ ရက်အထိ ဆေးကုသမှုခံယူနေသူပေါင်း ၂၁၁၅၇၈ ဦး ဆက်လက်ရှိနေဆဲဖြစ်ပြီး နိုင်ငံတစ်ဝန်း ဆေးစစ်မှုပေါင်း ၃၆ ဒသမ ၄ သန်းအထိ လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၃၀**

ကိုဗစ်-၁၉ ပထမဆုံး အတည်ပြုလူနာတွေ့ရှိခဲ့သည်ဟု ကြေညာပြီး ခြောက်လအကြာတွင် ဘရာဇီးနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ကြောင့် သေဆုံးသူ ၁၂၀၀၀၀ အထိ ရှိလာခဲ့သည်။

သို့သော်လည်း ပြီးဆုံးမည့် အရိပ်လက္ခဏာများ မမြင်ရသေးပေ။ လူဦးရေ ၂၁၂ သန်း နေထိုင်လျက်ရှိသော ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၀၂၆၂ ဦး ရှိလာခဲ့ပြီး ကိုဗစ် - ၁၉ အတည်ပြုလူနာ ၃၈၄၆၁၅၃ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နေ့စဉ် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံပြီးလျှင် ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၂၀၀၀၀ ကျော်လွန်သည့် ဒုတိယနိုင်ငံ ဖြစ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၈၂၀၀၀ အထိ ရှိလာခဲ့သည်။ ဥရောပ၊ အာရှနှင့် မတူဘဲ ဘရာဇီးနိုင်ငံ၏ ကိုဗစ်-၁၉ ဖြစ်ပွားမှုသည် နှေးကွေးသည်ဟု ဆိုရမလိုဖြစ်သော်လည်း ရိုက်ခတ်မှုမှာ ပြင်းထန်လှကြောင်း ပြည်သူ့ကျန်းမာရေး အင်စတီကျူးဖြစ်သည့် ဖီအိုခရုဇ်မှ သုတေသီတစ်ဦးဖြစ်သူ ခရစ်စတိုဗန်ဘာဆယ်လို့စ်က ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံသည် တခြားနိုင်ငံများနှင့်မတူဘဲ တစ်မျိုးတစ်ဘာသာ ထူးဆန်းသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုပြမျဉ်းကွေးသည် နှေးကွေးမှုကို ဖော်ပြလျက်ရှိကြောင်း ၎င်းက အေအက်ဖ်ပီသို့ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ကူးစက်မှုသည် တည်ငြိမ်လျက်ရှိသော်လည်း အလွန်အန္တရာယ်များသော အဆင့်ဖြစ်ကြောင်းနှင့် တစ်နေ့လျှင် သေဆုံးသူ အနည်းဆုံး ၁၀၀၀ နှင့် ကူးစက်ခံရသူ ၄၀၀၀၀ နီးပါးရှိကြောင်းနှင့် ဘရာဇီးသည် ကိုဗစ်-၁၉ ကူးစက်မှု အမြင့်ဆုံးကို မကျော်လွန်သေးကြောင်း ၎င်းက ဆက်လက် ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**



ဆော်ပိုလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝန်ထမ်းများ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသည်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံမြောက်ပိုင်းတွင် စားသောက်ဆိုင်ပြိုကျမှုဖြစ်ပွားခဲ့ရာ ၂၉ ဦး သေဆုံး

**ပေကျင်း ဩဂုတ် ၃၀**

တရုတ်နိုင်ငံ မြောက်ပိုင်းတွင် စားသောက်ဆိုင်တစ်ဆိုင် ပြိုကျမှု ဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၂၉ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဩဂုတ် ၃၀ ရက်က ဖော်ပြလိုက်သည်။

ရှန်စီပြည်နယ် ကျင်ဖန်းဒေသရှိ နှစ်ထပ်စားသောက်ဆိုင်တစ်ဆိုင်တွင် ဂုဏ်ပြုမွေးနေ့ပွဲ ကျင်းပနေစဉ် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းစာတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးသမား ၇၀၀ သည် ပြိုကျအဆောက်အအုံကြားမှ လူ ၄၅ ဦးခန့်ကို ဆွဲထုတ်ခဲ့ရာ ၎င်းတို့အနက် ၁၇ ဦး သေဆုံးခဲ့ကြောင်းနှင့် လူခုနစ်ဦး အပြင်းအထန်ဒဏ်ရာရရှိ ခဲ့ပြီး လူ ၂၁ ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၃၀ ရက် အစောပိုင်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ကြောင်း စီဂျီတီအင်န်သတင်းတွင် ဖော်ပြခဲ့သည်။

ပြိုကျရသည့်အကြောင်းရင်းကို မသိရသေးကြောင်းနှင့် နိုင်ငံတော်ကောင်စီက ဒေသဆိုင်ရာအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုများကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လူပေါင်း ၇၀၀ ပါဝင်ခဲ့ကြောင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ပြိုကျမှုဖြစ်စဉ်သည် ဖြစ်လေ့ဖြစ်ထရှိသည့် မတော်တဆမှုဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ပြိုကျမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

# လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဆူဂါယိုရှီဟီဒဲ ကို အာဘေးနေရာတွင် ဆက်ခံသူအဖြစ်မျှော်လင့်

**တိုကျို ဩဂုတ် ၃၀**

လက်ရှိ တာဝန်ထမ်းဆောင်နေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကျန်းမာရေး အခြေအနေကြောင့် ရာထူးမှ နုတ်ထွက်မည်ဟု ကြေညာလိုက်ပြီးနောက် နိုင်ငံရေးသမားများသည် မည်သူ့ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ရမလဲဆိုသည်ကို အရိပ်အယောင် ပြခဲ့ကြသည်။



အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဆူဂါယိုရှီဟီဒဲကို တွေ့ရစဉ်။

အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ဆူဂါယိုရှီဟီဒဲကို အာဘေးနေရာတွင် ဆက်ခံသူဖြစ်လာမည်ဖြစ်ကြောင်း မျှော်လင့်လျက်ရှိသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ မူဝါဒရေးရာ သုတေသနကောင်စီဥက္ကဋ္ဌ ကီရှီးဒါးဖူမီယို၊ ယခင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ် အီရှီဘားရှီဂဲရုနှင့် ယခင်ပြည်ထဲရေးဝန်ကြီး နိုဒါဆေးကိုတို့သည် ဝန်ကြီးချုပ်နေရာကို အထူးစိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။ ဆူဂါက ၎င်း၏ဘလော့တွင် ဩဂုတ် ၂၉ ရက်က ၎င်းအနေဖြင့် ဂျပန်ပြည်သူများ၏ ဘဝကို ကာကွယ်ရန်နှင့် တာဝန်များကို အကောင်းဆုံး ထမ်းဆောင်သွားမည် ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

**သဘောတူ**

ပါတီအတွင်း တိုးလာသောလူများက ၎င်းကို အာဘေး၏ နေရာတွင် ဆက်ခံသူဖြစ်စေချင်ကြပြီး ကိုဗစ်-၁၉ တုံ့ပြန်ရေးအပါအဝင် မူဝါဒများကို ဆက်လက်ကိုင်တွယ်စေချင်ကြသည်။ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ် နီကိုင်းတိုရှီဟီရို နှင့် လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌ မိုရီယာမာ ဟီရိုရှီတို့က စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အထွေထွေစည်းဝေးပွဲကို ကျင်းပရန် သဘောတူခဲ့ကြသည်။

၎င်းတို့သည် ဩဂုတ် ၂၉ ရက်က တွေ့ဆုံခဲ့ကြပြီး အာဘေး၏နေရာတွင် ဆက်ခံမည့်သူကို မည်ကဲ့သို့ ရွေးချယ်မလဲဆိုသည်ကို ဆုံးဖြတ်ခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

# ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကိုဗစ်-၁၉ ဆန့်ကျင်ဆန္ဒပြသူ ၃၀၀ ကို ဖမ်းဆီးထိန်းသိမ်း

**ဘာလင် ဩဂုတ် ၃၀**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ရဲများက ကိုဗစ်-၁၉ ဆက်စပ်တားမြစ်ချက်များကို ဆန့်ကျင်သည့်ဆန္ဒပြသူပေါင်း ၃၀၀ ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘာလင်မြို့လယ်တွင် လူပေါင်း ၃၀၀၀၀ ကျော် စုဝေးခဲ့ကြောင်း သတင်းရရှိသည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးနေရာများတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမည်ဆိုသည့် ဆောင်ရွက်ချက်များအပေါ် စိတ်ရှုပ်ကြောင်း ဖော်ပြခဲ့ကြသည်။ ဆန္ဒပြသူတချို့ကလည်း လက်ကိုင်ပိုစတာများကိုင်ပြီး မျက်နှာဖုံးတပ်ဆင်ရန် လှုပ်ရှားမှုအပေါ် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူတစ်ဦးက နှာခေါင်းစည်းမတပ်ဆင်ဘဲ လွတ်လပ်စွာဖြင့် လေကိုရှူရှိုက်ချင်ကြောင်း ပြောကြားသည်။ ဂျာမနီတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် ၁၀၀၀ ကျော်အထိ ရောက်ရှိလာခဲ့သည်။

နှာခေါင်းစည်းတပ်ဆင်ရန် ပျက်ကွက်သူများကို ယူရို ၅၀ သို့မဟုတ် အမေရိကန် ဒေါ်လာ ၆၀ ဒဏ်တပ်ထားကြောင်း သိရသည်။ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြည်သူလူထုအား ကပ်ရောဂါကို ဂရုစိုက်ကြရန် တိုက်တွန်းပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ဘိုကိုဟာရမ်စစ်သွေးကြွများ နိုင်ဂျီးရီးယား၌ အမျိုးသားနှစ်ဦးကို သတ်ပြီး နှစ်ဦးကို ပြန်ပေးဆွဲ

**ကာနို(နိုင်ဂျီးရီးယား) ဩဂုတ် ၃၀**

နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့ပြင်တွင် ဘိုကိုဟာရမ်ဂျီဟတ်စစ်သွေးကြွများက တောင်သူလယ်သမားများကို တိုက်ခိုက်ကာ အမျိုးသားနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး နှစ်ဦးကို သတ်ခဲ့ကြောင်း ဂျီဟတ်ဆန့်ကျင်ပြည်သူ့စစ်အဖွဲ့က အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

သောင်းကျန်းသူများသည် အလူးရွာရှိ လယ်ကွင်းပြင်ထဲတွင် မြင်းများစီးနင်းကာ လယ်သမားလေးဦးကို ဖမ်းဆီးခဲ့ပြီး နှစ်ဦးကို သတ်ခဲ့ကာ နှစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။ မိမိတို့သည် အသတ်ခံရသော လယ်သမားနှစ်ဦးကို တွေ့ရှိခဲ့ကြောင်း နှင့် ခေါင်းနှင့်ရင်ဘတ်ပိုင်းတွင် တောခုတ်ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း ပြည်သူ့စစ်ခေါင်းဆောင် မိုဟာမက်ဘူကာက ပြောကြားခဲ့သည်။

စစ်သွေးကြွများ၏တိုက်ခိုက်မှုမှ လွတ်မြောက်လာသော လယ်သမားနှစ်ဦးက အခြားလယ်သမားနှစ်ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး ပြန်ပေးဆွဲခြင်းခံခဲ့ရကြောင်း ပြောကြားသည်။ လယ်သမားများမှာ မြို့ပြင်ရှိ နားခိုရာစခန်းတစ်ခုမှဖြစ်ကြောင်း ပြည်သူ့စစ်ခေါင်းဆောင် ဘာဘာကူရာကိုလိုက ပြောကြားလိုက်သည်။ လူပေါင်းနှစ်သန်းနီးပါး ဆယ်စုနှစ်အတော်ကြာ ဂျီဟတ်ပဋိပက္ခကြောင့် မိမိတို့၏အိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း သိရသည်။ အများစုမှာ နားခိုရာစခန်းများတွင် ကယ်ဆယ်ရေးအဖွဲ့များ၏ ထောက်ပံ့မှုကိုရရှိရန် နေထိုင်လျက်ရှိကြောင်း သိရသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် သစ်ထုတ်လုပ်သူများ၊ တိရစ္ဆာန်အုပ်ကျောင်းသူများ၊ ငါးဖမ်းသမားများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။ ဘိုကိုဟာရမ်အကြမ်းဖက်လှုပ်ရှားမှုသည် နိုင်ဂျီးရီးယားတွင် ၂၀၀၉ ခုမှစတင်ခဲ့ပြီး လူပေါင်း ၃၆၀၀၀ ကျော်သေဆုံးခဲ့ကာ နှစ်သန်းကျော် ပြောင်းရွှေ့ခဲ့ရသည်။ အကြမ်းဖက်မှုများသည် နိုင်ဂျာ၊ ချဒ်နှင့် ကင်မရွန်းတို့အထိ ပျံ့နှံ့ခဲ့သည်။ **အေအက်ဖ်ပီ**

# ဘီလာရုစ်သမ္မတ လူကာရှန်ကို နုတ်ထွက်ပေးရေး အမျိုးသမီးများ ဆန္ဒပြ

**မင့်စ် ဩဂုတ် ၃၀**

ဘီလာရုစ်နိုင်ငံ မင့်စ်မြို့တွင် အမျိုးသမီး တစ်သောင်းဝန်းကျင်သည် သမ္မတ အလက်ဇန်ဒါး လူကာရှန်ကို ရာထူးမှ ဆင်းပေးရေး ချီတက်ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။


လက်ရှိ ဘီလာရုစ်နိုင်ငံတွင် အခြေအနေများ ဖရိုဖရဲဖြစ်နေပြီး ဩဂုတ် ၉ ရက် ရွေးကောက်ပွဲအပြီးတွင် လက်ရှိသမ္မတ လူကာရှန်ကို ပြန်လည် ရွေးကောက်ခံရပြီးနောက် ဆန္ဒပြပွဲများ တရပ်စပ်ပေါ်ထွက်လာသည်။ ဩဂုတ် ၂၉ ရက်တွင်ပြုလုပ်မည့် ဆန္ဒပြပွဲတွင် အမျိုးသမီးများ ပါဝင်ကြရန် လူကာရှန်ကို၏ အဓိက ပြိုင်ဘက်ဖြစ်သူ ဆက်ဗနား တစ်ခ်ဟန်နို စကာရာကို ထောက်ခံသူများက တောင်းဆိုခဲ့ကြသည်။

မင့်စ်မြို့၏အဓိကလမ်းမကြီးပေါ်တွင်လေးနာရီကြာလမ်းလျှောက်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို တားမြစ်ဟန့်တားခဲ့ကြသော်လည်း ဆန္ဒပြသူအမျိုးသမီးများက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့နေပြည်သူများကို ကာကွယ်ရန် တာဝန်ရှိသည်ဟုဆိုကာ ကြွေးကြော်ခဲ့ကြသည်။

သမ္မတလူကာရှန်ကိုကို ဝေဖန်ကြသည့် ဂျာနယ်လစ်များကိုလည်း အစိုးရက ဖိအားပေးထားသည်။ သတင်းထောက်နှင့် ဓာတ်ပုံသမား ၅၀ ခန့်မှာ ဖမ်းဆီးထိန်းသိမ်းခံထားရသည်ဟု ဘီလာရုစ်ဂျာနယ်လစ်အသင်းက ပြောသည်။

ဩဂုတ် ၃၀ ရက် အငြင်းပွားဖွယ် ရွေးကောက်ပွဲ ပြီးစီးသည်မှာ သုံးပတ်ကြာလာသည့်နေ့တွင် ပိုမိုများပြားသည့်လူထုဖြင့် ဆန္ဒပြပွဲတွင် ပါဝင်ကြရန် အတိုက်အခံအုပ်စုများက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**




မင့်စ်မြို့တွင် အမျိုးသမီးများ ချီတက်ဆန္ဒပြနေကြစဉ်။

# ပိုလီယိုကင်းစင်သော အာဖရိက

ခြူးစန္ဒီနွေး

အာဖရိကမှာ အကြွင်းအကျန်ပိုလီယိုဗိုင်းရပ်စ် လုံးဝကင်းစင်သွားပြီဆိုတဲ့သတင်းဟာ မင်္ဂလာရှိတဲ့သတင်းတစ်ပုဒ်ပါပဲ။ ဘိုကိုဟာရမ် အစွန်းရောက်သမားတွေကြီးစိုးတဲ့ နိုင်ဂျီးရီးယားမြောက်ပိုင်းမှာ ကာကွယ်ဆေးအမြောက်အမြား ထိုးနှံပေးနိုင်ခြင်းဟာ ကြီးမားတဲ့အကျိုးသက်ရောက်မှု ဖြစ်လာခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။

## ပိုလီယိုကင်းစင်ပြီ

ဩဂုတ် ၂၅ ရက်နေ့မှာတော့ အာဖရိကမှာ အကြောသေရောဂါကိုဖြစ်စေတဲ့ ဗိုင်းရပ်စ် ကင်းစင်သွားပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာနိုင်ခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းနာမည်ဆိုးနဲ့ကျော်ကြားတဲ့ ရောဂါဆိုးကို အနိုင်ရလိုက်ခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်ဒီနေ့ဟာ အာဖရိကအတွက်တော့ သမိုင်းဝင်တဲ့နေ့ တစ်နေ့ပဲလို့ ပါမောက္ခ ရိုစ် ဂါနာ ဖွမ်ဘမ်လိမ်က ပြောပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တာကာလအတွင်း အာဖရိကတိုက်မှာ ပိုလီယိုဖြစ်ပွားခြင်းကို လုံးဝမတွေ့ရှိရတော့ဘူးလို့ အတည်ပြုနိုင်ခဲ့ပါတယ်။ ရေကျောက်ရောဂါလိုပဲ အခုအခါမှာတော့ ပိုလီယိုဗိုင်းရပ်စ်ကိုလည်း အာဖရိကမှာ ဖယ်ရှားရှင်းလင်းပြီးပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ ၁၉၉၆ ခုနှစ်ကစလို့ ကလေးငယ်ပေါင်း ၁ ဒသမ ၈ သန်းကို မသန်စွမ်းဖြစ်မယ့်ဘေးကနေ ကာကွယ်ပေးနိုင်ခဲ့ပြီး လူ့အသက်ပေါင်း ၁၈၀၀၀၀ ကို ကယ်တင်နိုင်ခဲ့တယ်လို့ ကုလသမဂ္ဂအေဂျင်စီက ပြောပါတယ်။

## အခြိမ်းခြောက်နိုင်ဆုံးသောရောဂါ

ပိုလီယိုရောဂါဟာလည်း ကာကွယ်ဆေးမရသေးတဲ့ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွေတုန်းကဆိုရင် ကမ္ဘာအနှံ့ဖြစ်ပွားပြီး လူတွေကို ခြိမ်းခြောက်နိုင်ဆုံးသောရောဂါ ဖြစ်ခဲ့ပါတယ်။ ကာကွယ်ဆေးပေါ်ခဲ့ပေမယ့် အာရှနဲ့ အာဖရိက က ဆင်းရဲတဲ့နိုင်ငံတွေမှာ ရောဂါဆိုးအဖြစ် ကျန်ရှိနေခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ရောက်တဲ့အခါမှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ယူနီဆက်နဲ့ ရိုထရီအဖွဲ့တို့ ပူးပေါင်းပြီး ကမ္ဘာကြီးပေါ်ကနေ ပိုလီယိုအမြစ်ပြတ် ပျောက်ကွယ်သွားရေး ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီတုန်းက ကမ္ဘာအနှံ့ပိုလီယိုဖြစ်ပွားသူ ၃၅၀၀၀၀ ရှိခဲ့ပြီး ၁၉၉၆ ခုနှစ်ရောက်တဲ့အခါမှာတော့ အာဖရိက တစ်ခုတည်းမှာပဲ ရောဂါဖြစ်ပွားသူ ၇၀၀၀၀ ရှိခဲ့ပါတယ်။ ပိုလီယိုရောဂါ ကင်းစင်ရေးအတွက် တစ်ကမ္ဘာလုံးရဲ့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုတွေ၊ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုတွေကို ကျေးဇူးတင်ရမှာပါ။

## နိုင်ဂျီးရီးယားတွင် ပိုလီယိုဖြစ်ပွား

ယခုနှစ်အတွင်း ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့မှာ ပိုလီယိုဖြစ်ပွားသူ ၈၇ ဦးတွေ့ရှိခဲ့ပါတယ်။ ပိုလီယိုဗိုင်းရပ်စ်ဟာ ကူးစက်ခံရသူရဲ့ မစင်ကနေ အစားအသောက်နဲ့ ရေတို့ ဆီရောက်ရှိပြီး ကူးစက်မှုပျံ့နှံ့တာပါ။ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် နောက်ထပ်ကူးစက်မခံရအောင် ကာကွယ်ပေးနိုင်ပြီး ကူးစက်ပျံ့နှံ့မှုစက်ဝိုင်းကို ချိုးပစ်လိုက်နိုင်ပါတယ်။ ဒီနည်းလမ်းနဲ့ပဲ ပိုလီယိုဗိုင်းရပ်စ်ကင်းစင်သွားအောင် ကြိုးပမ်းခဲ့ကြတာပါ။ အာဖရိကမှာ နောက်ဆုံးတွေ့ရှိခဲ့တဲ့ ပိုလီယိုဖြစ်ပွားမှုကတော့ ၂၀၁၆ ခုနှစ်က နောက်ဆုံး တွေ့ရှိခဲ့တာဖြစ်ပြီး ဖြစ်ပွားခဲ့တဲ့နေရာကတော့ နိုင်ဂျီးရီးယားမှာပါ။



နိုင်ဂျီးရီးယားနိုင်ငံတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

**“လွန်ခဲ့တဲ့ လေးနှစ်တာကာလအတွင်း အာဖရိကတိုက်မှာ ပိုလီယိုဖြစ်ပွားခြင်းကို လုံးဝမတွေ့ရှိရတော့ဘူးလို့ အတည်ပြုနိုင်ခဲ့ပါတယ်။ ရေကျောက်ရောဂါလိုပဲ အခုအခါမှာတော့ ပိုလီယိုဗိုင်းရပ်စ်ကိုလည်း အာဖရိကမှာ ဖယ်ရှားရှင်းလင်းပြီးပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ ၁၉၉၆ ခုနှစ်ကစလို့ ကလေးငယ်ပေါင်း ၁ ဒသမ ၈ သန်းကို မသန်စွမ်းဖြစ်မယ့်ဘေးကနေ ကာကွယ်ပေးနိုင်ခဲ့ပြီး လူ့အသက်ပေါင်း ၁၈၀၀၀၀ ကို ကယ်တင်နိုင်ခဲ့တယ်လို့ ကုလသမဂ္ဂအေဂျင်စီက ပြော”**

နိုင်ဂျီးရီးယားမှာ အစွန်းရောက်တွေဟာ ပိုလီယိုကာကွယ်ဆေးထိုးပေးတာကို လက်မခံကြဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြပါတယ်။ ဒါဟာ ကာကွယ်ဆေးမဟုတ်ဘဲ သားသမီးမရအောင်ပြုလုပ်ခြင်းလို့ အစွန်းရောက်သမားတွေက ခံယူထားကြပါတယ်။ ကာကွယ်ဆေးထိုးပေးတဲ့ လှုပ်ရှားမှုမှာပါဝင်ရင်း လုပ်သား ၂၀ ကျော်ဟာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ အခုအခါမှာတော့ အာဖရိကမှာ မှတ်တိုင်စိုက်ထူနိုင်တဲ့နေ့ပါပဲ။ အခုဆိုရင် အာဖရိက က နောက်လာမယ့် မျိုးဆက်သစ်ကလေးတွေဟာ ပိုလီယို ကင်းစင်စွာနဲ့ ကြီးပြင်းခွင့်ရတော့မှာပါ။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံက ကလေးငယ် ၇၀၀၀ ဟာ ဝက်သက်ရောဂါကြောင့် သေဆုံးခဲ့ရပါတယ်။ ဒါပေမယ့်လည်း ယနေ့အချိန်အခါမှာ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးနိုင်ခြင်းကြောင့် ဝက်သက်ရောဂါလည်း ပျောက်ကင်းခဲ့ရပါပြီ။

## ကျန်းမာရေးဝန်ထမ်းများ၏ပျော်ရွှင်မှု

နိုင်ဂျီးရီးယားနိုင်ငံမှာတော့ ပိုလီယိုကင်းစင်ကြောင်း ကြေညာနိုင်တဲ့အတွက် ကျန်းမာရေးလုပ်သားတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ နှစ်ပေါင်း ၃၀ ကျော်တိုင်အောင် မရပ်မနားကြိုးပမ်းမှုရဲ့အောင်မြင်မှုကြီးတစ်ရပ်လို့ ရိုထရီ အဖွဲ့အစည်းက ဒေသတွင်းပိုလီယိုတိုက်ဖျက်ရေးညှိနှိုင်းရေးမှူး ဒေါက်တာ တန်ဂျီဖန်ရှူက ပြောပါတယ်။ ဒါဟာတကယ့်အောင်မြင်မှုကြီးတစ်ခုပါပဲ။ ပျော်ရွှင်မှုတွေကိုလည်း တစ်ပြိုင်တည်းပေးစွမ်းနိုင်တဲ့ အောင်မြင်မှုလို့ သူကဆက်ပြောပါတယ်။ လူပေါင်း သန်း ၂၀၀ နီးပါး မှီတင်းနေထိုင်နေတဲ့ နိုင်ဂျီးရီးယားနိုင်ငံမှာ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွေမှာ ပိုလီယိုနဲ့ လုံးချာလည် လိုက်နေတဲ့အနေအထားမှာ ရှိနေတုန်းပါပဲ။

## ဖိအားပေးမှုခံစားရ

နိုင်ဂျီးရီးယားနိုင်ငံ အစ္စလာမ်ဘာသာဝင်များ အများစုနေထိုင်ရာ မြောက်ပိုင်းဒေသမှာ ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်တို့မှာ ကာကွယ်ဆေးထိုးပေးခြင်းကို ရပ်ဆိုင်းဖို့ အစွန်းရောက်သမားတွေရဲ့ ဖိအားပေးမှုတွေကို ခံစားခဲ့ရပါတယ်။ ရိုးရာအစဉ်အလာ ခေါင်းဆောင်တွေနဲ့ ဘာသာရေးခေါင်းဆောင်တွေ ပူးပေါင်းပြီး ကာကွယ်ဆေးဟာ လုံခြုံစိတ်ချရပါတယ်ဆိုတာကို လူထုက ယုံကြည်လာအောင် ကြိုးပမ်းခဲ့ရပါတယ်။ လူတွေဟာ နိုင်ငံရေးသမားတွေထက် သူတို့နဲ့ နှစ်ပေါင်းများစွာ အတူနေလာကြတဲ့ ရိုးရာခေါင်းဆောင်တွေကို ပိုပြီးယုံကြည်ကြတယ်လို့ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းမှာနေထိုင်တဲ့ ဒေသတွင်း ခေါင်းဆောင်တစ်ဦးဖြစ်သူ ဂရီမာ မန်ဒူဘီက ပြောပါတယ်။ ကလေးတွေမှာ ကိုယ်ခံအားကောင်းလာတာကိုမြင်ရတော့ သူတို့လည်း တဖြည်းဖြည်းနဲ့ ကာကွယ်ဆေးကို လက်ခံလာကြတာပါလို့ ၎င်းက ဆက်ပြောပါတယ်။

## ဘိုကိုဟာရမ်က အနှောင့်အယှက်ပေး

ဒါပေမယ့်လည်း အစွန်းရောက်အုပ်စုဖြစ်တဲ့ ဘိုကိုဟာရမ် အုပ်စု ၂၀၀၉ ခုနှစ်မှာ ထကြွလာတဲ့အချိန်မှာတော့ ကာကွယ်ဆေးထိုးပေးတဲ့အစီအစဉ်တွေမှာ အနှောင့်အယှက်ဖြစ်လာခဲ့ပြန်ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်မှာ ပိုလီယိုဖြစ်ပွားသူလေးဦး ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအချိန်ကာလတုန်းက ဘော်နိုပြည်နယ်က ကလေးသုံးပုံနှစ်ပုံနီးပါးကိုတောင် ကာကွယ်ဆေးထိုးမပေးနိုင်သေးပါဘူး။ ကလေးငယ်ပေါင်း ၄၀၀၀၀၀ ကို ကာကွယ်ဆေး မထိုးပေးနိုင်ခဲ့ဘူးလို့ ဒေါက်တာ တန်ဂျီဖန်ရှူက ပြောပါတယ်။

## အစွန်းရောက်သမားတွေက ထိန်းချုပ်ထား

ဘာလို့လဲဆိုတော့ အဲဒီဒေသမှာ တစ်စိတ်တစ်ဒေသကိုပဲ ဝင်ရောက်ခွင့်ပေးပြီး ကျန်းမာရေးဝန်ထမ်းတွေဟာ နိုင်ဂျီးရီးယားတပ်ဖွဲ့ ရဲ့ အကူအညီနဲ့ပဲ သွားလို့ရပါ တယ်။ အဲဒီဒေသတစ်ခုလုံးကို အစွန်းရောက်သမားတွေက ထိန်းချုပ်ထားပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေဟာ ဈေးတွေ၊သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေမှာ လူတွေကို ပိုလီယိုနဲ့ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးနိုင်အောင် ကြိုးပမ်းရပါတယ်။

## ဆက်လက်ကြိုးပမ်းရမယ်

ယနေ့အခါမှာတော့ ကာကွယ်ဆေးနဲ့ လက်လှမ်းမမီနိုင်တဲ့ ကလေးပေါင်း ၃၀၀၀၀ ကျန်ရှိနေပါသေးတယ်။ ဒါပေမယ့် အဲဒီအရေအတွက်ဟာ ရောဂါဖြစ်ပွားပျံ့နှံ့လာဖို့အရေအတွက် နည်းပါးလွန်းတယ်လို့ သိပ္ပံပညာရှင်တွေက သတ်မှတ်ထားပါတယ်။ အခုအခါမှာတော့ အာဖရိကမှာ အားလုံးရဲ့ဝိုင်းဝန်းကြိုးပမ်းမှုတွေနဲ့အတူ ပိုလီယိုကင်းစင်တဲ့ နေရာအဖြစ် ကြေညာနိုင်ပါပြီ။ နောက်ထပ်ရှေ့ဆက်လှမ်းရမယ့် ခြေလှမ်းတွေကတော့ ကလေးတွေကို ကာကွယ်ဆေးထိုးပေးပြီး အနာဂတ်ရင်သွေးတွေ လုံခြုံစိတ်ချရတဲ့ အသိုင်းအဝိုင်းမှာ ရှင်သန်နိုင်ရေး ဆက်လက် ကြိုးပမ်းရမှာပဲဖြစ်ပါတယ်။ ။

**ကိုးကား -အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## တရုတ်နိုင်ငံ ပြည်တွင်းလေကြောင်း ခရီးသွားလာမှုမှာ ကပ်ရောဂါ မတိုင်ခင်က ပမာဏနီးပါး ပြန်လည်ရောက်ရှိ

ပေကျင်း ဩဂုတ် ၃၀

တရုတ်ပြည်တွင်းလေကြောင်းလိုင်း သွားလာမှုများမှာ ကိုဗစ်-၁၉ ကပ်ရောဂါမှ အပြည့်အဝပြန်လည်နာလန်ထူလာနိုင်ပြီဟု forwardkeys ၏ ဩဂုတ် ၂၆ ရက်ထုတ်ပြန်ခန့်မှန်းချက်များအရ သိရသည်။

စက်တင်ဘာလမှစတင်ကာ တရုတ်နိုင်ငံ၏ လေကြောင်းဈေးကွက်မှာ အပြည့်အဝပြန်လည်နာလန်ထူလာနိုင်မည်ဟု ခန့်မှန်းထားသည်။

ဩဂုတ်လဒုတိယပတ်တွင် တရုတ်နိုင်ငံအတွင်း လေကြောင်းပြေးဆွဲမှုများမှာ ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၈၆ ရာခိုင်နှုန်းရှိလာကြောင်း၊ လေယာဉ်လက်မှတ်ကြိုတင်မှာယူမှုများမှာ ၉၈ ရာခိုင်နှုန်း အထိရှိလာကြောင်း forwardkeys မှ ထုတ်ပြန်သည့်ကမ္ဘာလုံးဆိုင်ရာ လေကြောင်းပျံသန်းမှုအချက်အလက်များအရ သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်သူနှစ်ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဩဂုတ် ၃၀

ဗီယက်နမ်တွင် ဩဂုတ် ၂၉ ရက်က ကိုဗစ် - ၁၉ အတည်ပြုလူနာ နှစ်ဦးထပ်မံတွေ့ရှိခဲ့ကြောင်း၊ စုစုပေါင်း ကိုဗစ် - ၁၉ အတည်ပြုလူနာ ၁၀၄၀ အထိ ရောက်ရှိခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ် - ၁၉ ကြောင့် နောက်ထပ်နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထပ်မံဖြစ်ပွားသည့် ကိုဗစ် - ၁၉ ကူးစက်ခံရသူမှာ အသက် ၂၀ ဝန်းကျင် အမျိုးသားတစ်ဦးဖြစ်ပြီး နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်းနှင့် သီးသန့်ခွဲခြားစောင့်ကြည့်မှုခံယူနေစဉ်အတွင်း ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နောက်ထပ်တစ်ဦးမှာ အသက် ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒါနန်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ကိုဗစ် - ၁၉ ဝေဒနာရှင်တစ်ဦး ဖြစ်သည်။

အသက် ၂၈ နှစ်နှင့် ၆၇ နှစ်အရွယ် ကိုဗစ်ရောဂါဝေဒနာရှင်နှစ်ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ် - ၁၉ ကြောင့် သေဆုံးခဲ့သူ ၃၂ ဦးအထိ ရောက်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆင်ဟွာ

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၉ ရက် သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

✽ *ရှေ့ဖုံးမှ*

ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးနှင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာချက်တွင် မဲဆန္ဒရှင်များ၏ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်လွှာများ ဆောင်ရွက်မှု အခြေအနေများ အမှားအယွင်းများမရှိ ပြင်ဆင်နိုင်ရေး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း များ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ပြောကြားသည်။ ယင်းနောက် ဆိပ်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့က သက်ဆိုင်ရာမြို့နယ်များအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့မှ တင်ပြလာသည့် မဲဆန္ဒရှင်များ၏ ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်လွှာများ စိစစ် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မဲဆန္ဒရှင်များအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှု လုပ်ငန်းများကို တင်ပြပေးပြီး ချောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် ဆိပ်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်တို့က သက်ဆိုင်ရာဌာန အသီးသီးနှင့် ပူးပေါင်းကာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ဖြည့်စွက်တင်ပြပေးသည်။

ထိုသို့ တင်ပြချက်အသီးသီးအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက ဖြည့်စွက်လမ်းညွှန် အမှာစကားများနှင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကိုဇွဲ(အညာမြေ)

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# ပြည်ထောင်စုစိတ်ဓာတ်



ပြည်ထောင်စု၏ မည်သည့်နေရာတွင် ဖြစ်ပွားသည်ဖြစ်စေ ပြည်ထောင်စုနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ မည်သည့်နေရာတွင် နာကျင်သည်ဖြစ်စေ ပြည်ထောင်စုတစ်ခုလုံး နာကျင်ခြင်းဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်မှုကို ချဉ်းကပ်ပါကြောင်း၊ မည်သည့်နေရာဟု ခွဲခြားခြင်းမရှိပါကြောင်း၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများသည် မြဝတီဘက်မှ ပြန်လည်ဝင်ရောက်လာမှု အများဆုံးဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ဟုဆိုသော်လည်း ကရင်ပြည်နယ်ပြည်သူလူထုက ယင်းကိစ္စကို ခွဲခြားရပ်တည်ဆက်ဆံခြင်း မရှိပါကြောင်း၊ မိမိတို့ ပြည်သူများ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်ဆိုပြီး အားလုံးက တတ်အားသမျှ ဝိုင်းဝန်းကူညီကြပါကြောင်း၊ ၎င်းတို့အတွက် အတိုင်းအတာတစ်ခုအထိ စိုးရိမ်စိတ်နှင့် အခက်အခဲများရှိသော်လည်း ယင်းကိစ္စများကို အားလုံးကျော်လွှားနိုင်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး သတင်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၄၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၇၅ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၄၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၇၇၅ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၄၂ ဦးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ သုံးဦး၊ တောင်အာဖရိကနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၃၆ ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၇၇၅ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၅၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၄၇ ဦးနှင့် ဩဂုတ် ၂၉ ရက်မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၅၃ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၆၀၄၂ | ၇၇၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၅၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၅၁၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၄၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရခိုင် | ၃၅၁ | |
| ၂ | ရန်ကုန် | ၃၄၀ | ၅ |
| ၃ | ချင်း | ၁၉ | |
| ၄ | စစ်ကိုင်း | ၁၀ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၈ | |
| ၇ | ကရင် | ၆ | |
| ၈ | ရှမ်း(တောင်) | ၆ | |
| ၉ | မန္တလေး | ၆ | |
| ၁၀ | တနင်္သာရီ | ၅ | |
| ၁၁ | ရှမ်း(မြောက်) | ၃ | |
| ၁၂ | မကွေး | ၃ | |
| ၁၃ | ရှမ်း(ရှေ့) | ၃ | |
| ၁၄ | နေပြည်တော် | ၂ | |
| ၁၅ | ဧရာဝတီ | ၂ | |
| ၁၆ | ကချင် | ၂ | |
| | စုစုပေါင်း | ၇၇၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၈-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

### ၃၀-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၁၄၁၆၉၇ | ၃၄၀၉၀၀၃ | ၁၈၆၈၈၂ |
| ၂။ | ဘရာဇီး | ၃၈၄၆၉၆၅ | ၃၀၀၆၈၁၂ | ၁၂၀၄၉၈ |
| ၃။ | အိန္ဒိယ | ၃၅၆၆၅၅၅ | ၂၇၃၁၇၆၈ | ၆၃၈၆၄ |
| ၄။ | ရုရှား | ၉၉၀၃၂၆ | ၈၀၆၉၈၂ | ၁၇၀၉၃ |
| ၅။ | ပီရူး | ၆၃၉၄၃၅ | ၄၄၆၆၇၅ | ၂၈၆၀၇ |
| ၆။ | တောင်အာဖရိက | ၆၂၂၅၅၁ | ၅၃၆၆၉၄ | ၁၃၉၈၁ |
| ၇။ | ကိုလံဘီယာ | ၅၉၉၉၁၄ | ၄၄၀၅၇၄ | ၁၉၀၆၄ |
| ၈။ | မက္ကဆီကို | ၅၉၁၇၁၂ | ၄၀၉၁၂၇ | ၆၃၈၁၉ |
| ၉။ | စပိန် | ၄၅၅၆၂၁ | စိစစ်ဆဲ | ၂၉၀၁၁ |
| ၁၀။ | ချီလီ | ၄၀၈၀၀၉ | ၃၈၁၁၈၃ | ၁၁၁၈၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၁၇၃၉၆ | ၁၅၇၄၀၃ | ၃၅၂၀ |
| အင်ဒိုနီးရှား | ၁၇၂၀၅၃ | ၁၂၄၁၈၅ | ၇၃၄၃ |
| စင်ကာပူ | ၅၆၇၇၁ | ၅၅၄၄၇ | ၂၇ |
| မလေးရှား | ၉၃၃၄ | ၉၀၄၈ | ၁၂၆ |
| ထိုင်း | ၃၄၁၁ | ၃၂၅၂ | ၅၈ |
| ဗီယက်နမ် | ၁၀၄၀ | ၆၉၅ | ၃၂ |
| မြန်မာ | ၇၇၅ | ၃၅၂ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၅ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၅၂၄) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၅၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု တို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၉-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၈၄) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၀၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၈) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၁) ခု၊
  စုစုပေါင်း (၂,၀၅၄) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၃) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၇)ဦး တွေ့ရှိကြောင်းကို (၂၉-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၄၉)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂၄) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂) ခု |
| (၂၉-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၆) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်
(၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၆) ဦး | (၇၄၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၃၀-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိမရှိ / | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 734 | ၄၆ နှစ် | ကျား | မင်းပြားမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး) |
| *735 | ၁၆ နှစ် | ကျား | ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *736 | ၅၅ နှစ် | မ | တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *737 | ၃ နှစ် | မ | တောင်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| *738 | ၂၂ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 739 | ၃၁ နှစ် | ကျား | ကျောက်ဖြူမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case - 482) | မရှိ | ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 740 | ၂၄ နှစ် | မ | အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 741 | ၂၆ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 742 | ၂၅ နှစ် | ကျား | အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 743 | ၄၅ နှစ် | ကျား | အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ဆေးရုံကြီး) |
| 744 | ၆၂ နှစ် | ကျား | ဖန်းမော်မြို့နယ် ကချင်ပြည်နယ် | မရှိ | ရှိ (တရုတ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| 745 | ၅၀ နှစ် | မ | ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (တရုတ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| 746 | ၄၈ နှစ် | ကျား | ဖန်းမော်မြို့နယ် ကချင်ပြည်နယ် | မရှိ | ရှိ (တရုတ်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| 747 | ၂၅ နှစ် | ကျား | တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (တောင်အာဖရိက) | ခရိုင်ပြည်သူ့ဆေးရုံကြီး ကော့သောင်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကော့သောင်းမြို့နယ်) |
| 748 | ၃၂ နှစ် | ကျား | ရွှေတောင်မြို့နယ် ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (တောင်အာဖရိက) | ခရိုင်ပြည်သူ့ဆေးရုံကြီး ကော့သောင်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကော့သောင်းမြို့နယ်) |
| 749 | ၂၈ နှစ် | ကျား | ဒဂုံ ဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အင်ဒိုနီးရှား) | ခရိုင်ပြည်သူ့ဆေးရုံကြီး ကော့သောင်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကော့သောင်းမြို့နယ်) |

(*) လွန်ခဲ့သော (၁၄) ရက်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားရာဒေသများသို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိပါသည်။

# မြေပုံမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မြေပုံ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ နေ့စဉ် ဝင်ရောက်သွားလာနေသော နေရာများတွင် ဩဂုတ် ၂၈ ရက်က ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ မြေပုံမြို့နယ် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးထိန်းချုပ်ရေးလုပ်ငန်း ကော်မတီမှ မြို့နယ်အတွင်းရှိ နေ့စဉ် ဝင်ထွက်သွားလာနေသော နေရာများတွင် လက်ဆေးရည်များထားရှိပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများနှင့် မျက်နှာကာများ အခမဲ့ဖြန့်ဝေခြင်း၊ မြို့ပေါ်အတွင်းရှိ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို အသံချဲ့စက်ဖြင့် ပြည်သူများသိရှိစေရန် အသိပညာပေး ဆော်သြခြင်းများကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နေ့စဉ် ဝင်ထွက်သွားလာနေကြသော မြို့မဈေးကြီးအတွင်း စားသောက်ကုန်များ ရောင်းချရာနေရာများ၌ ဈေးရောင်းသူနှင့် ဈေးဝယ်သူများကို ခြောက်ပေအကွာ ထားရှိပြီး နှာခေါင်းစည်းတပ်ဆင်ခြင်းများ၊ နှာခေါင်းစည်းမပါရှိသောသူများကိုလည်း ကျန်းမာရေးအသိပညာ



ပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြို့မဈေးကြီးနှင့် လူစည်ကားရာအနီး ပတ်ဝန်းကျင်များကိုလည်း မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘေးဒုက္ခသည်များ ကူညီထောက်ပံ့ရေးကော်မတီတို့ ပူးပေါင်းကာ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း**
**(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် နှာခေါင်းစည်းမတပ်ဆင်သူများအား ယခုဝယ် ယခုတပ် ဆောင်ရွက်

**ကျောင်းကုန်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် နှာခေါင်းစည်းမတပ်ဆင်သူများအား ယခုဝယ် ယခုတပ်စနစ်ဖြင့် ယနေ့နံနက် ၈ နာရီက ကျောင်းကုန်းမြို့ဝင်လမ်းဆုံ၌ ဆောင်ရွက်သည်။

ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်ဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းအဖွဲ့က နှာခေါင်းစည်း မတပ်သူငါးဦးအား ယခုဝယ် ယခုတပ်စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

❒ *ကျော်ဖုံးမှ*

ကပ္ပတိန် ဦးအောင်ကိုသက် ပါ သင်္ဘောသားကိုးဦးနှင့် MV Inca Queen သင်္ဘောပေါ်သို့ တာဝန်ထမ်းဆောင် တက်ရောက်မည့် ကပ္ပတိန် ဦးကျော်ဝင်းနိုင်ပါ သင်္ဘောသား ၂၀ တို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများ ဖြစ်သည်။

သင်္ဘောများပေါ်မှ တာဝန်ပြီးဆုံးထွက်လာသည့် မြန်မာသင်္ဘောသား ၂၆ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့တွင် ဟိုတယ်၌ အသွားအလာကန့်သတ်မှု ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် နမူနာများကို ရန်ကုန်အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

❖ *ကျော်ဖုံးမှ*

သုံးခုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် "ယခုဝယ်၊ ယခုတပ်" စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မြို့ပေါ်နှင့် ကျေးရွာအတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ အသိပညာပေးနှိုးဆော်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နှာခေါင်းစည်း တပ်ဆင်ရေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် မြို့နယ်စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီအဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ လမ်းမတော်လမ်းမကြီး၊ ဗိုလ်ချုပ်လမ်း၊ ကားဂိတ်၊ ဇက်ဆိပ်၊ အမှတ်(၆)ရပ်ကွက်၊ တာကွေ့ကျေးရွာနှင့် လူစည်ကားရာနေရာများ၌ နေအိမ်မှပြင်ပသို့ ထွက်ခွာလာသူများတွင် နှာခေါင်းစည်း မတပ်ဆင်သူများအား နှာခေါင်းစည်း သုံးခုလျှင် ငွေကျပ် ၃၀၀၀ ဖြင့် "ယခုဝယ်၊ ယခုတပ်" စနစ်ဖြင့် ဝယ်ယူစေပြီး နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

✤ ကျောဖုံးမှ

## COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂၆) ဦး | (၇၇၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၅၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၃၀-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု

(၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *750 | ၂၃ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်) |
| *751 | ၁၇ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်) |
| *752 | ၄၉ နှစ် | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်) |
| 753 | ၁၅ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်) |
| 754 | ၂၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 755 | ၁၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 756 | ၃၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-587) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 757 | ၂၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 757 | ၂၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 758 | ၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 759 | ၃၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-587) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 760 | ၄၀ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-587) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 761 | ၃၁ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-587) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 762 | ၂၀ နှစ် | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-519) | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 763 | ၁၁ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-519) | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 764 | ၁၀ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-487, 488) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 765 | ၅၀ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-491) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 766 | ၆၆ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-491) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 767 | ၂၄ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-628) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 768 | ၄၁ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-486) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 769 | ၂၀ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-486) | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *770 | ၁၆ နှစ် | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မင်းပြားမြို့နယ်) |
| 771 | ၃၂ နှစ် | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | နိုင်ငံခြားသို့သွားရောက်ရန် ကျန်းမာရေး စစ်ဆေးခြင်း |
| 772 | ၂၇ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-505) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 773 | ၂၃ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-505) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 774 | ၇၃ နှစ် | ကျား | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-584) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရွှေပြည်သာမြို့နယ်) |
| 775 | ၆၈ နှစ် | မ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး) |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၇၃ ဦး ဆက်လက်ဝင်ရောက်



**မြဝတီ ဩဂုတ် ၃၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၇၃ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဩဂုတ် ၃၀ ရက်တွင် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၀ ရက်အထိ ၁၅၅၄၆ ဦး စုစုပေါင်း ၇၁၁၆၇ ဦးတို့ ပြန်လည် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၂၉၀၊ အမျိုးသမီး ၁၈၃ ဦး စုစုပေါင်း ၄၇၃ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မူဆယ်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်

**မူဆယ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ပတ်သက်ပြီး ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၂၈ ရက်က (၁၀၅)မိုင်နယ်မြေအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၇ ရက်၌ မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဟောင်းတွင် ပြုလုပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ကျန်းမာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေးပွဲတွင် မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်က မြို့ဝင်မြို့ထွက်နေရာများ၊ ရပ်ကွက်၊ ကျေးရွာများ၊ အခြားအသွားအလာများသည့်နေရာများတွင် ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များအနေဖြင့် အလှည့်ကျသော်လည်းကောင်း၊ မိမိတို့အသင်းအဖွဲ့များဖြင့်သော်လည်းကောင်း တက်ညီလက်ညီဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် တိုက်တွန်းပြောကြားချက်အရ ဩဂုတ် ၂၈ ရက်က (၁၀၅)မိုင် ကြက်ခြေနီအသင်းခွဲ (ငယ်)မှ အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လားရှိုး ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မူဆယ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုဥက္ကဋ္ဌ ဦးစိန်မောင်နှင့် (၁၀၅) မိုင် ကြက်ခြေနီအသင်းခွဲ(ငယ်)မှ တပ်ဖွဲ့မှူး ဦးသန့်ဇင် ဦးစီးသည့် ကြက်ခြေနီစေတနာ့လုပ်အားရှင် ၁၁ ဦးသည် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ ယာဉ်ငယ်စစ်ဆေးရေးဂိတ်၊ လားရှိုးမောင်းတံဂိတ်၊ နယ်မြေခံရဲစခန်း၊ ပြည်ထောင်စုလမ်းမကြီးဘေးရှိ စားသောက်ဆိုင်ခန်းများနှင့် ဈေးဆိုင်ခန်းများ၊ အခြားလူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါအန္တရာယ်မှ ကင်းဝေးနိုင်စေရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ အသိပညာပေး ကြော်ငြာစာများ ကိုင်ဆောင်၍ ဆော်ဩပေးခြင်း၊ လမ်းဘေးအဆောက်အအုံ၊ ဓာတ်တိုင်၊ သစ်ပင်ကြီးများနှင့် အခြားထင်သာမြင်သာရှိသည့်နေရာများတွင် ကျန်းမာရေးအသိပညာပေး စတစ်ကာများ ကပ်ထားပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃၀**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ(**အစား**) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု လိုဂိုဒီဇိုင်းပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MIPPA ) က အသေးစားအငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ဒေသတွင်း ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် အတွက် နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ်လိုဂိုကို အသုံးပြုရန် ရည်ရွယ်ပြီး Myanmar Origin Logo Design ပြိုင်ပွဲကို ကျင်းပမည် ဖြစ်သည် ။

အကောင်းဆုံး အသိအမှတ်ပြု လိုဂိုဒီဇိုင်းတစ်ခုကိုသာ ရွေးချယ်ပြီး MSMEs Product များတွင် ယင်းလိုဂိုကို အသုံးပြုခွင့်ပေးခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှု ပိုမိုရရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက် ချဲ့ထွင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် လိုဂိုဒီဇိုင်းတွင် မြန်မာနိုင်ငံ ကိုယ်စားပြု သင်္ကေတများ ပါဝင်ရမည်။ ထို့ပြင် Myanmar Origin စာသားပါဝင်ရမည်။ မိမိကိုယ်တိုင် အသစ်တီထွင်ဖန်တီးပုံဖော်ထားသည့်ဒီဇိုင်း ဖြစ်ရမည်။ စာသားသီးသန့်ဖြင့် ပုံဖော်ထားခြင်းမပြုရ။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် လိုဂိုများကဲ့သို့ နိုင်ငံတကာ အဆင့်မီခြင်း ဆွဲဆောင်မှုရှိပြီး အရောင်အသွေး ညီညွတ်ရမည်။ လိုဂိုဒီဇိုင်းတွင် အသုံးပြုသည့်အရောင် သင်္ကေတရုပ်ပုံ အမှတ်အသားအားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အလွယ်တကူ ဆွဲဆောင်နိုင်သောလိုဂို ဖြစ်ရမည်။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် လိုဂိုပုံစံအများဆုံး နှစ်မျိုးအထိပေးပို့နိုင်သည်။ လိုဂိုဒီဇိုင်းသည် ပေါ်လွင်သော ဒီဇိုင်းဖြစ်ပြီး A4 ဆိုဒ်ဖြင့် ဖန်တီးနိုင်သည်။

ရွေးချယ်ခံရပြီးပါက မူရင်းလိုဂိုဒီဇိုင်း ( AI Format ) နှင့်ရေးဆွဲသူကိုယ်တိုင် MIPPA အသင်းရုံးသို့ လာရောက် ရှင်းလင်းတင်ပြရမည်။ ဆုရွေးချယ်ရေးအဖွဲ့က အကောင်းဆုံး လိုဂိုဒီဇိုင်းတစ်ခုကိုသာ ရွေးချယ်ပြီး ဆုငွေကျပ်ငါးသိန်း ချီးမြှင့်မည် ဖြစ်သည်။ ရွေးချယ်ခံရသည့် လိုဂိုဒီဇိုင်းကို MIPPA က မူပိုင်ခွင့်ရယူမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် လိုဂိုဒီဇိုင်းများကို JPEG , PDF သို့မဟုတ် PNG Format ဖြင့်အီးမေးလ် mippa . myanmar @ gmail.com သို့ဖြစ်စေ၊ Viber ၀၉-၇၈၈၄၃၃၁၈၃ သို့ စက်တင်ဘာ ၂၀ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## တာလေမြို့၌ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**တာလေ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့၌ မသန်စွမ်းသူများအား နိုင်ငံတော်က ပေးအပ်သော ထောက်ပံ့ငွေများကို ယမန်နေ့က အိမ်တိုင်ရာရောက် လိုက်လံပေးအပ်သည်။

မြို့အုပ်ချုပ်ရေးမှူး ဦးချစ်ကိုနှင့် တာဝန်ရှိသူများသည် တာလေမြို့ပေါ်ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုသုံးအုပ်စုမှ ကျေးရွာများအတွင်းရှိ မသန်စွမ်းသူ ၄၀ အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လိုက်လံပေးအပ်ကြောင်း သိရသည်။

**အောင်ကျော်မိုး(ပြန်/ဆက် )**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၈ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၉၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ | ကျပ် | ၅၉၅/၆၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၅၄၀ | ကျပ် | ၅၆၅/၅၇၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၃၅/၆၅၀ | ကျပ် | ၆၉၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၈ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၄ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၈၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၉၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၅၀၁ | ၄၉၅၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၀၆၅ | ၃၉၄၀၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၄ | ၁၀၉၂၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၂၆၄ | ၅၆၇၆၀၀၀ |
| TMH | ၂၇၀၀ | ၀ | ၀ | ၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂၀၂ | ၆၂၅၇၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ရှေ့ဆောင်ခြင်းနဲ့နောက်လိုက်မှု



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ငယ်ငယ်တုန်းက အငြိမ့်တွေ၊ ဇာတ်ပွဲတွေမှာ "နှစ်ကိုယ့်တစ်စိတ်" ဆိုတာကို မြင်ရတွေ့ရတယ်။ အမျိုးသားတစ်ဦးဟာ တစ်ပိုင်းမှာအမျိုးသားတစ်ယောက်လို ဝတ်ဆင်ထားပြီး တစ်ဖက်ကတော့ အမျိုးသမီးတစ်ယောက်အဖြစ် သရုပ်ဖော်ထားတယ်။ သူတို့တစ်ဖက်က ကြည့်ရင် အမျိုးသားအနေနဲ့သာ မြင်ရပြီး တစ်ဖက်ကကြည့်ပြန်ရင် အမျိုးသမီးတစ်ဦးလို့ထင်ရတာ။ ဒီနမူနာဟာ ဆောင်းပါးရဲ့ခေါင်းစဉ်နဲ့ ဆက်စပ်နေတာဖြစ်ပါတယ်။

ခေါင်းဆောင်ခြင်းနဲ့ နောက်လိုက်မှုလို့ပြောရင် အများစုက ခေါင်းဆောင်ခြင်းကိုသာ စိတ်ဝင်စားကြပြီး နောက်လိုက်မှုနဲ့ပတ်သက်လို့ အာရုံနည်းလှတာ တွေ့ရပါတယ်။ အမှန်တော့ ခေါင်းဆောင်ကောင်းဖြစ်ဖို့အတွက် နောက်လိုက်ကောင်းဖြစ်ဖို့ လိုအပ်တာကို သတိပြုရမယ်။ နောက်လိုက်မှုကို မလုပ်နိုင်တဲ့သူဟာ ခေါင်းဆောင်မှုကို တာဝန်ယူနိုင်မှာ မဟုတ်ပါဘူး။

ခေါင်းဆောင်မှုနဲ့ ပတ်သက်လာရင် တစ်ချိန်က နားလည်မှုတွေက သမိုင်းအခြေခံတွေ ဖြစ်တယ်။ သူရဲကောင်းတွေ၊ ရဲစွမ်းသတ္တိရှိတဲ့သူတွေ မြင်းဖြူကြီးစီးပြီး၊ ငွေဓားကြီးဆွဲပြီး ဦးဆောင်တဲ့အဖြစ် မြင်ကြတယ်။ ဒီပုံစံကို ကျွန်တော်ငယ်ငယ်က လေ့လာတဲ့ စာအုပ်တွေမှာ နိုင်ငံရေးခေါင်းဆောင်တွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေ၊ သူဌေးကြီးတွေ အကြောင်းကိုပဲ ဖော်ထုတ်ခဲ့တာတွေ့ရတယ်။ အခုလို ဖော်ထုတ်ရာမှာလည်း များသောအားဖြင့် အမျိုးသားခေါင်းဆောင်တွေကိုသာ ဖော်ပြလေ့ရှိတာ တွေ့ရတယ်။ အမျိုးသမီးခေါင်းဆောင်များနဲ့ပတ်သက်ပြီး ရံဖန်ရံခါသာ ဖော်ပြတာတွေ့ရပါတယ်။ ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် ရှိတဲ့ရာထူးအာဏာကို အခြေခံထားတာ တွေ့ရတယ်။ အထက်မှအောက်စီးဆင်းတဲ့ ခေါင်းဆောင်မှု ပုံစံဖြစ်တယ်။ ခေါင်းဆောင်လုပ်သူရဲ့ အနေအထားကို ဦးစားပေးပြီး နောက်လိုက်မှုရဲ့ အခန်းကဏ္ဍကို တန်ဖိုးမထားခဲ့ကြောင်း တွေ့ရှိရတယ်။ နောက်လိုက်သူတွေကို လျှော့တွက်ခဲ့ကြတယ်။

### ပြောင်းလဲလာသောခေါင်းဆောင်မှုပုံစံသစ်

အခုချိန်မှာ ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အယူအဆတွေ ပြောင်းလဲလာခဲ့တာတွေ့ရတယ်။ တစ်ဦးချင်းကို အခြေခံတဲ့ ပုံစံအစား မျှဝေတဲ့ပုံစံ၊ ပူးပေါင်းဆောင်ရွက်တဲ့ ပုံစံအသစ်တွေနဲ့အစားထိုးလာခဲ့တယ်။ ခေါင်းဆောင်မှုဟာ လွှမ်းမိုးမှုသာဖြစ်ကြောင်း ဖော်ထုတ်လာခဲ့တယ်။

အခုလို ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အတွေးတွေ၊ အမြင်တွေ၊ အယူအဆတွေဟာ ခေတ်နဲ့အညီ ပြောင်းလဲလာခဲ့တာဖြစ်တယ်။ သက်ဦးဆံပိုင်ဘုရင်ခေတ် အာဏာအပြည့်အဝရှိတဲ့ အနေအထားမျိုးမှာ ခေါင်းဆောင်က ရှေ့ကနေပြီးကျန်တဲ့သူတွေက နောက်ကနေရတဲ့သဘောဟာလည်း သဘာဝကျတယ်။ ဒါပေမယ့် နိုင်ငံရေးအယူအဆတွေ ပြောင်းလဲလာပြီး၊ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးခဲ့တဲ့ အချိန်ကစပြီး အယူအဆတွေဟာ ပြောင်းလဲခဲ့တယ်။ ဒါကြောင့်လည်း ခေါင်းဆောင်မှုကို လေ့လာတဲ့ပညာရှင်တွေက ခေါင်းဆောင်မှုပုံစံအသစ်တွေကို ဖော်ထုတ်ခဲ့ပြန်တယ်။ ဒီအယူအဆတွေအနက် ကျွန်တော်အနှစ်သက်ဆုံးက အစေခံတဲ့ ခေါင်းဆောင်မှုပဲဖြစ်ပါတယ်။ အစေခံနဲ့တူတဲ့ ခေါင်းဆောင်မှုဟာ အလွန်လေးနက်ပြီး သိမ်မွေ့လှပါတယ်။

**"ခေါင်းဆောင်မှုပညာကို လေ့လာဆည်းပူးရာမှာ စီမံခန့်ခွဲမှုပညာကို အခြေခံပြီး လေ့လာခဲ့တာဖြစ်တယ်။ အမှန်တော့ စီမံတဲ့သူဟာ ခေါင်းဆောင်နိုင်ဖို့ လိုအပ်သလို ခေါင်းဆောင်တဲ့သူဟာ စီမံတတ်သူ ဖြစ်ဖို့ လိုအပ်ပါတယ်။ အမှန်တော့ စီမံခြင်းနဲ့ ခေါင်းဆောင်မှုဟာ ခေါင်းနဲ့ပန်း ဖြစ်ပါတယ်။ ခွဲခြားလို့မရနိုင်တဲ့အရာ ဖြစ်တယ်"**

သာမန်အားဖြင့် ခေါင်းဆောင်ကို သခင်လို့သတ်မှတ်ကြတယ်။ ခေါင်းဆောင်စစ်မှန်ရင် သခင်မဟုတ်ဘဲ ကျွန်သာဖြစ်တယ်။ အစေခံတဲ့စိတ်၊ အလုပ်အကျွေးပြုလိုတဲ့ စိတ်ကို စွဲကိုင်ထားဖို့ လိုအပ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များဟာ အစေခံသူတွေဖြစ်ပြီး သခင်တွေကတော့ လုပ်ငန်းရဲ့ ဖောက်သည်တွေ ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းတွေကို ဦးဆောင်နေသူတွေဟာ အစေခံတွေဖြစ်ပြီး သခင်တွေက ပြည်သူတွေဖြစ်တယ်။ နိုင်ငံရေး ခေါင်းဆောင်တွေဟာ အစေခံတွေဖြစ်ပြီး သခင်တွေက မဲပေးတဲ့သူတွေဖြစ်တယ်။ နေရာတိုင်းမှာ စဉ်းစားချက်တွေ ပြင်ဆင်ဖို့ လိုအပ်တာ။ အစေခံမှုကို နိမ့်ကျတဲ့၊ အောက်ကျတဲ့အရာအနေနဲ့ မမြင်ဖို့ လိုအပ်တာ။ အများအတွက် အလုပ်အကျွေးပြုရတာဟာ ဂုဏ်ယူစရာဖြစ်တယ်။ အသိအမှတ်ပြုရမယ့်အရာဖြစ်တယ်။ ပြုစုပျိုးထောင်ဖို့ လိုအပ်တာဖြစ်ပါတယ်။

အမှန်တော့ခေါင်းဆောင်လုပ်သူဟာ သိုးထိန်းတဲ့သူနဲ့တူတဲ့သူဖြစ်တယ်။ သိုးတွေထိန်းတဲ့သူဟာ သိုးတွေအရှေ့က မနေဘဲ သိုးတွေအနောက်ကနေ ကျောင်းပါတယ်။ အရှေ့ကသွားတဲ့သိုးကို နောက်ကသိုးတွေက လိုက်ကြတာ။ သိုးထိန်းဟာ အနောက်ကနေပြီး သိုးတွေကို ကိုယ်သွားချင်တဲ့နေရာကို ထိန်းကျောင်းပေးသူ ဖြစ်ပါတယ်။ သိုးထိန်းဟာ အရှေ့ကနေပြီး မထိန်းပါဘူး၊ နောက်ကနေတဲ့သူ ဖြစ်ပါတယ်။

### ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု

ကျွန်တော့်အနေနဲ့ ခေါင်းဆောင်မှုပညာကို လေ့လာဆည်းပူးရာမှာ စီမံခန့်ခွဲမှု ပညာကိုအခြေခံပြီး လေ့လာခဲ့တာဖြစ်တယ်။ အမှန်တော့ စီမံတဲ့သူဟာ ခေါင်းဆောင်နိုင်ဖို့ လိုအပ်သလို ခေါင်းဆောင်တဲ့သူဟာ စီမံတတ်သူဖြစ်ဖို့ လိုအပ်ပါတယ်။ အမှန်တော့စီမံခြင်းနဲ့ခေါင်းဆောင်မှုဟာ ခေါင်းနဲ့ပန်းဖြစ်ပါတယ်။ ခွဲခြားလို့မရနိုင်တဲ့အရာ ဖြစ်တယ်။ ပညာရှင်တစ်ဦးကစီမံခြင်းဟာ ပေးထားတဲ့တာဝန်ကို ကျေကျေပွန်ပွန်စွမ်းဆောင်နိုင်မှုဖြစ်ပြီး ခေါင်းဆောင်မှုကတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တချို့ခေါင်းဆောင်တွေဟာ စီမံခန့်ခွဲမှုမှာအားနည်းကြပြီး တချို့စီမံခန့်ခွဲသူတွေက ခေါင်းဆောင်မှုမှာ အားနည်းတာ တွေ့ရပြန်တယ်။

နောက်လိုက်မှုကို စနစ်တကျလေ့လာခဲ့တာ မကြာသေးပါဘူး။ အများက စိတ်ဝင်စားမှုမရှိကြဘူး။ အာရုံမပြုကြတာမို့ ပညာရှင်တွေကလည်း ထဲထဲဝင်ဝင် လေ့လာမှု မရှိခဲ့တာတွေ့ရတယ်။ ဒါပေမယ့် ခေါင်းဆောင်လုပ်တဲ့သူ ဘယ်လောက်ကောင်းကောင်း အရည်အချင်း ပြည့်စုံတဲ့ နောက်လိုက်တွေ မရှိရင် ခေါင်းဆောင်မှု တာဝန်မကျေနိုင်ကြောင်း နားလည်သဘောပေါက်လာခဲ့ကြတယ်။ စနစ်တကျသုတေသနလုပ်ခဲ့ကြတယ်။ နောက်လိုက်မှုသင်တန်းတွေ ပို့ချလာခဲ့တယ်။ နောက်လိုက်မှုနဲ့ ပတ်သက်လို့ အခြေခံအားဖြင့် လေးမျိုးခွဲခြားခဲ့တာ တွေ့ရတယ်။ အခုလို အမျိုးအစားခွဲခြားရာမှာ ပေတံနှစ်ခုကို အခြေခံထားကြတယ်။ ပထမပေတံက "စဉ်းစား" ခြင်းဖြစ်တယ်။ နောက်လိုက်တွေအနက် စဉ်းစားတွေးခေါ်တတ်သူနဲ့ မစဉ်းစားတဲ့သူ အဖြစ် နှစ်မျိုးခွဲနိုင်ပါတယ်။ ဒုတိယပေတံကတော့ "လုပ်" တာ ဖြစ်တယ်။ ဒီနေရာမှာလည်း လုပ်တဲ့သူနဲ့မလုပ်တဲ့သူ ဒီပေတံနှစ်ခုအပေါ် အခြေခံပြီး နောက်လိုက်လေးမျိုး ရှိကြောင်း ဖော်ထုတ်ခဲ့တယ်။

### နောက်လိုက်(၄)မျိုး

နောက်လိုက်(၁) – မစဉ်းစား၊ မလုပ်သူ
နောက်လိုက်(၂) – မစဉ်းစား၊ လုပ်သူ
နောက်လိုက်(၃) – စဉ်းစား၊ မလုပ်သူ
နောက်လိုက်(၄) – စဉ်းစား၊ လုပ်သူ

နောက်လိုက်အမျိုးအစား (၁) ကို နေရာတိုင်းမှာ တွေ့ရတယ်။ အလုပ်ခွင်တွေမှာစိတ်မပါဘဲစဉ်းစားတာလည်း မရှိ၊ လုပ်တာလည်း မရှိတဲ့သူတွေ အများကြီးရှိတာ တွေ့ရတယ်။ ဒါတွေကြောင့် လုပ်ငန်းအဖွဲ့အစည်းတွေမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရတာ။ ဒုတိယအမျိုးအစားက အများစုဖြစ်တယ်လို့ တွေ့ရတယ်။ ပေးတဲ့တာဝန်၊ ပေးတဲ့အမိန့်ကို စဉ်းစားသုံးသပ်မှုမရှိဘဲ မျက်စိမှိတ်ပြီး အလုပ်ကို လုပ်ကြတယ်။ အမိန့်ကို မမှိတ်မသုန်နာခံတဲ့သူတွေ များလှပါတယ်။ ကိုယ်ပိုင်ဉာဏ်ကို မသုံးဘဲ ချမှတ်တဲ့အမိန့်ကို လိုက်နာဆောင်ရွက်ကြတာ။ ဒါကြောင့်လည်း အမှားတွေ များခဲ့တာ။ လူကြီးလုပ်တဲ့သူ ပြောတာကို ချင့်ချိန်စဉ်းစားမှု မရှိဘဲ ဆောင်ရွက်ကြသူတွေ များပါတယ်။ အခြေအနေအမှန်ကို သိလျက်နဲ့လူကြီးမျက်နှာလို မျက်နှာရအောင် ဆောင်ရွက်ကြသူတွေများတာ တွေ့ရတယ်။ အခြေအနေအမှန်ကို မတင်ပြကြဘဲ နောက်လိုက်ကြသူတွေ ဖြစ်ပါတယ်။ တတိယအမျိုးအစားကတော့ စဉ်းစားပြီး မလုပ်တဲ့သူတွေဖြစ်တယ်။ စိတ်ဝင်စားမှုအားနည်းပြီး မိမိနဲ့မဆိုင်သလို နေတတ်ကြ သူတွေ ရှိကြတယ်။ စဉ်းစားချက်အမှန်တွေ ရှိကြပေမယ့် မပါဝင်ချင်တဲ့ စိတ်၊ မပတ်သက်ချင်တဲ့စိတ်၊ ဘာသိဘာသာ နေလိုတဲ့ စိတ်တွေနဲ့ လှုပ်ရှားနေကြသူတွေ ဖြစ်တယ်။ အစည်းအဝေးတွေ တက်ပေမယ့် စိတ်ပါဝင်စားမှု မရှိကြဘူး။ အာရုံကတခြား၊ သူတို့မှာရှိတဲ့အားတွေဟာ လိုအပ်တဲ့နေရာမှာ မရှိဘဲ မလိုတဲ့နေရာမှာ ပျံ့နှံ့နေခဲ့တာ တွေ့ရတယ်။

နောက်ဆုံးအမျိုးအစားကတော့ "စဉ်းလည်းစဉ်းစားပြီး လုပ်စရာရှိတာကို လုပ်တဲ့သူ"။ သူတို့ဟာ ထူးချွန်တဲ့ ပြောင်မြောက်တဲ့" "နောက်လိုက်ကောင်း" တွေ ဖြစ်တယ်။ အမှန်တော့ "နောက်လိုက်ကောင်း" ဆိုတဲ့အတွေးအခေါ်အယူအဆဟာ အများအတွက်ဆန်းနေမှာ ဖြစ်တယ်။ နောက်လိုက်ဟာ ဘယ်လိုခေါင်းဆောင်ကောင်း ဖြစ်နိုင်မလဲလို့ တွေးကြမှာ။ အမှန်တော့ စောစောက တင်ပြခဲ့သလို နောက်လိုက်ကောင်းတွေကြောင့် ခေါင်းဆောင်ကောင်းတွေပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

### ခေါင်းဆောင်ဆိုသည်မှာတစ်ချိန်ကနောက်လိုက်

ခေါင်းဆောင်တာဝန်ယူထားသူများဟာ တစ်ချိန်က နောက်လိုက်ဖြစ်ခဲ့တာကို သတိပြုရမှာ ဖြစ်တယ်။ နောက်လိုက်ဘဝမှာရလာတဲ့အတွေ့အကြုံတွေကို အခြေခံပြီး ခေါင်းဆောင်ဖြစ်လာတဲ့အချိန်မှာ နောက်လိုက်တွေနဲ့ပတ်သက်ပြီး ကိုယ်ချင်းစာတတ်တယ်။ နားလည်တတ်ပြီး သူတို့ကို ဆွဲဆောင်နိုင်မှာ ဖြစ်တယ်။ ခေါင်းဆောင်တွေကို နောက်လိုက်တွေက လေးစားဖို့ လိုအပ်သလို ခေါင်းဆောင်တွေက နောက်လိုက်တွေကို စာနာဖို့ လိုအပ်ပါတယ်။ အပြန်အလှန်လေးစားကြဖို့ အရေးကြီးလှတယ်။ ခေါင်းဆောင်တွေ အရေးကြီးသလို နောက်လိုက်တွေဟာလည်း အရေးပါလှပါတယ်။

ခေါင်းဆောင်ခြင်းနဲ့ပတ်သက်ပြီး ရာထူးအာဏာရှိမှ ဖြစ်နိုင်တယ်လို့ မြင်နေကြတယ်။ အမှန်တော့ ဒါတွေဟာ ပဓာနမဟုတ်ပါဘူး။ အရေးကြီးဆုံးအရာက သြဇာဖြစ်တယ်။ ခေါင်းဆောင်လုပ်တဲ့သူရဲ့အကျင့်စာရိတ္တ၊ အရည်အချင်းတွေကို အခြေခံပြီး ဦးဆောင်ရတာဖြစ်တယ်။ ခေါင်းဆောင်ရဲ့ အရေးကြီးဆုံး အရည်အချင်းက ကိုယ်ချင်းစာတရားနဲ့ အကြင်နာတရားဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ခေါင်းဆောင်လုပ်သူက နှိမ့်ချနိုင်တဲ့သူ ဖြစ်ဖို့ လိုအပ်ပါတယ်။ နှိမ့်ချခြင်းဟာ နှိမ့်ကျခြင်း မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး ဘဝင်မမြင့်သင့်ပါဘူး။ မိမိရဲ့တာဝန်ဟာ နောက်လိုက်အတွက်သာဖြစ်ကြောင်းဆိုတာကို အမြဲသတိထားရမှာ ဖြစ်ပါတယ်။

စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး အားကစားကရတဲ့ သင်ခန်းစာတွေကို အသုံးချနေတာကို တွေ့ရပါတယ်။ အားကစားနဲ့ပတ်သက်ပြီး အများစုဟာ တစ်ဦးချင်း ပြိုင်ဆိုင်မှုထက် အသင်းအဖွဲ့နဲ့ ယှဉ်ပြိုင်ရတာဖြစ်တယ်။ ဒီဥပမာကိုယူပြီး အခုအချိန်မှာ လုပ်ငန်းခွင်တွေမှာ အသုံးချလာခဲ့တယ်။ ဒါကြောင့် ခေါင်းဆောင်တွေကို အသင်းခေါင်းဆောင်တွေလို့ သတ်မှတ်လာခဲ့တယ်။ ဥပမာဘောလုံး အသင်းခေါင်းဆောင် ဆိုပါစို့။ သူဟာ အသင်းထဲမှာ အထူးချွန်ဆုံး၊ အတော်ဆုံး အားကစားသမားဖြစ်ဖို့ မလိုအပ်ပါဘူး။ ကျန်တဲ့အသင်းသားတွေ အထဲက မိမိထက်တော်တဲ့ ထူးချွန်သူတွေရှိနိုင်ပါတယ်။ ဒါပေမယ့် အသင်းခေါင်းဆောင်လုပ်သူဟာ တစ်သင်းလုံးကို စည်းရုံးနိုင်တယ်။ ဦးဆောင်နိုင်တယ်၊ ညှိနှိုင်းပေးနိုင်တဲ့သူ ဖြစ်ပါတယ်။ အသင်းရဲ့အင်အားဟာ စည်းလုံးခြင်းဖြစ်တယ်။ အပေးအယူနားလည်မှုတွေကို ဖန်တီးပေးသူဖြစ်တယ်။

ဒါကြောင့်လုပ်ငန်းအဖွဲ့အစည်းတွေမှာ ခေါင်းဆောင်လုပ်တဲ့သူတွေဟာ အသင်းခေါင်းဆောင်တွေ ဖြစ်ကြပါတယ်။ "ခေါင်းဆောင်မှုနဲ့ နောက်လိုက်ခြင်း" ဟာ ဆန့်ကျင်ဘက်တွေ မဟုတ်ပါဘူး။ ခေါင်းဆောင်ဟာ နောက်လိုက်ဖြစ်ပြီး နောက်လိုက်လုပ်သူဟာခေါင်းဆောင်နိုင်တဲ့သူဖြစ်ဖို့ လိုအပ်ပါတယ်။ အမှန်တော့ ယခုနောက်လိုက်ဟာ အနာဂတ်ရဲ့ခေါင်းဆောင်တွေ ဖြစ်ကြပါတယ်။ ။

## စစ်တွေမြို့နယ်၌ ကုန်စည်စီးဆင်းမှုပြတ်တောက်မှုမရှိစေရေး ကုန်တင်ယာဉ်များ၊ ဆီသယ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ

**စစ်တွေ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း ကုန်စည်စီးဆင်းမှု ပြတ်တောက်မှုမရှိစေရေး ကုန်တင်ယာဉ်များ၊ ဆီသယ်ယာဉ်များကို စစ်တွေမြို့နှင့် ရှစ်မိုင်ကွာဝေးသော ကျောက်တန်းကျေးရွာအနီး ယာယီကားဂိတ်တွင် ကုန်တင်ကုန်ချပြုလုပ်ပြီး ကုန်ပစ္စည်းပို့ကြိုစနစ်ဖြင့်လည်းကောင်း၊ ယာဉ်မောင်းလဲလှယ်မောင်းနှင်ခြင်းစနစ်ဖြင့် လည်းကောင်း မြို့တွင်းသို့ ပို့ဆောင်ပေးလျက်ရှိသည်။

အဆိုပါ ကျောက်တန်းကားဂိတ်တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ရခိုင်ပြည်နယ်သို့ ကုန်စည်ပို့ဆောင်ရန် ရောက်ရှိလာသော ကုန်ကားများအား ပိုးသတ်ဆေးဖျန်းခြင်း၊ ကုန်စည်များ သယ်ဆောင်ရန် လာရောက်သည့် စစ်တွေမြို့တွင်းမှ ကားများကို ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကုန်ကားများနှင့် ဆီသယ်ယာဉ်များ စနစ်တကျ ရပ်တန့်ရန်နှင့် ကုန်တင်ကုန်ချပြုနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဖြူ၊ စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ဦးနှင့် စစ်တွေမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌ ဦးချမ်းအေးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်တန်း ကားဂိတ်သို့ ဩဂုတ် ၂၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့်ကုန်စည်များ တင်ဆောင်လာသည့် ကုန်ကား ၂၆ စီး ရောက်ရှိရပ်နားကာ မြို့တွင်းသို့ ကုန်ပစ္စည်းပို့ကြိုစနစ်နှင့် ယာဉ်မောင်းလဲလှယ်မောင်းနှင်စနစ်ဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



## မင်းဘူး(စကု)မြို့နယ်တွင် ဂန္ဓမာပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာ

**မင်းဘူး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်း ကျေးရွာမှ တောင်သူများသည် မိုးသီးနှံအဖြစ် ဂန္ဓမာပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးသည့်အဆင့်မှ စီးပွားဖြစ် လုပ်ငန်းအဖြစ် တိုးချဲ့စိုက်ပျိုး လုပ်ကိုင်လာကြကြောင်း ပန်းစိုက်တောင်သူများထံမှ သိရသည်။

ဂန္ဓမာပန်း စိုက်ပျိုးရန်အတွက် ပထမဦးစွာ မြေကို ငါးစပ်မျှ ညက်ညက်ထွန်ယက်ကြပြီး ပေါင်းမြက်များ ရှင်းလင်းဖယ်ရှားကာ မြေပေါင်တစ်ပေါင်လျှင် တစ်တောင့်ထွာအကျယ်နှင့် အရှည်ပေ ၂၀ ခန့်ပြုလုပ် စိုက်ပျိုးကြသည်။ တစ်ပေါင်နှင့်တစ်ပေါင် တစ်တောင်ခန့်ခြားထား၍ လူသွားသည့်လမ်းကြောင်း ပြုလုပ်ပေးရသည်။ ထိုလူသွားလမ်းကြောင်းမှ စက်ရေတွင်းနှင့် သွယ်တန်းထားသော ပိုက်များဖြင့် ရေဖျန်းကြသည်။ ပန်းပျိုးပင်ပေါက်များကို ပြင်ဦးလွင်မှ ဝယ်ယူစိုက်ပျိုးရပြီး တစ်ပင်လျှင် တစ်ဆယ်ကျပ် ပေးရသည်။ တစ်ဧကလျှင် ပန်းပျိုးပင်ပေါက် ၅၀၀၀၀ ခန့်စိုက်ပျိုး၍ ပူပြင်းသော ရာသီဥတုတွင် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေရွှဲရွှဲဖျန်းပေးရသည်။

ပန်းပင်များ ဖြစ်ထွန်းရန်အတွက် ၁၀ ရက် (သို့) ၁၅ ရက်တစ်ကြိမ် မြေဆီများကျွေးပေးရသည်။ အပင်ရက်သား သုံးလခွဲရောက်လျှင် ဈေးကွက်သို့ ရောင်းချနိုင်သည်။ အပင်ဖွံ့ဖြိုးမှုအပေါ် မူတည်ပြီး ပန်းတစ်ပင်လျှင် ပန်းပွင့် ကိုးပွင့်မှ ၁၀ ပွင့်အထိပွင့်၍ ပန်းတစ်စည်းလျှင် ၇၀၀/၈၀၀ကျပ် ရောင်းချရသည်။ မင်းဘူးဈေးအပြင် အနီးအနားပတ်ဝန်းကျင်မှ စိုက်ခင်းထဲသို့ လာရောက် ဖောက်သည်ဝယ် ယူသူများလည်းရှိသည်။ ထွန်ယက်ခ၊ စိုက်ပျိုးခ၊ ပျိုးပင်ဖိုး၊ မြေဆီဖိုးနှင့်ဆိုလျှင် ၉ သိန်း ၁၀ သိန်းလောက်ကုန်ကျသည်။ သို့သော် ရေလောင်းလိုက်၊ မြေဆီကျွေးလိုက်၊ ရောင်းလိုက်၊ ချလိုက်နှင့် အလုပ်ရှုပ်သော်လည်း တစ်စိုက်မတ်မတ် လုပ်နိုင်ပါက တွက်ခြေကိုက်သည့်အတွက် ပန်းခင်းများ တိုးချဲ့စိုက်ပျိုးထားကြောင်း ရေတွင်းကုန်းကျေးရွာ ဂန္ဓမာပန်းစိုက်တောင်သူ မအေးမြက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

## ရွှေဘိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မိုးစပါးမျိုးစေ့ထုတ်ကေ ၁၆၅၀ စိုက်ပျိုးလျက်ရှိ

**ရွှေဘို ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် မိုးစပါး မျိုးစေ့ထုတ်ကေ ၁၆၅၀ စိုက်ပျိုးလျက်ရှိရာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်နစ်နာမှုများ ရှိသည့်အပေါ် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP)ဖြင့် လယ်ယာကဏ္ဍ၏ မျိုးစေ့ထုတ်လုပ်မှုတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့များ ပွားများထုတ်လုပ်နိုင်ပြီး တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် ဖူလုံစွာအသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်၍ အရည်အသွေးကောင်း ပေါ်ဆန်းရင်(ရွှေဘိုပေါ်ဆန်း) စပါးမျိုး မျိုးသန့်ပွားများထုတ်လုပ်ခြင်းကို တောင်သူပေါင်း ၄၈၄ ဦး၏ စိုက်ဧက ၁၆၅၀ တွင် စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ စိုက်ဧက ၁၆၅၀ ကို (CERP) အစီအစဉ်ဖြင့် နိုင်ငံတော်မှ တစ်ဧကလျှင် တစ်သိန်းငါးသောင်းငါးရာကျပ်နှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောကြားသည်။

ထိုစိုက်ကေများကို စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်ပြီး စိုက်ပျိုးပညာပေးကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ စိုက်နည်းစနစ် သုံးမျိုးဖြစ်သည့် ပျိုးသက်နုကောက်ကွက်ကျဲ(SRI)စနစ်ဖြင့်လည်းကောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း နည်းစနစ်ဖြင့်လည်းကောင်း၊ ၆ တန်း ၁ တန်းလှပ် ပျိုးစိုက်နည်းစနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မျိုးကောင်းမျိုးသန့်နွားများ မွေးမြူနိုင်ရေး မေထုန်မဲ့နည်းဖြင့် သားစပ် သားဖောက်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသခံ နွားမွေးမြူရေးတောင်သူများအား ဝင်ငွေများတိုးတက်မြင့်မားရရှိလာစေရေး မျိုးကောင်း မျိုးသန့်နွားများကို မွေးမြူလာတတ်သောအလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရေး နွားနို့အထွက်နှုန်းတိုးတက်လာစေရေးနှင့် အကောင်ကြီးထွားနှုန်း အသားထွက်နှုန်း တိုးတက်မြင့်မားလာစေရန်အတွက်ရည်ရွယ်ပြီး နွားမွေးမြူခြံများနှင့် ဒေသခံတောင်သူများ၏ တစ်ပိုင်တစ်နိုင်မွေးမြူထားသော နွားများကို မေထုန်မဲ့နည်းဖြင့် သားစပ် သားဖောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါက်တာစိုးလွင်က ပြောကြားကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## ချင်းတောင်ပန်းသီးအထွက်နှုန်းကောင်းသော်လည်း အလုံးသေးငယ်၍ အဆင့်မီဈေးကွက်ဖြစ်မလာဘဲ ဝယ်လိုအားနည်း

**တီးတိန် ဩဂုတ် ၃၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိပန်းသီးခင်းများ ယခုနှစ်ပန်းသီးအထွက်နှုန်းကောင်းမွန်သော်လည်း ပန်းသီးထွားနှုန်းအားနည်း၍အဆင့်မီဈေးကွက်ဝင် ဖြစ်မလာဘဲ အလုံးသေးငယ်သဖြင့် ဝယ်လိုအားနည်းနေကြောင်း ပန်းသီးစိုက်တောင်သူများထံမှ သိရသည်။



ပြည်တွင်းပြည်ပအထိ အရောင်းအဝယ်ဖြစ်နေသော ချင်းတောင်ပန်းသီးများ

"တီးတိန်မြို့နယ်မှာ ပန်းသီးဟာဒေသထွက် စိုက်ပျိုးသီးနှံတစ်ခုဖြစ်ပါတယ်။ ပန်းသီးအထွက်နှုန်းကတော့ မကျပေမယ့် ဒီနှစ်နွေရာသီကာလမှာ အပူရှိန်ပြင်းတဲ့အချိန်ပန်းသီးအဖူးအပွင့်ထွက်လာလို့ဆိုရမလား၊ ပန်းသီးအလုံး သေးသွားတယ်။ ဈေးကွက်မှာလည်း ဝယ်လိုအားကျဆင်းသွားပါတယ်။ အခုအချိန်ထွက်ရှိတဲ့ပန်းသီးဟာ အိုင်ဝါအမျိုးအစားဖြစ်ပါတယ်။ တောင်သူတွေအဓိကစိုက်ပျိုးတဲ့ ပန်းသီးအမျိုးအစားကတော့ အိုင်ဝါ၊ ရူဘီ (ခေါ်) ကမ်းနန်၊ အော်သီး(Audi)၊အိုယိုကီနဲ့ ကုန်ဒေါင်းတို့ဖြစ်ပါတယ်။ ပန်းသီးက စက်တင်ဘာလကုန်အထိထွက်တာ ဖြစ်တဲ့အတွက် နောက်အသီးတွေလှရင်အရောင်းအဝယ်ကောင်းသွားမှာဖြစ်ပါတယ်"ဟု တီးတိန်မြို့နယ် ဘွင်ကျေးရွာပန်းသီးစိုက်တောင်သူ ဦးဒိုဇနန်က ပြောသည်။ ချင်းပြည်နယ်တွင် ပန်းသီးခင်းကို တီးတိန်မြို့နယ်၌အများဆုံးစိုက်ပျိုးမှုရှိပြီး ပြည်တွင်း ပြည်ပဈေးကွက်အထိ အရောင်းအဝယ်ဖြစ်နေသော ချင်းတောင်ပန်းသီးမှာ ယခုနှစ်ပန်းသီးအထွက်နှုန်းကောင်းမွန်သော်လည်းရာသီဥတုပူပြင်းစွာခံစားရသည့်အတွက်ကြောင့် ပန်းသီးအလုံးသေးငယ်ခြင်းဖြစ်သည်။

"တီးတိန်ဒေသ ပန်းသီးပင်တွေဟာ ကင်ကာ(Canker)လေကနေတစ်ဆင့်ကူးတဲ့ရောဂါကြောင့် ပန်းသီး တစ်နှစ်မှာ ၁၀ ဒီဂရီစင်တီဂရိတ်အောက်/အအေးဓာတ်နာရီပေါင်း ၇၀၀ ခန့်လိုအပ်ပါတယ်။ အခုနှစ်မှာတော့ ရာသီဥတုပူနွေးလာမှုကြောင့် တစ်နှစ် ၁၀ ဒီဂရီစင်တီဂရိတ်အောက် အအေးဓာတ် နာရီပေါင်း ၃၀၀ ကနေ ၄၀၀ ခန့်လောက်ပဲရရှိပါတယ်။ ဒါ့အပြင် မိုးရွာသွန်းမှုနောက်ကျတဲ့အတွက်ကြောင့် ပန်းသီးတွေ အရင်နှစ်ထက် အလုံးသေးသွားတာဖြစ်ပါတယ်"ဟု တီးတိန်မြို့စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပန်းသီးကို ချင်းပြည်နယ်နေရာဒေသ အနှံ့စိုက်ပျိုးဖြစ်ထွန်းမှုရှိသော်လည်း တီးတိန်မြို့နယ် ဘွင်၊ ဗန်တဲ့၊ လိုးဖေ၊ ဆွောင်းပီး၊ ဒိမ်ပီးနှင့်လေးဒေါ့ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးမှုရှိကြပြီးဇွန်လဆန်းချိန်မှစတင်၍ ပေါ်ဦးပေါ်ဖျားပန်းသီးများကို ကလေးမြို့ ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချကြကြောင်း၊ ပန်းသီးကိုထင်ရှူးသေတ္တာဖြင့် ရိုက်၍ တစ်ဖက်နိုင်ငံ မြန်မာ- အိန္ဒိယနယ်စပ်မီဇို ရမ်ပြည်နယ်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များနှင့် ချင်းတွင်းမြစ်ဖျားဒေသသို့လည်းကောင်း အသီးသီးတင်ပို့ရောင်းချကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုနှင့်သစ်ထောင့်ကျွန်း ကျေးရွာအုပ်စုမှ ပြောင်းဖူးစိုက်တောင်သူများ ပြောင်းဖူးလှိုင်လှိုင်ပေါ်ချိန် ပြောင်းဖူးဈေးထိုးကျ

**ညောင်ဦး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်အုပ်စုနှင့် သစ်ထောင့်ကျွန်းကျေးရွာအုပ်စုရှိကျေးရွာများသည် ညောင်ဦး-ပခုက္ကူ-မြင်းခြံ သွားကားလမ်းမကြီးဘေး ဝဲ/ယာတွင်တည်ရှိကာ ဒေသခံကျေးရွာများရှိတောင်သူများသည် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ပြောင်းဖူး စိုက်ပျိုးခြင်းအား တစ်နှစ်ပတ်လုံးစိုက်ပျိုးရောင်းချခြင်းဖြင့် ပြောင်းဖူးစိုက်ပျိုးခြင်းလုပ်ကိုင်နေကြကာ ယခုလ ပြောင်းဖူးလှိုင်လှိုင်ပေါ်ချိန် ပြောင်းဖူးဈေးနှုန်းကျဆင်းနေခြင်းကြောင့် ရန်ကုန်ပြောင်းဖူးပွဲစားများနှင့် မန္တလေးမြို့မှ ပွဲစားများလာရောက်ဝယ်ယူမှုမရှိခြင်းကြောင့် ပြောင်းဖူးဈေး အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါကျေးရွာအုပ်စုများရှိ ကျေးလက်တောင်သူများသည် တစ်နှစ်ပတ်လုံး



ပြောင်းဖူးများသာ စိုက်ပျိုးကြကာ တစ်နှစ်လျှင်လေးကြိမ်အထိ စိုက်ပျိုးကြကြောင်း၊ မြစ်ရေတင်ဖြင့် စိုက်ပျိုးကြသည့်တောင်သူများရှိသလို၊ မြေအောက်ရေတွင်းတူးကာ ရေစုပ်စက်ဖြင့်ရေးသွင်း စိုက်ပျိုးကြသည့်တောင်သူများလည်းရှိကြောင်း၊ သကြားပြောင်းဖူးနှင့်အစီး(စေး)ပြောင်းဖူးနှစ်မျိုးကို အများဆုံးစိုက်ပျိုးကြပြီး ကြက်တမော့ပြောင်းဖူးလည်းစိုက်ပျိုးကြကြောင်းသိရသည်။ ထွက်ရှိလာသည့် ပြောင်းဖူးများအား ကားလမ်းမကြီးဘေးတွင်ပုံထားကာ လမ်းသွား၊ လမ်းလာကားများမှဆင်းဝယ်၍ရောင်းချရသလို၊ မြင်းခြံ၊ ညောင်ဦး၊ ပခုက္ကူ၊ ပုဂံ၊ ကျောက်ပန်းတောင်း ပွဲစားများမှ လာရောက်ဝယ်ယူကြသလို၊ ပလင်းကမ်းသာယာဆင်စခန်းမှလည်း ဆင်စာအတွက် အမြဲဝယ်ယူနေကြောင်း၊ ရန်ကုန်၊ မန္တလေးပြောင်းဖူးပွဲစားများလာရောက်ဝယ်ယူရာတွင် ကားဖြင့် တစ်ခါလာရောက်ဝယ်ယူလျှင် ပြောင်းဖူးတစ်သောင်းမှသုံးသောင်းထိအဖူးရေဖြင့် ရောင်းချရကာ ယခုလအတွင်းပြောင်းဖူးများလှိုင်လှိုင်ပေါ်ချိန် ပြောင်းဖူးတစ်ဖူး ၈၀ ကျပ်ဖြင့် ရောင်းချနေရပြီး ဆယ်ဖူးဈေး ၈၀၀ ကျပ်ဖြင့်ရောင်းချနေရကာ ပြောင်းဖူးဈေးအနိမ့်ဆုံးသို့ ထိုးကျနေခြင်းကြောင့် ပြောင်းဖူးများလှိုင်လှိုင်ပေါ်ချိန် စိုက်ပျိုးစရိတ်ပင်မရရှိတော့ကြောင်း ဦးဝင်းတင်က ရှင်းပြသည်။

မိုးရာသီတွင် ပြောင်းဖူးစိုက်လျှင် ရက် ၉၀ ဖြင့် ပြောင်းဖူးရရှိကာ၊ နွေရာသီစိုက်ပျိုးချိန်တွင် ၇၅ ရက်ဖြင့် ပြောင်းဖူးပေါ်ကြောင်း သိရသည်။ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုရှိ ကျေးရွာများ၊ သစ်ထောင့်ကျွန်းအုပ်စုရှိ ပြောင်းဖူးစိုက်တောင်သူများ ပြောင်းဖူးဈေးနှုန်း အနိမ့်ဖြင့် ရောင်းချနေရကြောင်း ပြောင်းဖူးများအထွက်နှုန်းကောင်းမွန်ပြီး အထွက်များပြားခြင်းကြောင့် ရန်ကုန်၊ မန္တလေး ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူမှုနည်းပါးနေကြောင်း ပြောင်းဖူးစိုက်တောင်သူများ ပြောကြားသည်။ **မောင်မောင်ထိန်၊(ကျောက်ပန်းတောင်း)**

## ဟိုပုံးမြို့နယ်တွင် အစေ့ထုတ်ပြောင်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရန် မျှော်လင့်

**ဟိုပုံး ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူများထံက သိရသည်။

အစေ့ထုတ်ပြောင်းများ ရောင်းချရာတွင် မိသားစုဝင်ငွေ ပိုမိုရရှိ၍ တောင်သူများအတွက် အကျိုးပြုသည့် သီးနှံဖြစ်သောကြောင့် မိုးအစေ့ထုတ်ပြောင်းများကို ဟိုပုံးမြို့နယ်တွင် မိုးသီးနှံအဖြစ် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ မိုးသီးနှံပြောင်း စိုက်ပျိုးရာတွင် တစ်ဧကလျှင် ပြောင်း သုံးကီလို စိုက်ပျိုးရပြီး မျိုးစရိတ်၊ မြေပြင်ခြင်း၊ အလုပ်သမား၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် စုစုပေါင်း ငွေကျပ် ၂၈၀၀၀၀ ခန့်ကုန်ကျကြောင်း တောင်သူများအနေဖြင့် CP 808၊ SP 5059၊ 029 နှင့် အခြားပြောင်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ ပြောင်းစိုက်ပျိုးရာတွင် ဒေသအလိုက် သင့်လျော်သော အထွက်နှုန်းကောင်းမျိုးများရွေးချယ်စိုက်ပျိုးကြရာ မိုးရာသီတွင် မေလဆန်းမှ ဇွန်လကုန်ထိ စိုက်ပျိုးပြီး ဆောင်းရာသီတွင် စက်တင်ဘာလမှ အောက်တိုဘာလတွင် စိုက်ပျိုးသင့်ကြောင်းနှင့် မြေဩဇာ ထက်သန်သော နုန်းမြေ၊ နုန်းမြေစေး၊ သဲနုန်းမြေတို့နှင့် ရေဝပ်ခြင်းမရှိ လေဝင်လေထွက်မျှတ၍ မြေဆီလွှာနက်သောမြေမျိုးတို့တွင် စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ အစေ့ထုတ်ပြောင်းများကို ဟိုပုံးမြို့နယ်တွင် များစွာစိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးအစေ့ထုတ်ပြောင်း စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ခူးဆွတ်ရောင်းချချိန်တွင်လည်း ဒေသခံပြောင်းသီးနှံစိုက်ပျိုးတောင်သူများက ဈေးကောင်း ရရှိရန်အတွက် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကြပါစို့

ဒေါက်တာနိုင်ကြည်ဝင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

### အပင်ဗီဇမျိုးစုံမျိုးကွဲများ အရေးပါပုံ

ကျွန်ုပ်တို့နေ့စဉ် အသက်ရှင်နေထိုင်နိုင်ရေးအတွက် အပင်မျိုးစိတ်ပေါင်း ၈၀၀၀၀ ခန့်ကို နည်းမျိုးစုံဖြင့် ယနေ့ကမ္ဘာမှာ လူသားတို့ နေ့စဉ်သုံးစွဲနေကြသည်။(အစားအစာ၊ အမျှင်ထွက်ပစ္စည်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဆေးဝါးများ) ၎င်းတို့ထဲတွင် စားသုံးနိုင်သည့် မျိုးစိတ်ပေါင်း ၁၀၀၀၀ ခန့်ရှိပါသည်။ ဤကဲ့သို့မတူကွဲပြားသော အဖိုးတန် အပင်မျိုးဗီဇ အရင်းအမြစ်များသည် ယခုစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသော ကျွန်ုပ်တို့ ကမ္ဘာကြီးအတွက် စားနပ်ရိက္ခာလုံလောက်မှုရရှိစေရန်အခြေခံပင်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေတိုးတက်လာသည်မှာ ၂၀၅၀ ပြည့်နှစ်တွင် သန်းထောင်ပေါင်း (၉ ဒသမ ၂) အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည့်အတွက် တိုးတက်လာသော လူဦးရေအားလုံး အာဟာရဖြည့်ပေးနိုင်ရန်မှာ ကျွန်ုပ်တို့သည် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကို ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ပေးရမည်ဖြစ်ပါသည်။

ယခုအခါ ယင်းအပင်ဗီဇအရင်းအမြစ်များအား လျော့နည်းပပျောက်စေရန် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေမြေအရင်းအမြစ်များ ဆုတ်ယုတ်လာမှု၊ သဘာဝ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှု စသည်တို့က ခြိမ်းခြောက်လျက်ရှိပါသည်။ ယင်းအဖိုးတန်သော အပင်ဗီဇအရင်းအမြစ်များ မျိုးစုံပါဝင်သော ရတနာသေတ္တာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကျွန်ုပ်တို့က ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် လိုအပ်သောဗီဇကောင်းများနှင့် တန်ဆာဆင်ထားသော မျိုးကောင်းမျိုးသစ်များ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် စနစ်တကျထိန်းသိမ်းရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံအသီးသီး၌ ဗီဇဘဏ် (သို့) မျိုးစေ့ဘဏ်များ တည်ဆောက်ထိန်းသိမ်းခဲ့ကြရာ ယခုတွင် စုစုပေါင်း ၁၇၀၀ ခန့်ရှိပြီ ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ ဗီဇမျိုးစုံ မျိုးကွဲများအတွက် ဗီဇဘဏ် (သို့မဟုတ်) မျိုးစေ့ဘဏ်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ရေမြေသယံဇာတနှင့် သီးနှံများပေါများကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးဖြင့် တိုးတက်မှုအကောင်အထည်ဖော်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ထည့်သွင်းစဉ်းစားရပါမည်။ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ပြည်ပမှအထွက်ကောင်းမျိုးများကို တင်သွင်းစိုက်ပျိုးလာခဲ့ကြသလို ပြည်တွင်း၌လည်း မျိုးကူးစပ်မွေးမြူရေး ပညာရှင် (Plant breeders) များကလည်း အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသစ်များကို ထုတ်လုပ်လျက်ရှိပါသည်။

အထွက်ကောင်း မျိုးကောင်းမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးလာခြင်း၊ လူဦးရေတိုးပွားလာမှုကြောင့် မြို့ပြဧရိယာတိုးချဲ့ခြင်း၊ ရေလှောင်တာတာတမံများ တိုးချဲ့ဆောက်လုပ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သော တောမီးလောင်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်းတို့နှင့် နယ်မြေဒေသ မငြိမ်းချမ်း၍ စစ်ပွဲများဖြစ်ပေါ်ခြင်းများကြောင့် သီးနှံဒေသမျိုးများနှင့် ၎င်းတို့နှင့် ဆက်နွယ်နေသာမျိုးရိုင်းများမှာ တစ်စတစ်စကွယ်ပျောက်ဆုံးရှုံးလျက်ရှိနေပါသည်။ (ဥပမာ- ယခင်နာမည်ကြီးသော ဒေသစပါးမျိုးဖြစ်သည့် ကချင်ပြည်နယ်၊ ဝိုင်းမော်ဒေသ၌ စိုက်ပျိုးပြီး အရည်အသွေးကောင်းသော ခပ်ချိုစပါးမျိုးသည် ယခု ကချင်ပြည်နယ် တစ်ခုလုံး၌ ပျောက်ကွယ်ခဲ့ပြီဖြစ်ပါသည်။

ဒေသမျိုးများမှာ ဒေသခံတောင်သူများ မိမိတို့ဝမ်းရေးနှင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဘိုးဘေးစဉ်ဆက် စိုက်ပျိုးလာခဲ့သော သီးနှံမျိုးများဖြစ်ရာ ၎င်းသီးနှံမျိုးကွဲများတွင် မျိုးအလိုက် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမှု၊ ပိုးမွှားရောဂါခံနိုင်ရည်ရှိမှုနှင့် ရေငတ်ဒဏ်၊ ရေဝပ်ဒဏ်နှင့် အလားတူ သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိမှု စသည့် ဗီဇလက္ခဏာကောင်းများ ပါဝင်လျက်ရှိပါသည်။

ယင်းဗီဇလက္ခဏာကောင်းများအား ဗီဇကွဲ မျိုးများနှင့်အတူ မပျက်စီးမပပျောက်စေရေးအတွက်နှင့် အနာဂတ်တွင် မျိုးစပ်မွေးမြူရေးပညာရှင် (Palnt Breeders) များအနေဖြင့် အရည်အသွေးနှင့် အထွက်ကောင်းသီးနှံမျိုးသစ်များ မွေးမြူထုတ်လုပ်ရာတွင် အသုံးပြုနိုင်ရေးအတွက် သီးနှံဗီဇကွဲမျိုးများ၊ မျိုးရိုင်းများကို မပျောက်ဆုံးခင် အချိန်မီ ရှာဖွေစုဆောင်း၍ ထိန်းသိမ်းရန် စိုက်ပျိုးရေးသုတေသနဌာန၊ ရေဆင်းတွင် မြန်မာနိုင်ငံမျိုးစေ့ဘဏ်ကို ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ကူညီ၍ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ပါသည်။

မျိုးစေ့ဘဏ်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာများ ထောက်ပံ့၍ အောက်ပါလုပ်ငန်း ငါးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**၁။ သီးနှံဗီဇမျိုးကွဲများ တင်သွင်းခြင်း၊ ရှာဖွေစုဆောင်းလေ့လာခြင်း လုပ်ငန်း**

(Exploration, Collection and Introduction)

သီးနှံဒေသမျိုးများနှင့် မျိုးရိုင်းများစုဆောင်းခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ နိုင်ငံတော်စီမံကိန်းအစီအစဉ်အနေဖြင့်လည်းကောင်း နှစ်စဉ်ဒေသအသီးသီးသို့ သွားရောက်၍ မျိုးစုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြသည်။ ယခုချိန်တွင် မြန်မာနိုင်ငံမျိုးစေ့ဘဏ် ၌ သီးနှံမျိုးစိတ်အမျိုးအစား (၄၃) မျိုး၏ ဗီဇကွဲ မျိုးနမူနာများကို ရှာဖွေ စုဆောင်းထားနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**၂။ စုဆောင်းရရှိသော သီးနှံဗီဇကွဲ မျိုးများကို စိုက်ပျိုးလေ့လာ၍ မျိုးကွဲအလိုက် ရုပ်သွင်ပြင် လက္ခဏာများအား စိစစ်မှတ်တမ်းတင်ပြုစုခြင်းလုပ်ငန်း**

(Regeneration and Characterization)

ဒေသအသီးသီးမှ ရှာဖွေစုဆောင်းရရှိသည့် သီးနှံဗီဇကွဲမျိုးများ၊ မျိုးရိုင်းများကို ကွင်းတွင်စိုက်ပျိုး၍ သီးနှံဗီဇကွဲမျိုးအလိုက် ရုပ်သွင်ပြင်လက္ခဏာများ (Morphological traits)၊ လက္ခဏာများကို အသေးစိတ်မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတကာသတ်မှတ်ထားသည့် စံချိန်စံညွှန်းဖြစ်သော အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ (Bioversity International) အဖွဲ့အစည်းမှ ထုတ်ဝေသည့် သီးနှံအလိုက် မှတ်တမ်းကောက်ယူရမည့် လမ်းညွှန်စာအုပ် (Descriptors) များကို အသုံးပြု၍ မှတ်တမ်းတင်လျက်ရှိပါသည်။ ၎င်းအပြင် Biochemical နည်းပညာ၊ molecular နည်းပညာများဖြင့်လည်း ဗီဇမျိုးစုံကွဲပြားမှုတို့ကို မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါသည်။

**၃။ အကြိုမျိုးမွေးမြူခြင်း သုတေသနလုပ်ငန်း (Pre-breeding)**

သိုလှောင်သိမ်းဆည်းထားသော မျိုးဗီဇကွဲများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် ၎င်းတို့တွင်ပါဝင်သည့် ထူးခြားသောလက္ခဏာမှတ်တမ်းများ ဖြစ်သည့် ရေငတ်ဒဏ်၊ ရေဝပ်ဒဏ်၊ မိုးခေါင်ဒဏ်နှင့် ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိမှုတို့ကို မျိုးကူးစပ်ခြင်းလုပ်ငန်းတွင် မိဘမျိုးလိုင်းများအဖြစ် အလွယ်တကူအသုံးပြုနိုင်အောင် အကြိုမျိုးမွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

> **"မြန်မာနိုင်ငံမျိုးစေ့ဘဏ်သည် အမျိုးသားမျိုးစေ့ဘဏ်တစ်ခုဖြစ် ခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးအသိအမှတ်ပြုနိုင်ရေးအတွက် မျိုးဗီဇအရင်းအမြစ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ ဖလှယ်ခြင်း၊ ထုတ်လွှင့်ခြင်းနှင့် အစီရင်ခံစာများ ပေးပို့ခြင်းများကို ကမ္ဘာလုံးဆိုင်ရာအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ"**

**၄။ သီးနှံဗီဇကွဲ မျိုးများအား သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်း**

**(က) အအေးခန်းစနစ်ဖြင့် သိုလှောင်ထိန်းသိမ်းခြင်း**

မြန်မာနိုင်ငံမျိုးစေ့ဘဏ်ကို နှစ်တိုနှင့် နှစ်လတ်အအေးခန်းစနစ်နှစ်ခုဖြင့် တည်ဆောက်ထားပြီး အပင်ပေါက်စွမ်းရည်နှင့် ပင်ကိုပါရှိသည့် မျိုးရိုးဗီဇလက္ခဏာများ မပျောက်စေဘဲ အပင်မျိုးဗီဇကွဲများကို ထိန်းသိမ်းထားပါသည်။ ထိန်းသိမ်းထားနိုင်သည့် မျိုးဗီဇကွဲ အရေအတွက်မှာ ၂၀၀၀၀ ခန့် ဖြစ်ပါသည်။ ယခုအချိန်ထိ နှစ်လတ်အအေးခန်းတွင် သီးနှံဗီဇကွဲမျိုး စုစုပေါင်း ၁၃၁၃၂ သိုလှောင်ထိန်းသိမ်းထားရှိပြီး ဖြစ်ပါသည်။

ထိုသို့အအေးခန်းတွင် သိုလှောင်ထိန်းသိမ်းရာ၌ အရည်အသွေးပြည့်ဝသောမျိုးစေ့များဖြစ်စေရေးအတွက် မျိုးစေ့များစီမံခန့်ခွဲရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာကျင့်သုံးကြရပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ မျိုးစေ့များ သိုလှောင် ထိန်းသိမ်းထားသည့် ခတ်ခွဲခန်းမှာ ISO 9001-2015 (QMS) လက်မှတ်ရရှိထားပြီးဖြစ်ပါသည်။

**(ခ) စိုက်ကွင်းအတွင်းထိန်းသိမ်းခြင်း**

သိုလှောင်ထိန်းသိမ်းရန် ခက်ခဲသည့်မျိုးစိတ်များဖြစ်သော သရက်၊ ငှက်ပျော၊ ဥစားသီးနှံ မျိုးစိတ်များ အစရှိသည့် ပင်ပိုင်းဆိုင်ရာနည်းဖြင့်မျိုးပွားနိုင်သည့် သီးနှံမျိုးဗီဇကွဲများကို မျိုးစေ့ဘဏ်စိုက်ကွင်းတွင် စိုက်ပျိုးထိန်းသိမ်းထားလျက်ရှိပါသည်။

**၅။ မှတ်တမ်းများနှင့် သတင်းအချက်အလက်များ ထိန်းသိမ်းခြင်းလုပ်ငန်း**

မျိုးဗီဇကွဲတစ်ခုချင်းစီ၏ မူရင်းပေါက်ရောက် ဖြစ်ထွန်းရာဒေသပါဝင်သည့် ကနဦးရာဇဝင်မှတ်တမ်းများ၊ လက္ခဏာမှတ်တမ်းများနှင့် အအေးခန်းတွင်ထားသည့်နေရာ စသည့်အချက်အလက်များကို ချိတ်ဆက်၍ အလွယ်တကူဖြင့် အသုံးပြုမည့်သူများထံသို့ အလျင်အမြန် ရောက်ရှိစေရန် ကွန်ပျူတာစနစ်ကို ကျင့်သုံး၍ စနစ်တကျ ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။

### သတင်းအချက်အလက်ဖြန့်ဝေခြင်းလုပ်ငန်း

ကျွန်ုပ်တို့မြန်မာနိုင်ငံမျိုးစေ့ဘဏ်သည် အမျိုးသားမျိုးစေ့ဘဏ်တစ်ခုဖြစ်ခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံး အသိအမှတ်ပြုနိုင်ရေးအတွက် မျိုးဗီဇအရင်းအမြစ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ ဖလှယ်ခြင်း၊ ထုတ်လွှင့်ခြင်းနှင့် အစီရင်ခံစာများ ပေးပို့ခြင်းများကို ကမ္ဘာလုံးဆိုင်ရာအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မျိုးဗီဇကွဲတစ်ခုချင်းစီ၏ သတင်းအချက်အလက်မှတ်တမ်းများကို အသုံးပြုမည့်သူများသိရှိစေရန်အတွက် ကတ်တလောက်များ (Catalogue) ထုတ်ဝေ၍ ဖြန့်ဝေပေးလျက် ရှိပါသည်။ ထို့အပြင် မျိုးစေ့ဘဏ်တွင် သိုလှောင်ထိန်းသိမ်းထားသော သီးနှံမျိုးဗီဇကွဲများအား အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ ၎င်းတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်များကွန်ရက် (www.genesys-pgr.org) တွင် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၈ ရက်မှ စတင်၍ ပါဝင်ထုတ်လွှင့်နိုင်ခဲ့ပါသည်။

### မျိုးဖြန့်ဝေခြင်းလုပ်ငန်း

မြန်မာနိုင်ငံမျိုးစေ့ဘဏ်သည် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအတွက် အပင် ဗီဇအရင်းအမြစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီမှုစာချုပ် (ITP- GRFA) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ၎င်းတို့ကို ထုတ်ယူနိုင်ရန် အခွင့်အလမ်းနှင့် အသုံးချရာမှရရှိလာသော အကျိုးကျေးဇူးများကို မျှဝေခြင်းဆိုင်ရာ သဘောတူညီမှုကို လက်မှတ်ရေးထိုးထားခဲ့ပါသည်။

မျိုးဖြန့်ဝေခြင်းဆောင်ရွက်ရာတွင် အထက်ပါသဘောတူစာချုပ်တွင် ပါဝင်သည့် သီးနှံအမျိုးအစား ၆၄ မျိုးသာလျှင် သုတေသနလုပ်ငန်းအတွက် ပြည်တွင်း၊ ပြည်ပသို့ ချမှတ်ထားသော မျိုးစေ့လွှဲပြောင်းသည့် စံသဘောတူညီချက်ပုံစံ (Standard Material Transfer Agreement, SMTA) လက်မှတ်ထိုးခြင်းဖြင့် အခမဲ့ဖြန့်ဝေပေးလျက်ရှိပါသည်။

### အခြားမျိုးစေ့ဘဏ်များတွင် ထိန်းသိမ်းခြင်း (Safety Backup)

မြန်မာ့အဖိုးတန် သီးနှံမျိုးဗီဇအရင်းအမြစ်များကို ကျွန်ုပ်တို့မျိုးစေ့ဘဏ်တစ်နေရာတည်းတွင် ထိန်းသိမ်းထားမည်ဆိုပါက မမျှော်လင့်သောသဘာဝဘေးအန္တရာယ်များ (ရေလွှမ်းမိုးခြင်း၊ မီးလောင်ခြင်း၊ လျှပ်လှုပ်ခြင်း)ကြောင့် အချိန်အခါမရွေး ပျက်စီးဆုံးရှုံးနိုင်သဖြင့် အခြား နိုင်ငံတကာမျိုးစေ့ဘဏ်များ (နော်ဝေနိုင်ငံ၊ ကိုလံဘီယာနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ) ၌ထိန်းသိမ်းထားပြီးဖြစ်ပါသည်။

### အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု

ပြည်တွင်း၊ ပြည်ပ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တောင်သူများနှင့် ပူးပေါင်း၍ မျိုးစေ့ဘဏ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### မျိုးရိုးဗီဇများအား အသုံးချနိုင်မှု (Utilization)

၂၀၀၈ ခုနှစ် မေလတွင် ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံမျိုးစေ့ဘဏ်တွင် ထိန်းသိမ်းထားသော ဒေသစပါးမျိုးဖြစ်သည့် ပေါ်ဆန်းဗီဇကွဲမျိုးများမှ ရွေးချယ်၍ တောင်သူများသို့ တိုက်ရိုက်မျိုးဖြန့်ဖြူးခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ ရှေးရှေးစပါးမျိုးဖြစ်သော နမသလေးစပါးမျိုးကိုလည်း အထက်ပါအတိုင်း ရွေးချယ်၍ တောင်သူများ စိုက်ကွင်း၌စမ်းသပ်စိုက်ပျိုးလျက်ရှိပါသည်။

ပြည်တွင်းသုံးစွဲမှုများအနေဖြင့် တောင်သူများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ သုတေသနပညာရှင်များနှင့် မျိုးကူးစပ်မွေးမြူသူများအား နှစ်စဉ်ရှာဖွေစုဆောင်းထိန်းသိမ်းထားသော အပင်မျိုးဗီဇအရင်းအမြစ်များကို သုတေသနလုပ်ငန်းနှင့် အပင်မျိုးသစ်များ မွေးမြူရေးလုပ်ငန်းတို့အတွက် ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဝေခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ စုစုပေါင်း မျိုးအရေအတွက် ၂၈၀၈၆ ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိမြန်မာနိုင်ငံမျိုးစေ့ဘဏ်နှင့် JICA၊ ကျူရှူးတက္ကသိုလ်၊ နာဂိုယာတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ မြန်မာဒေသစပါးမျိုးများကို ဗီဇအချက်အလက်နည်းပညာများ အသုံးပြု၍ မျိုးသစ်ထုတ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဆန်စပါး မျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်းသုတေသနလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိ (၅) နှစ်တာ သုတေသနပြုဆောင်ရွက်လျက်ရှိပါသည်။

### မျိုးစေ့ဘဏ်အဆင့်မြှင့်တင်ခြင်း

မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ အရည်အသွေးပိုမိုမြင့်မားပြီး အခြားနိုင်ငံတကာမျိုးစေ့ဘဏ်များနှင့် တန်းတူရှိစေရန်အတွက် မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ခြင်းအနေဖြင့် Barcode and digitize data collection system ဖြင့်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် မှတ်တမ်းထိန်းသိမ်းခြင်းစနစ်ကို Software system ပြောင်းလဲသုံးစွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ယခုလို မြန်မာနိုင်ငံတွင် မျိုးစေ့ဘဏ်တည်ရှိနေခြင်းအားဖြင့် နောင်အနာဂတ်မျိုးဆက်သစ်များ စားဝတ်နေရေးဖူလုံရေးကို အထောက်အပံ့ဖြစ်စေသည့်အတွက် ၎င်းကိုအစွန့်ရှည်ရန်နှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရန် ပူးပေါင်းပါဝင်ကြစေရန် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( င ) မွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

( စ ) တိရစ္ဆာန်မျိုးရိုးဗီဇ တင်သွင်းမှုနှင့် တင်ပို့မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဆ) တိရစ္ဆာန်မှတ်ပုံတင်ခြင်း၊ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်ခြင်း၊ မျိုးခြံလုပ်ငန်း မှတ်ပုံတင်ခြင်း၊ ဥဖောက်စက်လုပ်ငန်း မှတ်ပုံတင်ခြင်း၊ ပျားမွေးမြူရေးလုပ်ငန်း မှတ်ပုံတင်ခြင်းနှင့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့် သို့မဟုတ် ရောင်းချသည့် လုပ်ငန်းများ မှတ်ပုံတင်ခြင်းအတွက် ဆောင်ရွက်ခြင်း၊

( ဇ ) တိရစ္ဆာန်ကောင်ရေ တိုးပွားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ တိုးတက်ရေးတို့အတွက် ဆောင်ရွက်ခြင်း၊

( ဈ ) သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ဦးစီးဌာနနှင့် သက်ဆိုင်သည့် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊

(ည) သတ်မှတ်ချက်များနှင့်အညီ တိရစ္ဆာန်များ သယ်ဆောင်ရောင်းချခွင့် ရရှိရန် ဆောင်ရွက်ပေးခြင်း၊

( ဋ ) ပျားမွေးမြူရေးဆိုင်ရာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် မျိုးများဖြန့်ဝေခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပျားစားကျက်များကို ခွဲဝေချထားပေးခြင်း၊ ပုဂ္ဂလိကပျားစားကျက်များ ထူထောင်ရာတွင် ကူညီဆောင်ရွက်ပေးခြင်းနှင့် ပျားမွေးမြူရေးလုပ်ငန်းကို ကြပ်မတ်စစ်ဆေးခြင်း၊

( ဌ ) မွေးမြူရေးမြေနှင့် မွေးမြူရေးခြံအဖြစ် စနစ်တကျလုပ်ကိုင်နိုင်စေရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

( ဍ ) စားကျက်မြေနှင့်တိရစ္ဆာန်အစာအတွက်စိုက်ပျိုးသောမြေများကို ထိန်းသိမ်းနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊

( ဎ ) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အရင်းအနှီး ရရှိရေးအတွက် ကူညီဆောင်ရွက်ခြင်း။

၁၁။ ဦးစီးဌာနသည် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်–

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယင်းသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီခြင်း၊

( ခ ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများအား ခွင့်ပြုခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) နိုင်ငံတော်အတွင်းရှိ သဘာဝပေါက်ပင်နှင့် စိုက်ပျိုးသီးနှံပင်များကို တိရစ္ဆာန်အစာအဖြစ်သော်လည်းကောင်း၊ တိရစ္ဆာန်သုံးဆေးဝါးအဖြစ်သော်လည်းကောင်း အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊ နည်းပညာဖြန့်ဖြူးခြင်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပသို့ တင်ပို့သည့်၊ ပြည်ပမှ တင်သွင်းသည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီမညီ စစ်ဆေးခြင်း၊

( င ) ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး တိရစ္ဆာန်ဆေးကု အရာရှိချုပ်၏ သဘောထားမှတ်ချက်လိုအပ်သော လုပ်ငန်းများဖြစ်လျှင် ၎င်း၏ သဘောထားမှတ်ချက်ရယူပြီး သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊

( စ ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းတို့အတွက် သက်ဆိုင်ရာအစိုးရဌာနသို့ သဘောထားမှတ်ချက် ထုတ်ပေးခြင်း၊

(ဆ) တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း၊

( ဇ ) မွေးမြူရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားမှုဆိုင်ရာတို့ကို စာရင်းကောက်ယူခြင်းနှင့် ယင်းစာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

( ဈ ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) တိရစ္ဆာန်အမျိုးအစားအလိုက် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲယူနိုင်သည့် အများဆုံးဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

( ဋ ) တိရစ္ဆာန်များကို သယ်ဆောင်ခြင်း၊ ချည်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာသင့်သည့် နည်းလမ်းများအား အများပြည်သူတို့သိရှိနိုင်ရန် ပညာပေးလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

( ဌ ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဍ ) တိရစ္ဆာန်သုံးဆေးဝါးများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍စစ်ဆေးခြင်း၊

( ဎ ) စစ်ဆေးရေးမှူးများ တာဝန်ပေးခန့်အပ်ခြင်းနှင့် စစ်ဆေးရေးမှူးများက လုပ်ငန်းများကို စစ်ဆေးရာတွင် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်သော သတ်မှတ်ချက်များ ထုတ်ပြန်ကြေညာခြင်း၊

(ဏ) ပြည်တွင်း၌ ထုတ်လုပ်သည့်၊ ပြုပြင်ထုတ်လုပ်သည့်၊ ဖြန့်ဖြူးရောင်းချသည့်၊ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(တ) တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ထ) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း (၆)
## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ဦးစီးဌာနသည် မိမိဌာနရှိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် လက်ထောက်ဦးစီးမှူး အဆင့်အောက် မနိမ့်သောသူကို စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၃။ စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စစ်ဆေးခြင်း–

(၁) တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းနှင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ၊ လုပ်ငန်းသုံး အဆောက်အအုံနှင့် ပစ္စည်းများ၊

(၂) သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းများ၊

(၃) ငါးလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်းများ၊

(၄) တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ။

( ခ ) တိရစ္ဆာန်သုံးဆေးဝါးများအား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းစစ်ဆေးခြင်း၊

( ဂ ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ စစ်ဆေးရာတွင် ကူးစက်ရောဂါတစ်ခုခု ဖြစ်ပွားကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ အများပြည်သူစားသုံးရန် သင့်လျော်မှုမရှိကြောင်း သံသယရှိလျှင်ဖြစ်စေ သက်ဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊ သွားလာရွှေ့ပြောင်းမှုကို ယာယီရပ်ဆိုင်းခြင်းနှင့် ကန့်သတ်နိုင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ရောဂါဖြစ်နေသော သို့မဟုတ် ရောဂါနှင့်ထိတွေ့ခဲ့သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရည်အသွေးမပြည့်မီသော သို့မဟုတ် အဆိပ်အတောက် ပါဝင်နေသော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ခေတ်ခွဲခန်း စစ်ဆေးချက်အဖြေမရရှိမီ သတ်မှတ်ထားသော နေရာ၌ ယာယီထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်း၊

( င ) ပုဒ်မခွဲ (ဃ) ပါ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် သိမ်းဆည်းရန် သင့်လျော်ခြင်း မရှိပါက ဦးစီးဌာနသို့ တင်ပြခြင်းနှင့် ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( စ ) မိမိ၏ဆောင်ရွက်ချက်များကို ဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၇)
## မွေးမြူရေးမြေနှင့် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေများ

၁၄။ ဗဟိုကော်မတီသည် အောက်ပါခွင့်ပြုချက်ရရှိပြီးသော မြေများကို မွေးမြူရေး မြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် အမိန့်ကြော်ငြာ စာထုတ်ပြန်၍ သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်–

(က) ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအတွက်လည်းကောင်း အခြားနည်းဖြင့် အသုံးပြုခွင့်ပေးသည့် မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများအတွက်လည်းကောင်း အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

( ဂ ) မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများအတွက်လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သစ်တောဥပဒေနှင့်အညီ အသုံးပြုခွင့်ပေးသည့်မြေ သို့မဟုတ် ပေးပြီးသည့်မြေ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနက လွှဲပြောင်းပေးသော စားကျက်မြေ။

၁၅။ ဗဟိုကော်မတီသည် ပုဒ်မ ၁၄ အရ မွေးမြူရေးမြေ သို့မဟုတ် တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသောမြေအဖြစ် သတ်မှတ်သောမြေများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၈)
## တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ

၁၆။ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၁၇။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မ ၁၆ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

( ခ ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဖြစ်လျှင် သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

( ဂ ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

ပူးတွဲ - ၅

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၇,၈၉၇,၆၆၇.၄** | **၅၉.၃** | **၇၄,၃၃၆,၇၂၁.၄** | **၅၉.၁** | **၉.၅** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| | ၄ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၆ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၈ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၂,၅၉၉,၁၈၈.၂** | **၁၉.၈** | **၂၄,၆၅၄,၃၃၇.၄** | **၁၉.၆** | **၉.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂၃,၉၆၅,၅၀၇.၅** | **၂၀.၉** | **၂၆,၈၁၂,၅၂၄.၅** | **၂၁.၃** | **၁၁.၉** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၃.၃** | **၁၀၀.၀** | **၉.၉** |

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏

စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းအရ)

ပူးတွဲ - ၆

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၂,၁၆၆,၃၆၇.၁ | ၁.၉ | ၂,၃၃၄,၀၀၆.၅ | ၁.၉ | ၇.၇ |
| ၂ | ကယားပြည်နယ် | ၃၆၉,၂၆၀.၇ | ၀.၃ | ၄၀၄,၂၁၁.၈ | ၀.၃ | ၉.၅ |
| ၃ | ကရင်ပြည်နယ် | ၂,၀၄၁,၄၅၄.၀ | ၁.၈ | ၂,၂၀၂,၂၃၀.၈ | ၁.၇ | ၇.၉ |
| ၄ | ချင်းပြည်နယ် | ၄၁၂,၂၂၇.၆ | ၀.၄ | ၄၄၄,၈၈၁.၅ | ၀.၄ | ၇.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃,၄၅၂,၁၄၉.၆ | ၁၁.၇ | ၁၅,၀၁၇,၂၃၃.၀ | ၁၁.၉ | ၁၁.၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄,၅၇၂,၄၇၈.၇ | ၄.၀ | ၄,၈၈၁,၆၇၃.၆ | ၃.၉ | ၆.၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉,၁၁၁,၉၈၂.၂ | ၈.၀ | ၁၀,၀၁၃,၅၉၅.၂ | ၈.၀ | ၉.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈,၆၅၆,၀၀၆.၁ | ၇.၆ | ၉,၆၇၃,၂၄၂.၈ | ၇.၇ | ၁၁.၈ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၈၉၉,၂၀၆.၁ | ၁၀.၄ | ၁၂,၈၉၄,၂၆၀.၆ | ၁၀.၂ | ၈.၄ |
| ၁၀ | မွန်ပြည်နယ် | ၄,၅၉၇,၅၂၄.၄ | ၄.၀ | ၄,၉၈၄,၅၉၀.၃ | ၄.၀ | ၈.၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၇၇၈,၂၅၇.၄ | ၄.၂ | ၅,၁၀၀,၄၂၀.၇ | ၄.၀ | ၆.၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၉,၆၇၅,၉၁၄.၀ | ၂၅.၉ | ၃၃,၂၁၇,၈၈၇.၅ | ၂၆.၄ | ၁၁.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၆,၅၇၉,၉၇၂.၃ | ၅.၇ | ၇,၁၄၄,၆၅၁.၄ | ၅.၇ | ၈.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၃,၈၂၈,၂၇၄.၁ | ၁၂.၁ | ၁၄,၉၃၂,၄၆၉.၆ | ၁၁.၉ | ၈.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၃၂၁,၂၈၈.၈ | ၂.၀ | ၂,၅၅၈,၂၂၈.၀ | ၂.၀ | ၁၀.၂ |

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း

ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

ပူးတွဲ - ၇

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၁၀,၃၉၅,၃၁၅.၃ | ၃၀.၁၇ | ၁၀,၁၅၃,၄၄၁.၅ | ၂၇.၂၆ |
| ၂ | သမဝါယမပိုင် | ၄,၃၁၇.၃ | ၀.၀၁ | ၄,၄၀၂.၄ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၄,၀၆၀,၇၃၂.၆ | ၆၉.၈၂ | ၂၇,၀၉၆,၁၆၀.၇ | ၇၂.၇၃ |
| | စုစုပေါင်း | ၃၄,၄၆၀,၃၆၅.၂ | ၁၀၀.၀၀ | ၃၇,၂၅၄,၀၀၄.၆ | ၁၀၀.၀၀ |

## ကျေးလက်နေပြည်သူများ အလုပ်ဖြစ်စေမည့် တစ်ရက်လျှင်ကျပ်ငါးသိန်းအထိ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်ရန် ဝန်ဆောင်မှုပေး

**ရန်ကုန် ဩဂုတ် ၃၀**

မြို့ပြနှင့် ကျေးလက်တွင် Onepay ကို အသုံးပြုသူများ လွယ်ကူစွာ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်ရန် True money Myanmarနှင့် ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ငွေသွင်း၊ ငွေထုတ် ဝန်ဆောင်မှုပမာဏ တိုးမြှင့်သည်။

**ကျေးလက်ဒေသများအထိရောက်ရှိ**

Onepay အသုံးပြုသူများအနေဖြင့် တစ်ရက်လျှင် အများဆုံးငွေကျပ် ၅၀၀၀၀၀ အထိ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင်ငွေဖြည့်ခြင်းနှင့် ငွေထုတ်ရာ၌ AGD ဘဏ်ငွေစာရင်းကို အသုံးပြု၍လည်းကောင်း၊ e-Commerce မှတ်ပုံတင်ထားသော ဘဏ်များ၏ MPU ကတ်ဖြင့် အသုံးပြု၍လည်းကောင်း၊ Visa သို့မဟုတ် Master Cardများကို အသုံးပြု၍လည်းကောင်း၊ 123 ဝန်ဆောင်မှုရသောဆိုင်များနှင့် Onepay ၏ တရားဝင်ကိုယ်စားလှယ်ဆိုင်များတွင် လည်းကောင်း၊ ဘဏ်အချင်းချင်းကြား ငွေလွှဲသည့်ဝန်ဆောင်မှုကို အသုံးပြု၍လည်းကောင်း ငွေသွင်း၊ ငွေထုတ် ပြုလုပ်နိုင်ပြီး နိုင်ငံတစ်ဝန်းရှိနေရာပေါင်း၂၃၀၀၀ မှ ဝန်ဆောင်မှုများပေးလျက်ရှိကာ အထူးသဖြင့် ကျေးလက်ဒေသများပိုမိုအကျိုးရှိစေမည်ဖြစ်သည်။

**အချိန်ကုန်သက်သာစေမည်**

Ascent Group ၏ လုပ်ငန်းခွဲဖြစ်သော True Money Myanmar သည် ပြည်တွင်း ပြည်ပငွေလွှဲ၊ ငွေထုတ်ခြင်း၊ ဖုန်းဘေလ်ဖြည့်ခြင်းနှင့် ဘေလ်ပေးဆောင်ခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိပြီး Onepay နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ကျေးလက်နေပြည်သူတို့အတွက် ပို၍အကျိုးရှိစေမည်ဖြစ်၍ အချိန်ကုန်သက်သာစေသော ငွေသွင်း၊ ငွေထုတ်ဝန်ဆောင်မှုအပေါ် အားရကျေနပ်မှုရှိစေမည်ဟု ယုံကြည်ပါကြောင်း True Money Myanmar ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ကြည်သာ ရှိမန်နက်က ပြောသည်။

**သစ္စာ**

## သထုံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဆင်း

**သထုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေရန် ရည်ရွယ်၍ အင်းဝိုင်းကြီးကျေးရွာတွင် ဖွင့်လှစ်သော အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကို ဩဂုတ် ၂၈ ရက်က ကျင်းပသည်။



အခမ်းအနားတွင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦးက သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သထုံ မြို့နယ်အတွင်းရှိ ကျောက်တန်းကျေးရွာနှင့် ဆင်ကျုံးကျေးရွာတို့တွင်လည်း သင်တန်းသူ ၂၀ စီဖြင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း သုံးကြိမ်ဖွင့်လှစ်ဆောင်ရွက်သည်။

အဆိုပါ ကျေးရွာတွင် Cash For Work စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်သည့် ရေနုတ်မြောင်းတူးခြင်းနှင့် မြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

(ဃ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၂) နှင့် (၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

( င ) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

( စ ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ)နှင့် (င)တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

### အပိုင်း ၅
### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂)တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၆
### နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက် ရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃)နှင့် (၁၄)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အပိုင်း ၇
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၈
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

( ခ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကိုရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ထည့်ဝင်ရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

( ဂ ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

*(ပူးတွဲဇယားများ ဆက်လက်ဖော်ပြပါမည်)*

## ငဖဲမြို့နယ်မှ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ငဖဲ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာအုပ်စုရှိ ပျဉ်းဝ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးနှင့် တာဝန်ရှိသူများ ဩဂုတ် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ထမ်းများ တာဝန်ချထားမှုနှင့် တာဝန်ထမ်းဆောင်နေမှု၊ ဂိတ်အဝင်အထွက်၌ မော်တော်ယာဉ်များ ရပ်တန့်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအတွက် စားသောက်ကုန်များ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

**မယု(ငဖဲ)**



## စစ်တောင်းတံတား(အုတ်ဖြတ်) ချဉ်းကပ်လမ်းတွင် ပါဝင်သွားသည့် မြေများအတွက် လျော်ကြေးငွေပေးအပ်

ဖြူး ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ဖြူး-မုန်း-အုတ်ဖြတ်လမ်းရှိ စစ်တောင်းတံတား(အုတ်ဖြတ်) ချဉ်းကပ်လမ်း တည်ဆောက်ရာတွင် ပါဝင်သွားသည့် မြေယာများအတွက် ဒေသခံပြည်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက်က ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ ပြုလုပ်သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မြို့ပြ/ကျေးလက်များ၏ လူမှုရေး၊ စီးပွားရေးများ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်းဖောက်လုပ်ခြင်းနှင့် တံတားတည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်စီမံကိန်းများအတွင်း ပါဝင်သွားသည့် ဒေသခံပြည်သူများ နစ်နာမှုမရှိစေရေးအတွက် လျော်ကြေးငွေများ ပေးအပ်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ ဒေသ၊ ရပ်ရွာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုအပေါ် နားလည်မှုရှိစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချဉ်းကပ်လမ်းတည်ဆောက်ရာတွင် ပါဝင်သွားသည့် တောင်ငူမြို့နယ်မှ တောင်သူ ငါးဦးနှင့် ကျောက်ကြီးမြို့နယ်မှ တောင်သူ၁၄ ဦးတို့၏ လယ်ယာမြေ ၅ ဒသမ ၈၉ ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း ၅၀ နှုန်းဖြင့် ကျပ် ၂၉၄ ဒသမ ၅ သိန်းနှင့် ကိုင်းမြေ ၅ ဒသမ ၆၅ ဧကအတွက် တစ်ဧကလျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် ကျပ် ၁၆၉ ဒသမ ၅ သိန်း၊ စုစုပေါင်း ကျပ် ၄၆၄ သိန်းကို ဒေသခံတောင်သူများထံ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇေယျဝတီမြို့ မြို့မ(၂)ရပ်ကွက်ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ မြို့ခံပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့ရာ ပြည်သူများက မြို့မ(၁)ရပ်ကွက်ရှိ အမှတ်(၃) အထက(ခွဲ)ကျောင်း၌ ကျောင်းဆောင်သစ် တိုးချဲ့ပေးရန်၊ အရှေ့ရမ်ပူ-အနောက်ရမ်ပူ ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောခင်းပေးရန်၊ ဇေယျဝတီ(၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံမှ လစ်လပ်ဝန်ထမ်းများ ခန့်ထားပေးရန်၊ ကျောင်းစုကျေးရွာမှ စားကျက်မြေကိစ္စကို ဖြေရှင်းပေးရန်၊ မြို့မ(၂)ရပ်ကွက်မှ သီရိမင်္ဂလာ(၃)လမ်းနှင့် (၄)လမ်းကို ကျောက်ချောခင်းပေးရန်တို့ကို တင်ပြ၍ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဒေသခံတစ်ဦးအား မြေယာလျော်ကြေးငွေ ပေးအပ်စဉ်။

## မုဒုံမြို့နယ်မှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ မွန်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မုဒုံ ဩဂုတ် ၃၀

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ကျေးရွာများ၌ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဩဂုတ် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ကမာအုပ်ကျေးရွာနှင့် ဝဲကလိကျေးရွာတို့တွင် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ညောင်ကုန်း-ဝက်တဲ-ကျုံဖိုက် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့် ဝက်တဲအင်း ပြန်လည်တူးဖော်နိုင်ရေးကိုလည်းကောင်း၊ ကော့ပရံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေနှင့် အဆိုပါကျေးရွာတွင် မီးသတ်စခန်းဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ဘလောက်-ညောင်ဝိုင်းကျေးရွာမှ ကတုံးပေါ်ကျေးရွာသို့ ကားလမ်းခင်းထားမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ရွှေဘိုမြို့ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်နှစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ မြို့ဝင်/ထွက်ဂိတ်များဖြစ်သော မြောင်းကြီးဂိတ်နှင့် ရွှေဘိုမြို့ဝင်ဂိတ်တို့တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် အရပ်ဘက် စေတနာ့ဝန်ထမ်း လူမှုအဖွဲ့အစည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အတူ ဩဂုတ် ၃၀ ရက်က သွားရောက်တွေ့ဆုံ အားပေး၍ မျက်နှာအကာ ၂၄၂ ခုကို ထောက်ပံ့ပေးကာ အဆိုပါဂိတ်များတွင် ဖြတ်သန်းသွားလာသူများအား ကိုယ်အပူချိန် တိုင်းတာခြင်းနှင့် ခရီးသွားရာဇဝင် စစ်ဆေးမှတ်တမ်းယူသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် စစ်ဆေးရေးဂိတ်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုမြို့ရှောင်ကွန်ကရစ်လမ်း အကျယ် ၂၄ ပေ၊ အမြင့် ၁၁ လက်မ၊ အရှည် ခြောက်မိုင်ခန့် ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## စစ်တွေဆေးရုံကြီး၌ ကိုဗစ်-၁၉ သီးသန့်လူနာဆောင်များ ပြင်ဆင်နေမှု ပြည်နယ်ဝန်ကြီးချုပ် သွားရောက်စစ်ဆေး

စစ်တွေ ဩဂုတ် ၃၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၂၉ ရက်က စစ်တွေဆေးရုံကြီးသို့သွားရောက်၍ ယာယီ တာဝန်ထမ်းဆောင်နေသည့်ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံအားပေးပြီး ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် သီးသန့်လူနာဆောင်များ ကြိုတင်ပြင်ဆင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ လူနာများအတွက် သီးသန့်လူနာဆောင် ပြင်ဆင်၍ ခုတင်များ ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် သီးသန့်လူနာဆောင်အခန်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှုကို ပြည်နယ်ဝန်ကြီးချုပ်အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် မိမိဆန္ဒအလျောက် ယာယီ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်များနှင့် သူနာပြုများအား ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်၏ ကိုဗစ် - ၁၉ ကာကွယ်ကုသရေး လုပ်ငန်းများတွင် တာဝန်အရမဟုတ်ဘဲ စေတနာ မေတ္တာများဖြင့် လာရောက်ကူညီပေးကြသည့်အတွက် အထူး ကျေးဇူးတင်ကြောင်း၊ ယခုလို ကူညီပေးခြင်းသည် တန်ဖိုးဖြတ်၍မရနိုင်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း တတ်နိုင်သလောက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေထိုင်စားသောက်ရေးနှင့် ဆေးဝါးများအတွက်လည်း ကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ အခြားလိုအပ်ချက်များရှိလျှင်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ရခိုင်ပြည်နယ်အတွက် ကျန်းမာရေးနှင့်ပတ်သက်လျှင် မရှိဟု မဖြစ်ရအောင် ဆောင်ရွက်ပေးမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားကြောင်း၊ ယခုကဲ့သို့ အင်အားအပြည့်ဖြင့် လာရောက် ကူညီပေးကြသဖြင့် မိမိတို့အတွက် စိတ်အား၊ ခွန်အားများ ဖြစ်ရပြီး များစွာကျေးဇူးတင်ပါကြောင်း ပြောကြားပြီး ယာယီ တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်နှင့် သူနာပြုများအတွက် ထောက်ပံ့ငွေ ကျပ် ၄၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။



စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ သီးသန့်နေရာပြင်ဆင်မှုကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေတက္ကသိုလ်(ဘုမေ)၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် သီးသန့်လူနာဆောင်များ ပြုလုပ်မည့် အဆောင်များနှင့် အသွားအလာကန့်သတ် စောင့်ကြည့်သူများအား ထားရှိရာ အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသွားအလာကန့်သတ် စောင့်ကြည့်နေရာများတွင် ပူးပေါင်းကူညီပေးနေကြသည့် နိုင်ငံအနှံ့မှ စေတနာ့ဝန်ထမ်း လူငယ်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာ ယူ-၂၂ တိုက်စစ်မှူး အောင်ကောင်းမာန် ထိုင်းလိဂ်-၂ ကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဩဂုတ် ၃၀

၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် မြန်မာ ယူ-၂၂အသင်းတိုက်စစ်မှူး အောင်ကောင်းမာန်သည် ထိုင်းလိဂ်ပွဲစဉ်များ မစတင်မီ ထိုင်းလိဂ်-၂ ကလပ်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ခဲ့သည်။

အောင်ကောင်းမာန်သည် ယခုနှစ်ဆန်းပိုင်းတွင် ထိုင်းလိဂ်-၁ ကလပ် ထရတ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ပုံမှန်ကစားခွင့်ရရန်အတွက် အသင်းထပ်မံပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ အောင်ကောင်းမာန်သည် ဩဂုတ် ၂၉ ရက်တွင် ထိုင်းလိဂ်-၂ ကလပ် လမ်ပန်အသင်းနှင့် အငှားစာချုပ်ချုပ်ဆိုခဲ့ပြီး ရာသီကုန်အထိ ပါဝင်ကစားမည်ဖြစ်သည်။ အောင်ကောင်းမာန်သည် ထရတ်အသင်းတွင် ရရှိနေသည့်လစာနှင့် အခြားခံစားခွင့်များ ရရှိမည်ဖြစ်ပြီး အပိုဆုကြေးများလည်း ရရှိမည်ဖြစ်သည်။ အောင်ကောင်းမာန်သည် ယခုရာသီအစတွင် ထရတ်အသင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့၍ ရာသီအစ လေးပွဲတွင် နှစ်ပွဲပွဲထွက်၊ နှစ်ပွဲလူစားလဲ ကစားခွင့်ရခဲ့ကာ ဂိုးများလည်း သွင်းယူနိုင်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲရပ်နားပြီး ပြန်လည်လေ့ကျင့်သည့်အချိန်တွင် ၎င်းအား ယခင်ကစားနေသည့် ကွင်းလယ်တိုက်စစ်နေရာအစား တောင်ပံနေရာသို့ ပြောင်းလဲကစားစေခြင်းကြောင့် အောင်ကောင်းမာန်အနေဖြင့် ခြေစွမ်းပြနိုင်ရန် ရုန်းကန်လာရပြီး ကစားခွင့်ပျောက်ဆုံးမည်စိုးသောကြောင့် အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အောင်ကောင်းမာန်အား အငှားဖြင့်ခေါ်ယူရန် အသင်းနှစ်သင်း ကမ်းလှမ်းခဲ့သော်လည်း လမ်ပန် အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ထိုင်းကလပ်အသင်းများတွင် မြန်မာကစားသမားများ အနက် ဇော်မင်းထွန်းက ထိုင်းလိဂ်- ၁ ကလပ် ဆူခိုထိုင်းအသင်း၊ ဆွမ်လမန်က ထိုင်း လိဂ်-၁ ကလပ် ထရတ်အသင်း၊ ကျော်ကိုကိုက ထိုင်း လိဂ်-၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်း၊ အောင်ကောင်းမာန်က ထိုင်းလိဂ်-၂ ကလပ် လမ်ပန်အသင်းတို့တွင် ပါဝင်ကစားလျက်ရှိသည်။

ညီမြတ်သော်တာ

# ရန်ကုန်အသင်း နိုင်ပွဲပြန်ရပြီး ထိပ်ဆုံးမှ ဟံသာဝတီအသင်း နိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၃၀

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရန်ကုန်အသင်း နိုင်ပွဲပြန်ရပြီး ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်း နိုင်ပွဲဆက်ခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ MNL စတင်ကတည်းက ပြိုင်ဘက်များဖြစ်ခဲ့သည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့၏ တွေ့ဆုံမှုမှာ အပြန်အလှန်ရှိခဲ့ပြီး ရန်ကုန်အသင်းက နိုင်ပွဲရခဲ့သောကြောင့် ချန်ပီယံလမ်းကြောင်းပေါ်တွင် ဆက်ရှိနေခဲ့သည်။ ရတနာပုံအသင်းသည် နှစ်ပွဲဆက်တိုက် ဂိုးပြတ်အနိုင်ရထားသော်လည်း ယခုပွဲတွင် အဆုံးသတ်အားနည်းခဲ့၍ နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းမှာလည်း မကွေးကို ဂိုးပြတ်အနိုင်ရခဲ့သည့် လူစာရင်းအတိုင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ပွဲအစကတည်းက နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့ပြီး ၁၅ မိနစ်တွင် ကောင်းထက်စိုးက ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အခွင့်အရေးအပြန်အလှန်ရသော်လည်း ရတနာပုံအသင်းက ချေပဂိုးရနိုင်သည့်အခြေအနေ ပိုင်ဆိုင်ခဲ့ပြီး ဝင်းနိုင်စိုး အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း မိနစ် ၆၀ တွင် ရန်ကုန်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး တိုက်စစ်မှူး ဘာဖိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၇၇ မိနစ်တွင် လှိုင်းဘိုဘိုက ပြစ်ဒဏ်ဘောမှတစ်ဆင့် ရတနာပုံအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့၍ ပွဲမှာအသက်ဝင်လာသော်လည်း ၈၅ မိနစ်တွင် ရန်ကုန်အသင်းက အနိုင်သေချာစေမည့် တတိယဂိုးရရှိခဲ့သည်။ ယင်းဂိုးကို နောက်ခံလူ အဘူဘာကာက ပြစ်ဒဏ်ဘောမှ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရာသီဝက် ချန်ပီယံ ဟံသာဝတီအသင်း နိုင်ပွဲဆက်ခဲ့သော်လည်း ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီး သွင်းဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် ဧရာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယနေရာမှ ဧရာဝတီအသင်းအတွက် နစ်နာသည့် သရေပွဲဖြစ်ခဲ့ပြီး ထိပ်ဆုံးမှ ဟံသာဝတီနှင့် သုံးမှတ်ကွာဟသွားခဲ့သည်။ ၁၀ မိနစ်တွင် သန်းထက်အောင်က ဧရာဝတီအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ၂၂ မိနစ်တွင် အောင်မြတ်သူက ပယ်နယ်တီမှတစ်ဆင့် Southern အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ် (၁၂) ဒုတိယနေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်နှင့် စစ်ကိုင်း၊ YUSC ကွင်း၌ မကွေးနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ




## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF) ၏ ဒေါ်ပုံရှိ အဆောက်အဦး ဆက်လက်ဆောက်လုပ်လိုခြင်း

MSF အဖွဲ့ချုပ်၏ ဒေါပုံရှိအဆောက်အဦးအား လက်ရှိအခြေအနေမှပြီးစီးသည်အထိဆက်လက် ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား ဈေးနှုန်းလွှာ တင်သွင်းပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အဆောက်အဦး ဖြစ်မြောက်ရေးကော်မတီ
ဆက်သွယ်ရန်- ၀၉ ၉၆၄ ၅၆၄ ၅၄၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/7425 Toyota Carry Salarg ACVZ 30 Saloon(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝေမျိုးဟိန်း ၁၂/ဥကတ(နိုင်)၁၆၂၉၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အမြန်ပြန်လာပါ

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်း ၉/မခန(နိုင်) ၁၄၁၂၂၈ အသက်(၅၂)နှစ်သည် ၁၇-၈-၂၀၂၀ရက်တွင် နေအိမ်မှ စိတ်ဆိုးထွက်သွားပါသည်။ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးစေလိုပါသည်။ သွေးဆောင်ဖြားယောင်း လက်ခံထားပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။

ခင်ပွန်း-ဦးဇော်မင်း
ဖုန်း-၀၉-၇၉၈၇၅၄၉၁၁၊ ၀၉-၄၀၂၆၉၁၉၅၇

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၇၁၅)နေ ဦးအောင်ငြိမ်း ၁၂/ကမရ(နိုင်) ၀၁၇၂၆၉ - ဒေါ်တင်အောင် ၁၂/ကမရ(နိုင်)၀၁၇၄၂၆တို့၏သမီး မတင်မိမိငြိမ်း ၁၂/ကမရ(နိုင်)၀၀၃၂၉၂သည် မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘ-ဦးအောင်ငြိမ်း-ဒေါ်တင်အောင်

### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက (ဝဲကရင်) တက္ကသိုလ်ဝင်တန်း အခန်း (၃)မှ မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းမြင့် ၁၂/ကမရ(နိုင်)၀၀၀၁၃၃ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့နယ်၊ ရွာတော်ကျေးရွာ အလက(ခွဲ)မှ အလပြ ဆရာမ ဒေါ်မီမီသက်ချိုဦး၏ဖခင် ဦးထွန်းချိုနှင့် ဦးချို ၅/ရဘန(နိုင်)၀၀၅၂၄၁ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးထွန်းချို(ခ)ဦးချို

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အမက သင်တောရိုးမှ Grade- 2 အောင်မြင်ခဲ့သော မောင်သန့်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်ဦး ၇/မလန(နိုင်)၀၈၀၄၅၀ ဖြစ်ပါကြောင်း။

ဦးကျော်နိုင်ဦး

### မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကျော်ဇေယျာရပ်ကွက်နေ မောင်ကျော်မျိုးသန့် ၅/ကလတ(နိုင်)၁၀၉၅၇၅ ၏ မိခင် ဒေါ်ကြည်ကြည်ညွန့်(ခ)ဒေါ်တင်ညွန့် ၉/ မထလ(နိုင်)၀၀၀၃၃၄ ၏ အမည်မှန်မှာ ဒေါ်ကြည်ကြည်ညွန့် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ ကြက်တူရွေးသောင်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာ၊ အထက (ညောင်ချောင်း) တက္ကသိုလ်ဝင်တန်း မှ မသူသူလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သူ ၁၀/သထန(နိုင်)၁၆၆၆၆၇ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်သူ

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၆၆-က ကျောင်းရှစ်ဆယ်အနောက်ကွင်း၊ ဦးပိုင်အမှတ် ၁၁၀/၆၊ ဧရိယာ(၀ဒသမ၃၀) ဧကရှိ အရှေ့ဘက်တွင် ဒေါ်ဖြူဖြူဝင်း၊ အနောက်ဘက်တွင် ဦးလှကျင်၊ တောင်ဘက်တွင် ဦးအောင်မိုး၊ မြောက်ဘက်တွင် ရန်ကုန်-မန္တလေး (ပုံမှန်ကားလမ်း) အလားလေးရပ်အတွင်းရှိ မြေအား ဦးအောင်မိုး ၇/တငန(နိုင်)၁၉၀၆၄၂မှ လူနေထိုင်ရန် မြေငှားဂရန်အသစ်ရရှိရေး ပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး သတင်းစာတွင် ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အုတ်တွင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဦးအောင်မိုးအမည်ပေါက် မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/4654 Toyota VITZ KS P90 H/B (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၁၂/သကတ(နိုင်)၀၀၂၆၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/4508 ၏ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုသင်း ၉/မစန(နိုင်)၂၁၄၉၀၄ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး (မြင်းခြံ)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းမြတ်ဆွေ ၉/လဝန(နိုင်) ၁၅၀၄၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ်(၆/၄၈၁)ရှိ ဒေါ်သန်းရင်အမည်ပေါက် ပိုင်ဆိုင်သည့် နေအိမ်နှင့်ဝိုင်းခြံမြေမှာ အမွေခွဲဝေရခြင်းမရှိသေးသော အိမ်နှင့်ဝိုင်းခြံမြေဖြစ်ပါသည်။ ထို့ကြောင့် အမွေဆက်ခံမည့်သူများနှင့် သက်ဆိုင်သူများ မသိရှိဘဲ တစ်ဦးတစ်ယောက်၏ဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သောင်း(စဉ်-၁၉၂၁၇)
အထက်တန်းရှေ့နေ
အမှတ်(၃/၁၉၉)၊ အိုးဘိုရပ်၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၄၂၉၂၀၁၀၉၁

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ မြေကွက်အမှတ် (၂၀၃)၊ မြေကွက်တည်နေရာအမှတ်(၂၀၃)၊ အုတ်လှငယ်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ကြည်ကြည် (MTA-၁၄၁၅၈၅)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်ကြည်ကြည် (မိခင်)နှင့် ဦးရဲအောင်(ဖခင်)တို့ ကွယ်လွန်၍ သား/ သမီးများဖြစ်ကြသော ဒေါ်သင်းသင်းအေး ၁၄/ဒဒရ(နိုင်)၀၈၃၀၈၅၊ ဦးသော်တာအောင် ၉/မထလ(နိုင်)၀၀၁၃၄၇၊ ဦးမျိုးသော်(ခ)ဦးဗိုလ်ဗိုလ်အောင် ၁၂/ဒဂမ(နိုင်) ၀၀၃၃၁၀ တို့မှ ကွယ်လွန်သူမိဘများသည် မိမိတို့မောင်နှမ (၃) ဦးသာမွေးဖွားကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(နှစ်)စောင်၊ မိခင်/ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း တင်ပြ၍ ဒေါ်သင်းသင်းအေး၊ ဦးသော်တာအောင်၊ ဦးမျိုးသော်(ခ)ဦးဗိုလ်ဗိုလ်အောင်တို့ထံမှ GP ရရှိသူ ဦးပြေဇင်ကို ၁၄/ဒဒရ(နိုင်)၁၄၆၅၄၇ မှ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် GP ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ မဟာရန်တံတိုင်း၊ ရေတွင်းရေကန် ဒါယကာကြီး**

**ဗိုလ်မှူးကြီးညို့ဝင်း (ငြိမ်း)**

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

ကိုမောင်ရေ… ကြိုးစားဖြတ်သန်းလာတာ (၁)နှစ်ရှိသွားပြီပေါ့နော်၊ ကိုမောင်ရဲ့ဇနီး၊ သားများအပေါ်ထားရှိတဲ့ ကြီးမားလှသော မေတ္တာတရားများကို နေ့စဉ်နှင့်အမျှ သတိရ အောက်မေ့လျက်ပါ။ ကိုမောင်ကိုရည်စူး၍ နေ့စဉ်၊ လစဉ် ကောင်းမှု အလှူဒါနများပြုလုပ်ခြင်း၊ (၁)နှစ်ပြည့်အလှူ သိမ်ဆောက်လုပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်နော်။ ကိုမောင် အေးချမ်း မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြု နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ချစ်ဇနီး - စိုးငယ်**
**ချစ်သားများ - ချမ်းမြေ့၊ ထူးထက်**

## ဗိုလ်မှူးဆောင်းမင်းထွန်း(ငြိမ်း)

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက ၁၁လမ်း၊ အမှတ်(၃၁၈/ ၃ A) နေ ဒုတိယဗိုလ်မှူးကြီးအောင်ကျည်ထွဏ်း(ငြိမ်း)-(ဒေါ်နုနုရည်)တို့၏သား၊ ဦးစောငြိမ်း-ဒေါ်ခင်အေးကြည်တို့၏ သားသမက်၊ ဦးရောထွန်း-ဒေါ်စောမြတ်မွန်၊ ဦးအောင်နိုင်ထွန်းတို့၏ အစ်ကို၊ ဒေါ်စောသီရိထက်-ဦးအောင်စိုးဦး၊ ဒေါ်စောကလျာအေး-ဦးကျော်သက်၊ ဒေါ်စောသက်နန်းအေး-ဦးနေထွန်းတို့၏မောင်၊ အစ်ကို၊ ဒေါ်စောသဉ္ဇာငြိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်စစ်မင်း(NIEC Secondary-1)၏ချစ်လှစွာသော ဖခင်သည် ၃၀-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၀ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပုလောမြို့နယ် အသင်း(ရန်ကုန်)

**ဦးမင်းသူ(ပုလော)**

**အသင်းဝင်အမှတ်- ၅၃၃**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၆၈နေ ဒေါ်ဖြူဖြူအေး ၏ခင်ပွန်းသည် ၃၀-၈-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းမှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။

**အမှုဆောင်အဖွဲ့**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဒေါ်နန်းလေးတင် LL.B,BNSC(Ygn)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**(ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန)**

**ဗဟိုကောင်စီဝင်၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ သူနာပြုသင်ကြားရေးဆိုင်ရာ တာဝန်ခံ ဆရာမကြီး ပင်လုံဆေးရုံများအုပ်စု**

**အသက်(၆၇)နှစ်**

နမ့်ခမ်းမြို့၊ နောင်စန့်ကုန်းရပ်နေ ဦးအိုက်မွန်- ဒေါ်ထွန်းဆာတို့၏ သမီး၊ (ဒေါ်နန်းရွှေရင်)၊(ဒေါ်နန်းကြာနု)၊ ဒေါ်နန်းစောရင်၊ ဒေါ်နန်းချစ်မေတို့၏ညီမ၊ ဦးထွန်းရီ၏ အစ်မ၊ တူ၊တူမ ၁၇ယောက်တို့၏အဒေါ်၊ မြေး ၂၅ယောက်တို့၏ အဘွားသည် ၃၀-၈-၂၀၂၀ရက် နံနက် ၁၀:၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၉-၂၀၂၀ ရက်တွင် ရေဝေးခရစ်ယာန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### မနောမယိဒ္ဓိပညာခွင်မှ

## ဆရာကြီး ဦးမင်းသူ(ခ)ဦးစိန်သ

**အသက်(၆၃)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်နေ (ဦးချစ်တင်-ဒေါ်မြရှိ)တို့၏သား၊ မြိတ်မြို့နယ်နေ (ဦးအေးကြွယ်-ဒေါ်တင်တင်ရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၆၈)နေ ဆရာမကြီး ဒေါ်ဖြူဖြူအေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ဆန်းမင်း(ခ)ကိုအောင်မြတ်-မဦးထွဋ်မွန်မွန်(ခ) မမေကိုး၊ ကိုစောထက်အောင်-မပွင့်ဖြူနှင်း၊ ကိုရဲညီညီထွဋ်-မလှယမင်းဖြူတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးလေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၀ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ဆေးရုံ ဒါယကာကြီး

## ဦးခင်မောင်ရှိန်

**( ဖွဲ့မြင့်မြတ်ထွန်း ရေကြောင်းပို့ဆောင်ရေး)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်ရေတွင်း(၂)ရပ်ကွက်၊ မာလာလမ်းသွယ်၊ အမှတ် ၆၁၅/Sနေ (ဦးသာဝင်း-ဒေါ်မြညွန့်)တို့၏သား၊ (ဦးတင်ဖေ)-ဒေါ်တင်သောင်းတို့၏သားသမက်၊ ဒေါ်ခင်နှင်းလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်သီဟဇော်(ခ) ကိုငယ်လေး-မခင်သန့်ဇင်(ခ)အဲမိလေး၏ချစ်လှစွာသောဖခင်၊ ဦးမောင်မောင်တင်-ဒေါ်ခင်မိုးမိုး(မြန်မာ့ဖွဲ့ ရေကြောင်းပို့ဆောင်ရေး)၊ ဒေါ်ခင်ဌေးရီ(ဖွဲ့မြင့်ထွန်းရေကြောင်း ပို့ဆောင်ရေး)၊ ဦးမောင်မောင်လွင်-ဒေါ်သန်းသန်းဝင်း(အောင်သီတာထွန်းရေကြောင်း ပို့ဆောင်ရေး)၊ ဦးမောင် မောင်ဇင်-ဒေါ်ခင်သီတာကျော်(ဖွဲ့မြင့်ထွန်းရေကြောင်းပို့ဆောင် ရေး)၊ ကိုတင်ထွန်းအောင်-မခင်သီတာဝင်း(ဝင်းလဲ့လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) တို့၏အစ်ကိုသည် ၂၉-၈-၂၀၂၀ရက်ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုဗိုလ်မှူးကြီးကျော်ငွေ(ငြိမ်း) (ကြည်း- ၇၄၁၆)

**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဆေးရုံရပ်ကွက် ၁လမ်းနေ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ (မစန်းစန်းဝေ)၊ (ဦးကျော်စန်းဝေ)-ဒေါ်ချယ်ရီဘငွေး၊ (ဦးကျော်စန်းဖေ)၊(ဦးကျော်စန်းငွေ)-ဒေါ်နန်းအေးအေးမြင့်၊ (ဦးကျော်စန်းဆွေ)-ဒေါ်နန္ဒာဝင်းဘော်၊ ဦးစိုးညွှန့်-ဒေါ်မေကျော်စန်း၊ ဦးမျိုးအောင်နိုင်-ဒေါ်ယုကျော်စန်းတို့၏ဖခင်၊မြေး ငါးယောက်၊ မြစ် တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၉-၈-၂၀၂၀ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ရက်(တနင်္လာနေ့)တွင် ဖြူးမြို့အနောက်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောအောင်စိန်(ခ)ဦးအောင်တင်

**အသက်(၈၉)နှစ်**

ကျိုက်မရောမြို့၊ ဖာသိမ်နေ (ဦးကောင်သာ-ဒေါ်အိမ်တော)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်နန်းမူဒီး၏ခင် ပွန်း၊ ဒေါ်ရင်ရင်ဌေး(ခေတ္တ- ဩစတြေးလျ)၊ ဦးစောဝင်းဌေး(ခေတ္တ -အမေရိကန်)၊ ဦးမောင်ညို-ဒေါ်ရင်ရင်သန်း(ခေတ္တ -မလေးရှား)၊ ဦးစောဝင်းငြိမ်း(ခေတ္တ-ဩစတြေးလျ)၊ ဦးမင်းဇော်-ဒေါ်ရင်ရင်မြင့်(ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃၀-၈-၂၀၂၀ရက် နံနက် ၁၀:၅၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆံ့ဆေးရုံကြီး ၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆံ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးကြိုင်

**အသက်(၈၃)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့၊ သီရိရပ်ကွက်နေ (ဦးလူထွား-ဒေါ်ချစ်မှီ)တို့၏သမီး၊ (ဦးတင်ဝင်း)(Compounder)၏ဇနီး၊ (ဦးဂျော်နီဝင်း)(ဦးစီးမှူး ရေအရင်းအမြစ်ဦးစီးဌာန)၊ ဒုတိယရဲမှူးကြီး ဇော်လင်း (အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး)-ဒေါ်တင်တင်ခိုင် (အထက်တန်းပြ-ငြိမ်း)တို့၏မိခင်သည် ၃၀-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၀၅နာရီတွင် ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၃၇၊ လေးလွှာ)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၂၀ရက် (စနေနေ့)တွင် အထက်ပါ ကြည့်မြင်တိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဆောင်းမင်းထွန်း(ငြိမ်း)

**အသက်(၅၁)နှစ်**

ဒေါ်စောသဉ္ဇာငြိမ်း၏ခင်ပွန်း ဗိုလ်မှူးဆောင်းမင်းထွန်း(ငြိမ်း)သည် ၃၀-၈-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)**
**သူငယ်ချင်းများနှင့် မိသားစုများ**

### ဘုရား ဒါယကာကြီး

## ဦးအောင်သူရ(ခ)ကိုပေါက် အသက်(၅၃)နှစ်

**အငယ်တန်းသတင်းထောက်**

**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**

မန္တလေးမြို့၊ နန်းရှေ့၊ အကွက်(၁၆)၊ ဒေါနဘွားရပ်နေ ဦးချစ်သောင်း-ဒေါ်ကြည်စိန်တို့၏သား၊ နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဦးခင်မောင်-ဒေါ်သိန်းသိန်းတို့၏ သားသမက်၊ (ကိုတိုးတိုး)၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့်ခိုင်(မြင့်မြတ်သူ အုတ်၊ ထုံး၊ သဲ၊ ကျောက် ရောင်းဝယ်ရေး)တို့၏ညီ၊ ဒေါ်နွယ်နွယ်ခိုင်(မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)၊ (ကိုညီညီ)တို့၏အစ်ကို၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြနန္ဒာဝန်ထမ်းအိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၂၀၄)နေ မောင်ဟန်ထွန်း(နောက်ဆုံးနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မမြမင်းအေး(MIIT)၊ မောင်ထင်လင်းတို့၏ဖခင်၊ ဒေါ်အိအိဝင်း(ရုံးအုပ်၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်သူရ(ခ) ကိုပေါက် အသက် (၅၃)နှစ်သည် ၃၀-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် နန်းရှေ့ အကွက် (၁၆)၊ ဒေါနဘွားနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မနှင်းဝတ်ရည်လွင် အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၇နေ ဦးတင်ကြိုင်-ဒေါ်ဖြူဖြူလွင် တို့၏သမီး၊ ဒေါက်တာ မင်းဗိုလ်ဗိုလ်ဦး၏ညီမသည် ၂၉-၈-၂၀၂၀ရက် (စနေနေ့)နံနက် ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့်နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ(အောင်လံ)

**အသက်(၉၂)နှစ်**

အောင်လံမြို့၊ကန်ကြီးရပ်၊ ကမ်းနားလမ်းနေ ဦးသိန်း၏ ဇနီး၊ ဦးတင်ထွန်းတာ-ဒေါ်ခင်ခင်ဦး၊ ဗိုလ်မှူးကြီးခင်မောင်ထွန်း-ဒေါ်တင်တင်စိုး၊ ဒေါ်သိန်းသိန်းဌေး(ခ)မသီတာတို့၏ ချစ်လှစွာသောမိခင်၊ ဗိုလ်မှူးသက်နိုင်(ငြိမ်း)-ဒေါ်ထက်ထက်ဦး၊ ဗိုလ်ကြီးထွန်းလင်းမိုး-ဗိုလ်ကြီးခိုင်ခိုင်ကျော်၊ ကိုထွန်းပြည့်စိုး(2/E)- ဒေါက်တာယမင်းစိန်သန်း၊ ဒုရဲမှူးရဲထွန်းနောင်၊ မမီမီစိုးထွန်း(ခေတ္တ-စင်ကာပူ)တို့၏ အဘွား၊ မောင်ရဲထက်နိုင်၊မောင်လင်းခန့်ရှိန်တို့၏ ဘွားဘွားကြီးသည် ၂၈-၈-၂၀၂၀ရက်(သောကြာနေ့)၁၂:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၂၀ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်လှ(အောင်လံ)

**အသက်(၉၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးခင်မောင်ထွန်း-ဒေါ်တင်တင်စိုးတို့၏မိခင် အောင်လံမြို့၊ ကံကြီးရပ်၊ ကမ်းနားလမ်းနေ ဒေါ်ခင်လှသည် ၂၈-၈-၂၀၂၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဒေါ်နုနု(စာပေဗိမာန်-အငြိမ်းစား)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ရွှေသွေးလမ်း၊ အမှတ် ၄၈၃နေ (ဦးမြစိန်-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ (ဦးထွန်းကြည်)၏ဇနီး၊ (ဦးကျော်နိုင်ဦး)၊ ဒေါ်သင်းသင်းခိုင်၊ ဦးကျော်စိုး-ဒေါ်တင်မိုးဆွေတို့၏ မိခင်၊ မောင်ကောင်းခန့်ကျော်၊ မောင်သူရကျော်စိုးတို့၏ အဘွားသည် ၂၉-၈-၂၀၂၀ရက်(စနေနေ့)ညနေ ၆:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၂၀ရက် (သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးလှရီ

**ဆောက်/လျှပ် (ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်(၃)လမ်း၊ အမှတ်(31/3) နေ ဒေါ်ငွေးရီ (ဆောက်/လျှပ်-ငြိမ်း)၏ခင် ပွန်း၊ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းဦး(အပတ်စဉ်-၄၁၊ မေမြို့စစ်တက္ကသိုလ်)-ဒေါ်လဲ့လဲ့သွယ်တို့၏ ဖခင်၊ မောင်ဉာဏ်လင်းထက်၏ အဘိုးသည် ၂၈-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍၃-၉-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးပြည်အေး

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၁)လမ်း၊ အမှတ်(၈)နေ (ဦးကျင်သိန်း-ဒေါ်စိန်တင့်)တို့၏ သား၊ (ဦးခင်-ဒေါ်လှလှ)တို့၏ သားသမက်၊ ဒေါ်ဝင်းဝင်းအေး၏ခင်ပွန်း၊ ကိုအောင်နိုင်-မထက်ထက်ဝင့်နိုင်၊ ကိုရန်လင်းမြင့်-မဇာခြည်ဝင်းနိုင်၊ ကိုညွှန့်ဝင်း-မဇင်မာဝင့်နိုင်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၈-၂၀၂၀ရက် (စနေနေ့) ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးဇော်ဝင်းထွန်း

**ဗဟန်းမြို့နယ်ဥပဒေအရာရှိ(ငြိမ်း)**

**ဇေယျ ၅၉/၆၀**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၁၅၊ A-3)နေ ဦးဇော်ဝင်းထွန်းသည် ၂၈-၈-၂၀၂၀ရက် နံနက် ၇:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇေယျ ၅၉/၆၀ မှ ဥပဒေအရာရှိများ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၃၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၇၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၄၁၉) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၆၄) ခု
- စုစုပေါင်း (၁,၂၅၃)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၆) ဦး တွေ့ရှိရပါသည်။

၂။ (၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇၇၅) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူအသစ် (၁) ဦး (Case-361) ရှိသဖြင့် စုစုပေါင်း (၃၅၂) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၄၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၉-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၀-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၅၃) ဦး ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၃၀-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၇၀) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၁၉) ခု |
| (၃၀-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂၆) ဦး |

*စာမျက်နှာ ၁၈ ကော်လံ ၁* ✤

## ရောဝတီနှင့် ဝေါန် မြစ်ရေကြီးမှုအခြေအနေ

### ဟင်္သာတ၊ ဇလွန်၊ ဆိပ်သာနှင့် ငါးသိုင်းချောင်းမြို့များ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရောဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ●

## နေရပ်ပြန် မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဩဂုတ် ၃၀**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်ရန် အီရတ်နိုင်ငံမှလာရောက်သည့် MV EZ Fortuna သင်္ဘောပေါ်မှ သင်္ဘောသားခြောက်ဦးနှင့် စင်ကာပူနိုင်ငံမှလာရောက်သည့် MV Inca Queen သင်္ဘောပေါ်မှ သင်္ဘောသား ၂၀ တာဝန်ပြီးဆုံး၍ ထွက်လာရာ ယမန်နေ့ညနေပိုင်းက မြို့မဆိပ်ကမ်းမှ တစ်ဆင့်ကော့သောင်းမြို့သို့ဝင်ရောက်လာပြီး ဟိုတယ်၌ အသွားအလာကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ တာဝန်ပြီးဆုံး၍ ထွက်လာသည့် အဆိုပါမြန်မာသင်္ဘောသား ၂၆ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MV EZ Fortuna သင်္ဘောပေါ်သို့ တာဝန်ထမ်းဆောင်ရန် တက်ရောက်မည့်

*စာမျက်နှာ ၁၇ ကော်လံ ၅* ❒



သင်္ဘောသားများအား စစ်ဆေးနေသည်ကို တွေ့ရစဉ်။

## ပြင်ဦးလွင်နှင့် မိုင်းဖြတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

စာ ➤ ၁၁

..............................

## တရုတ်နိုင်ငံမြောက်ပိုင်းတွင် စားသောက်ဆိုင်ပြိုကျမှုဖြစ်ပွားခဲ့ရာ ၂၉ ဦး သေဆုံး

စာ ➤ ၁၃

## ညောင်တုန်းမြို့၌ နေအိမ်မှ ပြင်ပသို့ထွက်ခွာရာတွင် နှာခေါင်းစည်း မတပ်ဆင်ပါက ယခုဝယ်၊ ယခုတပ် စနစ်ဖြင့် ဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၃၀**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်မှုမရှိစေရေးအတွက် နေအိမ်မှ ပြင်ပသို့ ထွက်ခွာသူများ နှာခေါင်းစည်း မတပ်ဆင်ပါက “ယခုဝယ်၊ ယခုတပ်” စနစ်ကို ယနေ့ နံနက် ၈ နာရီက စတင်ဆောင်ရွက်သည်။

ညောင်တုန်းမြို့နယ်တွင် ရောဝတီတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားချက်အရ ပြည်သူများ အနေဖြင့် မဖြစ်မနေ နေအိမ်ပြင်ပသို့ သွားလာရမည်ဆိုပါက ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများကို တပ်ဆင်ကြရမည်ဖြစ်ပြီး နှာခေါင်းစည်း မတပ်ဆင်ဘဲ နေအိမ်ပြင်ပသို့ သွားလာသူများကို မြို့နယ်စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီက ဩဂုတ် ၃၀ ရက်မှစတင်၍

*စာမျက်နှာ ၁၇ ကော်လံ ၅* ❖




## ဗလင်စီယာမှ ရိုဒရီဂိုကို တန်းတက်လိဒ်စ် စာချုပ်ခေါ်ယူ

တန်းတက်လိဒ်စ်ယူနိုက်တက်အသင်းသည် စပိန်ကလပ် ဗလင်စီယာအသင်းထံမှ စပိန်တိုက်စစ်ကစားသမား ရိုဒရီဂိုကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်း (ယူရို ၂၉ သန်း) ဖြင့် စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ရိုဒရီဂိုသည် နည်းပြ မာဆယ်လို ဘီယဲဆာ၏ လိဒ်စ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ လိဒ်စ်အသင်းသည် ကစားသမားဝယ်ယူရာ၌ ယခင်စံချိန်တင်ထားသည့် ကစားသမားမှာ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ရီယိုဖာဒီနန်ဖြစ်ပြီး ၎င်းကို ၂၀၀၀ ပြည့်နှစ်တွင် ဝက်စ်ဟမ်းအသင်းထံမှ ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၈ သန်းဖြင့် ခေါ်ယူခဲ့သည်။ ဖာဒီနန်သည် လိဒ်စ်အသင်းတွင် နှစ်ရာသီကြာကစားခဲ့ပြီး ပြိုင်ပွဲအရပ်ရပ် ၄၁ ပွဲ ပါဝင်ကစားခဲ့ပြီးနောက် ၂၀၀၂ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လိဒ်စ်အသင်းသည် ပရီမီယာလိဂ်နှင့် ၁၆ နှစ်ကြာ ဝေးကွာပြီးနောက် ယခုနှစ်တွင်မှ ပရီမီယာလိဂ်သို့ တစ်ကျော့ပြန် တန်းတက်ခွင့်ရရှိခဲ့သည့် အသင်းဖြစ်သည်။ ဘရာဇီးနွယ်ဖွား ရိုဒရီဂိုသည် စပိန်အသင်းနှင့် ၎င်း၏ ပွဲဦးထွက်ကို ၂၀၁၄ ခုနှစ်တွင် ကစားခဲ့ပြီး စပိန်အသင်းအတွက် ၂၂ ပွဲတွင်

*စာမျက်နှာ ၁၁ ကော်လံ ၅* ❍